



သိုင်းရာဇာနှင့် သံမဏိငှက် ၅

...သတ်ဖြတ်သုတ်သင်နေဘည်ဆိုသည့်

...သာကမှ ထိပ်တန်း သိုင်းပညာရှင်
...နက်ရောင် ဒုစရိုက်ဂိုဏ်းကြီး လက်
... ယခု ထိုအနက်ရောင် ဒုစရိုက်
...ီးမားလာပြီး သိုင်းလောကကို
ကွဲထားချေ့ ရှိနေသည်။
... ချစ်မြတ်နိုးကြသည့် ...
... သစ္စာ သမာဓိ သတ္တိနှင့်
...ခင်ထံ လာရောက်တော်ကာအ...

သိုင်းရာဇာနှင့် သံမဏိငှက် ၉

...တ်ဖြတ်သုတ်သင်နေသည်ဆိုသည့်

...ကမှ ထိပ်တန်း သိုင်းပညာရှင်
...နက်ရောင် ဒုစရိုက်ဂိုဏ်းကြီး လက်
... ယခု ထိုအနက်ရောင် ဒုစရိုက်
...ီးမားလာပြီး သိုင်းလောကကို
...ကျာများ ရှိနေသည်။
... ချစ်မြတ်နိုးကြသည့် အဖြူ
... သစ္စာ သမာဓိ သတ္တိနှင့်
...ခင်ထံ လာရောက်တိုင်ကားသ...

(၄၅)

စာပေသမားဝမ်ဝေယန်နှင့် ဖေးလွှမ်တို့က နေပြည်တော်တွင် ယွန်ထိုင်မြို့ 'အန်းလု'မိသားစု အသတ်ခံရမှုနှင့်ပတ်သက်ပြီး ရှင်းပြခဲ့ကြပြီးနောက် ဖေးလွှမ်၏ကြယ်နီဂိုဏ်းသို့ ခရီးထွက်ခဲ့ကြသည်။ ကြယ်နီဂိုဏ်းသို့ ရောက်လာခဲ့ကြပြီးနောက် အနားယူလိုက်ကြသည်။ ညဘက်ရောက်သောအခါ ဖေးလွှမ်က ဝမ်ဝေယန်အား မေးမြန်းလိုက်သည်။

ဝမ်ဝေယန်၏ နောက်ကြောင်းများနှင့် ပတ်သက်၍ဖြစ်၏။ ဝမ်ဝေယန်က သူ၏နောက်ကြောင်း အဖြစ်အပျက်များကို ဖေးလွှမ်အား ပြောပြလိုက်လေသည်။

• • •

မိုးဆမ်းပန်းစာပေ

...တ္တိနှင့်ပြည့်စုံကာအများ
...သမားကြီး တစ်ယောက်
...ာ ရွှေဖြူဓား ဝမ်စီမင်
...၏ဇနီးမှာ ကြိုးကြာမယ်

...ကြာမယ် လျှန်းလျှန်းတို့တွင်
...၏။ သားကလေး၏နာမည်ကို
...ပေးထားကြသည်။

...င်းတစ်ခုခု ပေါ်ပေါက်လာ
...က သိုင်းလောကသားများ... သစ္စာသမာဓိနှင့် ပြည့်စုံ
...သည့် ရွှေဖြူဓား ဝမ်စီမင်ထံ ... လာရောက် တိုင်ပင်... မျ...
သည်။

ရွှေဖြူဓား ဝမ်စီ၏ဇနီး ကြိုးကြာမယ် လျှန်းလျှန်းမှာလည်း အဖြူရောင် သိုင်းပညာရှင်တစ်ယောက်ပင် ဖြစ်၏။ သူတို့ဇနီး မောင်နှံ နှစ်ယောက်ကသာ သားကလေး ဝမ်ဝေယန်ကို ငယ်စဉ် ကတည်းကပင် သိုင်းပညာများ သင်ကြားပေးခဲ့သည်။

ယခု ဝမ်ဝေယန်၏အသက်အရွယ်မှာ ဆယ်နှစ်သားသို့တိုင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တစ်နေ့တွင် သူတို့အိမ်သို့ သိုင်းလောကသားများ ရောက်ရှိလာကာ သိုင်းလောကမှ ကြုံတွေ့နေရသော ပြဿနာတစ်ရပ်ကို တင်ပြဆွေးနွေးကြသည်။

သိုင်းလောကတွင် ယခုတစ်လော ဒုစရိုက် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းက အတော်ကလေး ထကြွသောင်းကျန်းနေပြီး အဖြူ





ရောင်သိုင်းသမားများကို သတ်ဖြတ်သုတ်သင်နေသည်ဆိုသည့် အကြောင်းပင်ဖြစ်သည်။

အဖြူရောင် သိုင်းလောကမှ ထိပ်တန်း သိုင်းပညာရှင် အတော်များများမှာ ထိုအနက်ရောင် ဒုစရိုက်ဂိုဏ်းကြီး လက်ချက်ကြောင့် ကျဆုံးခဲ့ကြရ၏။ ယခု ထိုအနက်ရောင် ဒုစရိုက် သိုင်းဂိုဏ်းကြီးမှာ အင်အားကြီးမားလာပြီး သိုင်းလောကကို ဖျက်ဆီးပစ်တော့မည့် အရိပ်လက္ခဏာများ ရှိနေသည်။

ထို့ကြောင့် သိုင်းလောကကို ချစ်မြတ်နိုးကြသည့် အဖြူရောင် သိုင်းလောကသားများက သစ္စာ သမာဓိ သတ္တိနှင့် ပြည့်စုံသည့် ရွှေဖြူဓား ဝမ်စီမင်ထံ လာရောက်တိုင်ကာအကူ ညာဏ်တောင်းခံကြခြင်းပင် ဖြစ်ပေတော့သည်။

ရွှေဖြူဓား ဝမ်စီမင်မှာ ထိုအကြောင်းများကို သိလိုက်ရလျှင် သိုင်းလောကအတွက် အထူးပင် စိုးရိမ်ပူပန်သွားမိရသည်။ သူက ချက်ချင်းပင် ရွှေခင်လင်၊ ဝူဘန်၊ ဝူမိန်၊ ထိုက်ကျီ၊ ခွန်လွန် စသော သိုင်းဂိုဏ်းကြီးများမှ ကြီးအကဲများနှင့်တွေ့ဆုံကာ ထိုအနက်ရောင် ဒုစရိုက်ဂိုဏ်းကြီးနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးလိုက်သည်။

သိုင်းလောကတွင် ဆိုးသွမ်းမင်းမူနေသော အနက်ရောင် ဒုစရိုက်ဂိုဏ်းကြီးမှာ ဓားစကြာဂိုဏ်းပင်ဖြစ်သည်။

ဓားစကြာဂိုဏ်းချုပ်ကြီးမှာ မာယာင်ချုံးဖြစ်ပြီး အလွန်ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ပင်ဖြစ်၏။

ဓားစကြာဂိုဏ်းမှာ အနက်ရောင်သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်ပြီး ဒုစရိုက်သမားပေါင်း မြောက်မြားစွာဖြင့် အခိုင်

အမာ ဖွဲ့စည်းထားသော သိုင်းဂိုဏ်းကြီးလည်း ဖြစ်ပေတော့သည်။

လူအင်အားကောင်းသလို စည်းကမ်းကြီးကာ ဂိုဏ်းမှ သစ္စာဖောက်သူများနှင့် တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်လျှင် ရက်စက်စွာ အပြစ်ပေးလေ့ရှိတတ်၏။

ယခုအခါ ဓားစကြာသိုင်းဂိုဏ်းကြီးသည် သိုင်းလောကကို ဝါးမျိုကာ လက်ဝါးကြီးအုပ်ရန် ကြံစည်လျက် ရှိနေ၏။ သိုင်းလောကတစ်ခုလုံး ဓားစကြာလက်အောက်သို့ ကျရောက်ကာ ဩဇာခံ လက်အောက်ခံဘဝသို့ ရောက်စေရန် ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးသည် အသက် ငါးဆယ်ကျော်ပြီဖြစ်ကာ ဝပိုင့်သောကိုယ်လုံးကြီး ရှိ၏။ သူ၏ လက်နက်မှာ ရွှေသံကွင်းဖြစ်သည်။

ရွှေသံကွင်းကို အသုံးပြုကာ မာယင်ချုံးက အဖြူရောင် သိုင်းလောကမှ ထိပ်သီးအတော်များများကို ချေမှုန်းပစ်ခဲ့ပြီးလေပြီ။

မာယင်ချုံးသည် သွေးအေးနှင့် ရက်စက်သူတစ်ယောက် ဖြစ်သလို သိုင်းပညာကိုလည်း အဆင့်မြင့်စွာ စံနစ်တကျ တတ်ကျွမ်းထားသူတစ်ယောက်လည်း ဖြစ်ပေသည်။

မာယင်ချုံးသည် သိုင်းလောက တစ်ခုလုံးကို သူ့လက်အောက်သို့ ရောက်လာစေရန် စံနစ်တကျ စီစဉ်ထား၏။





သူ၏ဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်မခံသည့် အဖြူရောင် သိုင်းလောကမှ သိုင်းသမားများကို သူကရဲ့ဆို တစ်ခါတည်း ပို့ပစ်လေ့ရှိတတ်၏။

မာယင်ချုံး၏ တပည့်တပန်း သိုင်းသမားများ၊ ဂိုဏ်းခွဲမှူးများကလည်း ဆရာသခင်ကဲ့သို့ပင် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြ၏။

ဓားစကြာဂိုဏ်း၏တည်နေရာမှာ ဟွမ်ဟိုမြစ်ကမ်းနဖူးပေါ်တွင် တည်ရှိနေ၏။ မတ်စောက်လှသော ချောက်ကမ်းပါးကြီး အထက်တွင် ကြီးမားသောရဲတိုက်ကြီးတစ်လုံးက ရှိနေ၏။

လေက တဟူးဟူးတိုက်ခတ်နေသလို ရေလှိုင်းလုံးကြီးများကလည်း တဝုန်းဝုန်း ရိုက်ခတ်လျက်ရှိနေ၏။ မတ်စောက်လှသော ချောက်ကမ်းပါးကြီးထက်မှ ရဲတိုက်ကြီးမှာ ဓားစကြာရဲတိုက်ကြီးပင် ဖြစ်ပေတော့၏။

ဓားစကြာရဲတိုက်ကြီးမှာ ကြီး ကျယ် ခမ်း ညား လှ ပြီး အဆောင်ဆောင် အနန်းနန်းဖြင့် လက်ရာမြောက်စွာ ဆောက်လုပ်ထားသော ရဲတိုက်ကြီးပင် ဖြစ်ပေတော့၏။ ဓားကြာရဲတိုက်ကြီး၏ မြေအောက်လမ်းမှ ဖောက်ထွက်သွားလျှင် ချောက်အောက်ရှိဟွမ်ဟိုမြစ်ဆိပ်သို့တိုက်ရိုက်ရောက်ရှိသွားနိုင်ပေသည်။

ထို့ကြောင့် ဟွမ်ဟိုမြစ်ကမ်းဆိပ်တွင်လည်း ဓားစကြာဂိုဏ်းသားများက အမြဲစောင့်ကြပ်လျက် ရှိနေကြ၏။ ဓားစကြာရဲတိုက်ကြီးမှာ အစောင့်အကြပ်ထူပြောကာ ရန်သူများ ဖြုံးခနဲ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုနိုင်ပါချေ။

ဓားစကြာရဲ့တိုက်ကြီးမှာ နေရာကောင်းသလို ခံတပ်မြို့ကြီး တစ်ခုပမာ ဖြစ်ပေါ်နေ၏။ တော်ရုံတန်ရုံ သိုင်းသမားများ ရဲ့ တိုက်အနီးသို့ မကပ်နိုင်သလို ရဲတိုက်အတွင်းသို့ ဝင်ရောက်သွား ပါကလည်း ပြန်ထွက်ခွာနိုင်ရန် လမ်းစမရှိပါချေ။ မည်သို့ပင် ဖြစ်စေ ဓားစကြာရဲ့တိုက်၏ ဒုစရိုက်ဂိုဏ်းကတော့ တစ်နေ့တခြား ကြီးထွားလျက်ရှိနေပေတော့၏။

• • •

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးသည် နဂါးရုပ်ထိုး ထားသော အဝါရောင်ဝတ်ရုံလွှာကြီးကိုလွှမ်းခြုံကာ ကျောက် စိမ်းကုလားထိုင်ကြီးထက်တွင် ခန့်ညားစွာ ထိုင်လျက်ရှိနေပေ ၏။

သူ၏ တစ်ဘက်တစ်ချက်တွင် မိန်းမချောလေးများက တစ် ဘက်တစ်ချက် ခြံရံကာ ရပ်နေလျက်ရှိနေကြ၏။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာ နဖူးပြောင် ပြောင် မျက်နှာမှာ အဆီယင်ကာ မေးစေ့က နှစ်ထပ်ဖြစ်နေ ၏။ မျက်လုံးများမှာ ခပ်မှေးမှေးဖြစ်၏။

ကိုယ်လုံးကြီးမှာ ဝဖိုင့်ကာ ဝက်ကြီးတစ်ကောင် ထိုင်နေသ ကဲ့သို့ ရှိနေ၏။ သူ၏ရှေ့ ကျောက်စိမ်းစားပွဲကြီးထက်တွင် အရက်အိုးများ အရက်ခွက်များ ဟင်းပွဲများက စုံလင်စွာရှိနေ ၏။

ခန်းမဆောင်ကြီးအတွင်း နံရံများတစ်လျှောက်တွင် ဓား စကြာဂိုဏ်းသားများက ကျောက်ရုပ်များအလား စီတန်းငြိမ်-





သက်စွာ ရပ်နေကြ၏။ ထိုသူများက ဂိုဏ်းချုပ်ကြီး မာယင်ချုံး ကသာ သေဆိုသေ၊ ရှင်ဆိုရှင် ကျွန်သဘောက်များ ဖြစ်ကြ၏။

ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးနှင့် မျက်နှာချင်းဆိုင် တွင် ဂိုဏ်းခွဲမှူးများ၊ ဂိုဏ်းသားများက အုပ်စုနှစ်စုခွဲကာ ရှိ နေကြ၏။

‘ဒူ’

ပြင်ဘက်မှ မောင်းသံတစ်ချက်ထွက်ပေါ်လာပြီးနောက် ဓားစကြာဂိုဏ်းသားအချို့က ခန်းမဆောင်ကြီး အတွင်းကို ဝင်ရောက်လာကြ၏။ ဓားစကြာဂိုဏ်းသား တစ်ယောက်က လက်ထဲတွင် သေတ္တာတစ်လုံး ကိုင်ဆောင်လာ၏။

ထိုသူများက အတွင်းသို့ ဝင်ရောက်လာကာ ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးအား ဦးညွှတ်အရိုအသေပြုလိုက်ကြ ၏။ မာယင်ချုံးက မျက်မှောင်ကြုတ်လိုက်ကာ....

‘သေတ္တာကို ဖွင့်လိုက်စမ်း’

သေတ္တာကိုင်ဆောင်လာသူက သေတ္တာအဖုံးကို ဖွင့်ပြလိုက် ၏၊ အတွင်းတွင် ခေါင်းပြတ်ကြီးတစ်ခုသာ ရှိနေ၏။ ခေါင်း ပြတ်ကြီးမှာ မျက်လုံးပြူးကျယ်နေကာ နှုတ်ခမ်းထောင့်မှ သွေးများက ခြောက်ကပ်နေ၏။

မာယင်ချုံးက ခေါင်းပြတ်ကြီးကို ကျေနပ်အားရစွာဖြင့် ကြည့်လိုက်ကာ စူးရှခက်ထန်သောလေသံဖြင့်....

‘ကောင်းတယ် ငါ့ကို အာခံချင်တဲ့ကောင် ဒီလိုအဖြစ်မျိုး ရောက်မှကောင်းတယ်၊ နောက် ဘယ်သူကျန်သေးသလဲ၊ ငါ့ကို အာခံဘော်လှန်ချင်တဲ့ကောင် ဘယ်သူရှိသေးသလဲ’

ဓားစကြာဂိုဏ်းသားက သေတ္တာအဖုံးကို ပြန်ပိတ်လိုက်ပြီး—

'ရွှေဖြူဓား ဝမ်စီမင်တစ်ယောက်တော့ ကျန်ပါသေးတယ်ခင်ဗျား'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက မျက်မှောင်ကြုတ်လိုက်ကာ....

'ရွှေဖြူဓား ဝမ်စီမင်လား၊ ဒီကောင် အင်မတန်ခေါင်းမာတဲ့ကောင်ပဲ၊ သူ့မိန်းမက ဘယ်သူ ကြိုးကြာမယ် လျှန်းလျှန်း မဟုတ်လား၊ သူတို့ကို အမြန်ဆုံး စည်းရုံးပါ၊ မရရင် ထုံးစံအတိုင်းလုပ်ပါ၊ ဒီကောင်ခေါင်းမာရင် သူ့ခေါင်း ယူလာခဲ့'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးက လက်ကို ဝေ့ယမ်း အချက်ပြလိုက်လျှင် ဓားစကြာဂိုဏ်းသားများက မာယင်ချုံးကို အရိုအသေပြုကာ သေတ္တာကို ပိုက်ပြီး ပြန်လည် ထွက်ခွာ သွားကြ၏။

မာယင်ချုံးက ဂိုဏ်းခွဲမှူးကြီး ချင်ကွမ်းရင်အား....

'ဂိုဏ်းခွဲမှူးကြီး၊ ရွှေဖြူဓား ဝမ်စီမင်ရဲ့ အခြေအနေက ဘယ်လိုလဲ၊ ကျုပ်တို့ဂိုဏ်းထဲမှာ ပါဝင်ဖို့ အနေအထား ရှိရဲ့လား'

ဂိုဏ်းခွဲမှူးကြီး ချင်ကွမ်းရင်က ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးအား အရိုအသေ ပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ရွှေဖြူဓားဝမ်စီမင်ကို ကြည့်ရတာ အတော် ခေါင်းမာမယ့် အရိပ်လက္ခဏာတွေ ရှိနေပါတယ်၊





သူ့ကို ဘယ်လိုမှ စည်းရုံး ခေါ်ဆောင်လို့ ရမှာ မဟုတ်ပါဘူး၊ သူက သိုင်းလောကမှာ သစ္စာသမာဓိသတ္တိသိုင်းသမား ဆိုပြီး နာမည်ကြီးနေတဲ့ သိုင်းပညာရှင်ကြီး တစ်ယောက် ဖြစ်ပါတယ်'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက တဟဲဟဲ ရယ်မောလိုက်ပြီး....

'ဒီကောင် မကြာခင်မှာ အသက်ပျောက်ရမှာပါ၊ ဂိုဏ်းခွဲမှူးကြီး ခင်ဗျားကိုယ်တိုင် ဓားစကြာတပ်ဖွဲ့ကို ခေါင်းဆောင်ပြီး ရွှေဖြူဓားဝမ်စီမင်ဆီကိုသွားပါ၊ ပြောမရရင်တော့ ထုံးစံအတိုင်းသာ စီရင်ခဲ့ပါ၊ ဒါမှသာ နောက်ထပ်သိုင်းသမားတွေ အာခံရဲမှာ မဟုတ်တော့ဘူး'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

ဂိုဏ်းခွဲမှူးကြီး ချင်ကွမ်းရင်က ဂိုဏ်းချုပ်ကြီး မာယင်ချုံးကို အရိုအသေ ပြုလိုက်ပြီး ဓားစကြာသိုင်းသမား တပ်ဖွဲ့ကို ခေါ်ဆောင်ကာ ခန်းမဆောင်ကြီးအတွင်းမှ ထွက်ခွာသွားလေ၏။ ဂိုဏ်းချုပ်ကြီးမာယင်ချုံးက ကျန်ဂိုဏ်းခွဲမှူး တစ်ယောက်ကို ခေါ်လိုက်ပြီး....

'ထင်းဟို၊ ဟိုတစ်လောက မင်းတို့ ဓားပြတိုက်လာခဲ့တဲ့ ရွှေငွေရတနာတွေကို အသေအချာသိမ်းထားပြီးပြီလား၊ စာရင်းကော ပြည့်စုံရဲ့လား'

စန်းဟိုဆိုသည့် ဂိုဏ်းခွဲမှူးက မာယင်ချုံးကို အရိုအသေ ပြုလိုက်ပြီး —

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ အားလုံးကို စာရင်း အတိအကျနဲ့ သိမ်းဆည်းထားပြီးပါပြီ ခင်ဗျာ'

မာယာင်ချုံးက မျက်မှောင် ကြုတ်လိုက်ပြီး....

'မင်းတို့ နောက်ထပ် ဘယ်နေရာကိုဝင်စီးမယ် စိတ်ကူးထားသလဲ'

'စီဖုံမြို့က ရွှက်လှေသူဌေးကြီး ဖူပန်ကြည်ရဲ့ စံအိမ်ကို ဝင်စီးဖို့ စီစဉ်ထားပြီးပါပြီ၊ ဒီရွှက်လှေသူဌေးကြီးကိုသာ ခေါးပြတိုက်ရရင်တော့ ကျွန်တော်တို့အတွက် ရွှေငွေ ရတနာတွေ အမြောက်အမြား ရလာနိုင်ပါတယ်'

မာယာင်ချုံးက သဘောကျဟာ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်း....

'အင်း ဒီအစီအစဉ်ကတော့ တကယ်ကို ကောင်းတဲ့ အစီအစဉ်ပဲ၊ စီဖုံမြို့က ရွှက်လှေသူဌေးကြီး ဖူပန်ကြည်ရဲ့ စံအိမ်ကိုသာ မင်းတို့ ပိုင်ပိုင်နိုင်နိုင် စီးမိမယ်ဆိုရင်တော့ မင်းတို့အတွက် ဝေစုတွေလဲ မနည်းလှ ရကြမယ်၊ ကိုင်း မင်းတို့ အစီအစဉ်အတိုင်း သွားပြီး ဆောင်ရွက်ကြပေတော့'

ထို နောက် ဂိုဏ်းခွဲမှူးများနှင့်ဂိုဏ်းသားများလည်း ဂိုဏ်းချုပ်ကြီး မာယာင်ချုံးကို အရိုအသေပြုကာ ခန်းမဆောင်ကြီးအတွင်းမှ အလျှိုအလျှို ထွက်ခွာသွားကြလေတော့၏။

ခါးစကြာ ဂိုဏ်းချုပ်ကြီး မာယာင်ချုံးက မိန်းမချော လေးများ ဌှပေးသည့် အရက်များကို အေးဆေးစွာ သောက်





နေလိုက်၏။ အတန်ကြာမှ သူက မိန်းမချောလေးများနှင့်အတူ အပြင်ဖက်သို့ ထွက်ခွာသွားတော့၏။

● ● ●

နေဝန်းနီသည် အနောက်ဖက်တောင်တန်းတောင်စွယ်များတွင် မေးတင်စ ပြုနေလေပြီ။ ဖျော့တော့တော့ အားနည်းသော နေခြည် အလင်းတန်းများက မြေပြင်ကို ရွှေရည်များ အလား ဖြန်းပက်လျက် ရှိနေ၏။

အိပ်တန်းတက်မည့် ငှက်များက ဆူညံစွာ ပျံဝဲလျက် ရှိနေကြ၏။ ထင်းရှူးတောင်ကုန်းထက်ရှိ အိမ်ကလေးမှာ မီးခိုးကလေးများ ထွက်လျက် ရှိနေ၏။

ဤသာယာလှသော ထင်းရှူးတောင်ကုန်းထက်ရှိ အိမ်ကလေးမှာ ရွှေဖြူမြား ဝမ်စီမင်၏ အိမ်ကလေး ဖြစ်သည်။ ကြိုးကြာမယ် လျှန်းလျှန်းက ညစာ ချက်ပြုတ်နေခြင်းပင် ဖြစ်ပေတော့၏။

ရွှေဖြူမြားဝမ်စီမင်က အိမ်ရှေ့ခန်းတွင် စာအုပ်တစ်အုပ်ကို ဖတ်နေပြီး သားကလေး ဝမ်ဝေယန်က အပြင်ဖက်တွင် ဆော့ကစားလျက် ရှိနေ၏။ ယင်းအချိန်မှာပင် တောင်ကုန်းထက်သို့ လူတစ်စု တက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်ဝေယန်က ထင်းရှူးပင်ကြီးကို ကွယ်ကာ ချောင်းကြည့်နေလိုက်၏။ ထိုလူစုသည် အိမ်ထဲဝင်သွားပြီး မကြာမီမှာပင် တိုက်ခိုက်သံများ ထွက်ပေါ်လာ၏။ နောက်ထပ် လူတစ်စု ရောက်ရှိလာကြပြန်ပြီး အိမ်ကလေးကို မီးရှို့ ဖျက်ဆီးလိုက်ကြ၏။

ပထမလူစုနှင့် ဒုတိယလူစုတို့သည် ပွဲပေါင်းတိုက်ခိုက်ကာ ရွှေဖြူစေား ဝမ်စီမင်နှင့် ကြိုးကြာမယ် လျှန်းလျှန်းကို ချေမှုန်း သုတ်သင်ပစ်လိုက်ကြခြင်းပင် ဖြစ်၏။

ဒုစရိုက်အနက်ရောင်သိုင်းသမားများ၏အင်အားမှာ အထူး များပြားသဖြင့် ရွှေဖြူစေား ဝမ်စီမင်နှင့် ဇနီး ကြိုးကြာမယ် လျှန်းလျှန်းတို့ ကျဆုံးသွားရခြင်းပင်ဖြစ်ပေ၏။

ဝမ်ဝေယန်မှာ မိဘများ ကျဆုံးကာ အိမ် မီးထဲပါသွားသည်ကို တွေ့လိုက်ရသည်နှင့် နေရာမှ ထွက်ပြေးလေတော့၏။ ဝမ်ဝေယန်မှာ ခြေဦးတည့်ရာသို့ထွက်ပြေးသွားခြင်းပင်ဖြစ်လေသည်။

သူသည် တောထဲသို့ရောက်သွားသော မသွားတတ် မလာတတ်နှင့် မျက်စိလည်နေမိ၏။

မိုးကလည်းချုပ်လာပြီဖြစ်၏၊ အမှောင်ထုက လွှမ်းမိုးလာသော ကျားရဲတိရစ္ဆာန်ကောင်ကြီးများ၏ အော်ဟစ်သံကြီးများ ဟိန်းသံကြီးများကို ကြားနေရ၏။

ဝမ်ဝေယန်မှာ တောနက်ကြီးအတွင်း စမ်းတဝါးဝါးနှင့် သွားနေမိ၏။

မကြာမီ တောထဲ တစ်နေရာတွင် မီးရောင်ကလေးတစ်ခု လင်းလက်နေသည်ကို တွေ့မြင်လိုက်ရ၏။

သူက ဝမ်းသာအားတက်သွားပြီး မီးရောင်ကလေး ထွက်ပေါ်နေရာဆီသို့ လျှောက်သွားကြည့်လိုက်၏။ မီးရောင်ကလေးမှာ အိမ်ကလေးတစ်လုံးအတွင်းမှ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။





အိမ်ကလေးအတွင်းတွင် အဘိုးအိုနှစ်ယောက် ရှိနေကြလေသည်။

အဘိုးအိုတစ်ယောက်က ဝမ်ဝေယန်ကို တွေ့မြင်လိုက်ရလျှင် မောင်းနှင်ထုတ်လိုက်၏၊ တစ်ယောက်ကမူ ဝမ်ဝေယန်ကိုထွက်မသွားရန် ပြောလိုက်၏။

အဘိုးအိုတစ်ယောက်က သူ့အဖော်အား....

'ကောင်းချူ ကောင်လေးကြည့်ရတာ သနားပါတယ်၊ ရုပ်ရည်က သန့်သန့်ပြန့်ပြန့်ပါပဲ၊ ဒုက္ခ ရောက်လာတယ် ထင်ပါတယ်...'

ကောင်းချူဆိုသော အဘိုးအိုက...

'ဟာ မဖြစ်ပါဘူးကွာ၊ ငါဟာ ခြေနှစ်ချောင်း လက်မခံဘူးလို့ အနှံ့ ကြွေးကြော် ချထားတာကွ၊ ဒီကောင်လေးကို လက်ခံလို့မဖြစ်ဘူး၊ မိုယွင် မင်း ကြည့်လုပ်ကွာ၊ ငါကတော့ သိပ်လက်ခံချင်ဘူး'

မိုယွင်ဆိုသော ပိန်ပိန်ပါးပါးအဘိုးအိုက ဝမ်ဝေယန်အား အိမ်ထဲသို့ ခေါ်လိုက်ပြီး...

'ကလေး မင်းနာမည်က ဘယ်သူလဲ'

'ကျွန်တော့်နာမည်က ဝမ်ဝေယန်ပါ ဘဘ'

မိုယွင်ဆိုသော အဘိုးအိုက မျက်ခုံးနှစ်ဖက်မြင့်လိုက်ကာ....

'ဟေ မင်းနာမည်က ဝမ်ဝေယန်တဲ့လား၊ မင်းမိဘတွေက ဘယ်သူတွေလဲ'

'ကျွန်တော့်ဖေဖေက ဝမ်စီမင်ပါ၊ မေမေက လျှန်းလျှန်းပါ...'

ဝမ်ဝေယန်၏ စကားကြောင့် အဘိုးအို နှစ်ယောက်စလုံး တအံ့တသြဖြစ်သွားကြရ၏။ မိုယွင်က မျက်လုံးအစုံ ပြူးကျယ်သွားရင်း ...

'ရွှေဖြူဓား ဝမ်စီမင်နဲ့ ကြိုးကြာမယ် လျန်းလျန်း ဆိုတာ မင်း မိဘတွေလား၊ သူတို့ဟာ အဖြူရောင် သိုင်းသမားတွေပဲ'

'ဟုတ်ပါတယ် ဘဘ'

'မင်းက ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်လာရတာလဲ'

ဝမ်ဝေယန်မှာ သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အဘိုးအိုနှစ်ယောက်အား ပြန်လည်ပြောပြလိုက်၏။

ဝမ်ဝေယန်၏ စကားများအဆုံးတွင် ကောင်းချို ဆိုသော အဘိုးအိုက....

'ဟာ ဒီအတိုင်းဆိုရင် ရွှေဖြူဓားဝမ်စီမင်နဲ့ ကြိုးကြာမယ် လျန်းလျန်းတို့ ရန်သူ့ လက်ချက်ကြောင့် ကျဆုံးကုန်ကြပြီပေါ့၊ ဒီရန်သူဟာ အရှတစ်လော အင်မတန်ဆိုးသွမ်းပြီး အင်အားကြီးမားလာတဲ့ ဓားစကြာဂိုဏ်းနဲ့ ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးရဲ့လက်ချက်ပဲ ဖြစ်ရမယ်၊ ငါတို့ထောင် သူတို့ ရန်ကြောင့် ဒီတောထဲမှာ လာရှောင်နေရတာပဲကြည့်'

မိုယွင်ဆိုသောအဘိုးအိုက ဝမ်ဝေယန်အား....

'မင်း အခု အသက်ဘယ်လောက်လဲ'

'ကျွန်တော် ဆယ်နှစ်ပြည့်ပါပြီ ဘဘ'

'အေး မင်း ငါတို့နဲ့အတူနေပေါ့ကွာ၊ မင်းကို သိုင်းပညာ သင်ကြားပေးမယ်'

'ကျေးဇူးပါပဲ ဘဘ'





ထိုအချိန်မှစ၍ ဝမ်ဝေယန်မှာ အဘိုးအိုနှစ်ယောက်တို့နှင့် အတူနေထိုင်ခွင့် ရရှိသွားလေတော့၏။

ဝမ်ဝေယန်ကို အဘိုးအို နှစ်ယောက် တို့က တစ်ယောက် တစ်လှည့်စီ သိုင်းပညာများ သင်ကြားပေးကြ၏။

အဘိုးအိုနှစ်ယောက်မှာ သိုင်းပညာရှင်ကြီးများ ဖြစ်ကြ၏။ သူတို့တတ်မြောက်ထားသော သိုင်းပညာများကို မချွင်းမချန် သင်ကြားပေးကြ၏။

ငါးနှစ် ပြည့်မြောက်သော အချိန်တွင် ဝမ်ဝေယန်မှာ အသက်ဆယ့်ငါးနှစ်အရွယ်သို့ ရောက်ရှိလာခဲ့ပြီး သိုင်းပညာ အတော်အသင့် တတ်မြောက်လာခဲ့၏။

တစ်နေ့တွင် အဘိုးအိုနှစ်ယောက်တို့က တိုင်ပင်လိုက်ကာ ဝမ်ဝေယန်အားခေါ်၍ ပြောလိုက်ကြ၏။ မိုယွင်ဆိုသော အဘိုးအိုက....

'ဝမ်ဝေယန် အခု ငါတို့ သင်ကြားပေးတဲ့ သိုင်းပညာတွေဟာ ဓားစကြာဂိုဏ်း မာယင်ချုံးကို ချေမှုန်းသုတ်သင်ဖို့ပဲ၊ ဒါပေမယ့် မင်းမှာ သိုင်းပညာတွေ အများကြီး လိုအပ်သေးတယ်၊ အဆင့်မြင့် သိုင်းပညာတွေ ရရှိမှသာ မင်းမိဘတွေအတွက် ဒေါသကြေးပြန်ဆပ်နိုင်မှာဖြစ်တယ်၊ အခု တတ်မြောက်ထားတဲ့ သိုင်းပညာလောက်နဲ့ မာယင်ချုံးကို ယှဉ်လို့မရသေးဘူး'

'ဒါဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဘဘ'

ကောင်းချိုဆိုသော အဘိုးအိုက....

'မင်းကို ငါတို့ဆရာသခင်ဆီ လွှတ်လိုက်မယ်၊ ငါတို့ ဆရာကြီးက ဝတ်ရုံနီတောင်ထိပ်မှာ နေထိုင်တဲ့ ဝတ်ရုံနီဘိုးဘိုးပဲ၊ ဝတ်ရုံနီဘိုးဘိုးနဲ့ တွေ့ရင် မင်းကို သူက သိုင်းပညာတွေ သင်ကြားပေးပါလိမ့်မယ်၊ ဝတ်ရုံနီဘိုးဘိုးရဲ့ သိုင်းပညာတွေ မင်းတတ်မြောက်မှသာ ခါးစကြာဂိုဏ်းကို မင်း ရင်ဆိုင်နိုင်လိမ့်မယ်၊ ယောဒီခါးကို ပြလိုက်ပါ၊ ဒီခါးကိုပြရင် ဝတ်ရုံနီဘိုးဘိုးက မင်းကို လက်ခံပြီး သိုင်းပညာတွေ သင်ကြားပေးပါလိမ့်မယ်'

ကောင်းချုံက ပြောရင်း ဝမ်ဝေယန်အား ခါးတစ်လက် ပေးအပ်လိုက်၏။ ခါးမှာ နှစ်ဖက်သွားခါးဖြစ်ပြီး ခါးသွား ပေါ်တွင် ပန်းများ ရေးဆွဲထားသည်။ ခါးရိုးတွင် ကျောက်စိမ်းများ စီခြယ်ထား၏။ ခါးမှာ ရတနာခါးစွမ်းတစ်လက်ပင် ဖြစ်သည်။

ကောင်းချုံက ခါးကို ရှမ်းခနဲဆွဲထုတ်ကာ လေထဲတွင် ဝေ့ယမ်းပြလိုက်သည်။ ခါးရိပ်ခါးငွေ့များက အိမ်ကလေး အတွင်း ဖုံးလွှမ်းသွားရ၏။

ကောင်းချုံက ခါးကို ဝေ့ယမ်းပြလိုက်ရင်း....

'ဒီခါးက ဝတ်ရုံနီဘိုးဘိုးရဲ့ နဂါးခါးပဲ၊ ဒီခါးဟာ အင်မတန်မှ အစွမ်းထက်တဲ့ ခါးဖြစ်တယ်၊ ဝတ်ရုံနီဘိုးဘိုးနဲ့ တွေ့ရင် ဒီခါးကို ပြလိုက်ပါ၊ ငါတို့က စာလဲ ရေးပေးလိုက်ပါ့မယ်'

ထို့နောက် ကောင်းချုံနဲ့ မိုယွင်တို့က စာတစ်စောင်ရေးကာ ဝမ်ဝေယန်အား ပေးအပ်လိုက်ကြ၏။ မိုယွင်က....





'ဝမ်ဝေယန် စီကျုံကို ကျော်ဖြတ်လိုက်တာနဲ့ မြောက်ဘက်ရှူးရှူးကို သွားရင် ဝတ်ရုံနီတောင်ကြီးကို တွေ့ရလိမ့်မယ်၊ ဝတ်ရုံနီတောင်ကြီးဟာ အမြဲ ရေခဲတွေ နှင်းတွေ ဖုံးလွှမ်းနေတတ်တယ်၊ ဝတ်ရုံနီဘိုးဘိုးဟာ အဲဒီ ရေခဲတောင်ထိပ်မှာ ရှိနေတယ်၊ ကိုင်း....သွားပေတော့'

ဝမ်ဝေယန်က ယူဆောင်စရာ ရှိသည်များကို ယူဆောင်ကာ အဘိုးအိုနှစ်ယောက်အား ဂါရဝပြုလိုက်သည်။

အဘိုးအိုနှစ်ယောက်က ဝမ်ဝေယန်အား ဆုမွန်ကောင်းများ ပေးလိုက်ကြ၏။ ထို့နောက် ဝမ်ဝေယန်သည် စီကျုံနယ်စပ်သို့ ထွက်ခွာလာခဲ့လေတော့၏။

ဆယ်ရက်မျှ ခရီးပြင်း နှင်လာခဲ့ပြီးနောက် စီကျုံနယ်စပ်သို့ ရောက်ရှိလာခဲ့၏။

စီကျုံနယ်စပ်မှ နေ၍ မြောက်ဘက် ရေခဲဖုံးတောင်တန်းကြီးများဆီသို့ ခရီးဆက်ခဲ့သည်။

မုဆိုးများ နေထိုင်သောရွာတွင် တစ်ညအိပ်စက်လိုက်ကာ နံနက်မိုးလင်းသည်နှင့် လမ်းပြမုဆိုးနှင့် ထွက်ခွာလာခဲ့၏။

ဝတ်ရုံနီတောင်ခြေသို့ ရောက်သျှင် မုဆိုးက ဆက်မလိုက်တော့ဘဲ ပြန်သွား၏။ ဝမ်ဝေယန်သာ ရေခဲတောင်ကြီးအပေါ်သို့ တစ်ယောက်တည်း တက်လာခဲ့သည်။

လေသည် တဟူးဟူးတိုက်ခတ်နေကာ နှင်းပွင့်များက လွင့်မျောလျက် ရှိနေကြ၏။ ကြည့်လေရာရာတွင် နှင်းပွင့်များကသာ ပြည့်နှက်ဖုံးလွှမ်းနေ၏။ ရာသီဥတုက ဆိုးရွားကာ အရိုးကွဲလုမတတ် အေးစိမ့်လျက်ရှိနေ၏။

ဝမ်ဝေယန်က အားတင်းကာ အပေါ်သို့ ဆက်တက်လာခဲ့၏။ သိုင်းပညာ အခြေခံရှိနေသဖြင့်သာ တောင်ပေါ်မှ ပြုတ်ကျမသွားရခြင်းပင် ဖြစ်၏။

အချို့နေရာများတွင် ချောမွတ်နေကာ ကိုယ်ဖော့ပညာဖြင့် လျှောက်သွားမှသာ တစ်ဘက်သို့ ရောက်မည်ဖြစ်ပေသည်။

ရေခဲနှင်းများ ဖုံးလွှမ်းနေသည့် တောင်တက်လမ်းအတိုင်း ဝမ်ဝေယန်က ကြိုးစားပမ်းစား တက်လာခဲ့ရ၏။

ညနေစောင်းအချိန် ရောက်သောအခါ သူသည် ရေခဲတောင်ကြီး၏ တောင်ခါးပန်း တစ်နေရာသို့ ရောက်ရှိလာခဲ့၏။ ထိုနေရာတွင် လေက တဟူးဟူး တိုက်ခတ်နေကာ ကျောက်စွန်းကြီးတစ်ခုအနီးတွင် ကျောက်အိမ်ကြီးတစ်လုံးကို တွေ့မြင်လိုက်ရ၏။

ဝမ်ဝေယန်မှာ အားတက်ဝမ်းမြောက်သွားကာ ထိုကျောက်အိမ်ဆီသို့ နှင်းတောအတိုင်း လျှောက်လာခဲ့၏။

ကျောက်အိမ်မှာ တံခါးများ အလုံပိတ်ထား၏။ အဝေးမှ ကြည့်လျှင် အိမ်ဟုမထင်ရဘဲ ကျောက်တုံးကြီးတစ်တုံးဟုသာ ထင်မှတ်ရမည် ဖြစ်ပေ၏။

ဝမ်ဝေယန်က ကျောက်အိမ်တံခါးကို ခေါက်ကြည့်လိုက်ရာ အတွင်းမှ အသံတစ်စုံတစ်ရာကိုမျှ မကြားရပေ။

သူက တံခါးကို တွန်းဖွင့်ရာ မပွင့်ဘဲ ရှိနေ၏။ သူက အတန်ကြာသည့်အထိ စောင့်ဆိုင်းနေသော်လည်း အတွင်းမှ အသံ





လည်းမကြားရ၊ တံခါးလည်း ပွင့်မလာပေ။ အတွင်းတွင် တစ်ယောက်မှ ရှိမနေဟန်တူပေ၏။

ဝမ်ဝေယန်က တံခါးဝတွင် ထိုင်စောင့်နေလိုက်၏။ နှင်းများက မိုးရွာချသည့်အလား ရွာချလာ၏။

ဝမ်ဝေယန်မှာ ချမ်းခိုက်ခိုက်တုန်နေရလေပြီ။

သာသည် နှုတ်ခမ်းများပင် ပြာနှမ်းလာရ၏။ ဤကဲ့သို့သော အအေးဓာတ်မျိုးကို သူ တစ်ခါမှ မကြုံဖူးပေ။

နောက်ဆုံးတွင် ဝမ်ဝေယန်မှာ ခေါင်းများမူးဝေနောက်ကျိကာ လဲကျမေ့မြောသွားရလေတော့၏။

• • •

ဝမ်ဝေယန် သတိရလာသောအခါ မီးလင်းဖိုမှ တဖျပ်ဖျပ် အသံများကို ကြားနေရ၏။ ထိုအသံများမှာ ထင်းချောင်းများ၏ မီးလောင်ကျွမ်းသံများပင်ဖြစ်၏။ သူသည် နွေးထွေးသော အိပ်ရာကစ်ခုထက်သို့ ရောက်လျက်ရှိနေ၏။

အိပ်ရာနံဘေးတွင် ဘန်းရောင်ဝတ်ရုံလွှာကြီးနှင့် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။ အဘိုးအို၏ ဆံပင်၊ မုတ်ဆိတ်မွေးများမှာ နှင်းပွင့်ပမာ ဆွတ်ဆွတ်ဖြူနေပြီး မျက်ခုံးမွေးဖြူဖြူကြီးများက ဝါးပြင်နှစ်ဖက်သို့တိုင် ကျဆင်းနေကြသလို မုတ်ဆိတ်မွေး ဖြူဖြူဖွားဖွားကြီးကလည်း ရင်ပတ်အထိ ကျဆင်းလျက်ရှိနေ၏။

အဘိုးအို၏မျက်လုံးအစုံမှာ စူးရှတောက်ပလျက်ရှိ အဘိုးအို၏အသက် မည်၍မည်မျှရှိပြီကို ခန့်မှန်းမရလောက်အောင်

ဖြစ်နေရ၏။ ဝမ်ဝေယန်က အိပ်ရာထက်မှ ဆင်းလိုက်ကာ အဘိုးအိုကို အရိုအသေပြုလိုက်ပြီး....

'ကျွန်တော်ဝမ်ဝေယန်က ဘိုးဘိုးဝတ်ရုံနီကို အရိုအသေပြုပါတယ်ခင်ဗျား'

ဝတ်ရုံနီဘိုးဘိုးက ဝမ်ဝေယန်အား သဘောကျစွာဖြင့် ကြည့်လိုက်ရင်း....

'ဟုတ်ပါတယ်၊ ကျွန်တော့်ကို ဘာဘမိုယွင်နဲ့ဘာဘာကောင်းချုံတို့ ခေါ်လွှတ်လိုက်တာပါ၊ ကျွန်တော့်မှာ သူတို့ပေးလိုက်တဲ့ စာနဲ့ နဂါးနက်ဓား ပါလာပါတယ်'

ဝတ်ရုံနီဘိုးဘိုးက ခေါင်းညိတ်ကာ လေးနက်တည်ကြည်သော လေသံဖြင့်...

'အိမ်း....လူကလေးယူဆောင်လာတဲ့ နဂါးနက်ဓားနဲ့စာကို ဘိုးဘိုးကြည့်ပြီးပါပြီ၊ လူကလေးကရွှေဖြူဓားဝမ်စီမင်နဲ့ ကြိုးကြာမယ်လျှန်းလျှန်းတို့ရဲ့ တစ်ဦးတည်းသောသားပဲ၊ မင်းကို ဘိုးဘိုးက အဆင့်မြင့် သိုင်းပညာတွေ ဆက်လက် သင်ကြားပေးရမှာပေါ့လေ၊ ကိုင်း ဟောဒီမှာ လူကလေးသတိရလာရင် စားဖို့ ဘိုးဘိုး စီမံထားတယ်'

ဝတ်ရုံနီဘိုးဘိုးက ဝမ်ဝေယန်အား တောင်ဆိတ်နို့ ရေခဲသမင်အသားနှင့် မန်ထိုခေါ် ပေါက်စီများ ကျွေးမွေးလိုက်သည်။ ထိုအစားအစာများ စားလိုက်ရသည်နှင့် ဝမ်ဝေယန်မှာ ခွန်အားများ တိုးပွားလာသလို မှတ်ထင်လိုက်ရ၏။





ဝမ်ဝေယန်မှာ ဆာဆာနှင့် စားသောက်မိလိုက်၏။ ဝမ်ဝေယန်က စားသောက်ပြီးနောက် ဝတ်ရုံနီဘိုးဘိုးကို အရိုအသေပြုလိုက်ကာ....

'ဘိုးဘိုး ဒီတောင်တဝိုက်မှာ ဘိုးဘိုးတစ်ယောက်တည်းပဲ နေထိုင်ပါသလား၊ တခြားသူတွေကော ရှိပါသေးသလား'

'အိမ်း....အခု ဘိုးဘိုးတို့နေတာ တောင်ခါးပန်းမှာပဲကွယ့်၊ တောင်ထိပ်မှာတော့ နဂါးပျံ ရသေ့ကြီးရှိနေတယ်၊ နဂါးပျံ ရသေ့ကြီးနဲ့ ဘိုးဘိုးဟာ အင်မတန်မှ ခင်မင်ရင်းနှီးကြသူတွေဖြစ်တယ်၊ မင်း ကံကောင်းတယ်၊ ဘိုးဘိုးဆီက သိုင်းပညာတွေအပြင် နဂါးပျံရသေ့ကြီးဆီကပါ သိုင်းပညာတွေ ရရှိသွားလိမ့်မယ်၊ ဒါမှသာ မင်းဟာ ဓားစကြာဂိုဏ်းကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်မှာဖြစ်တယ်၊ မင်းမိဘတွေအတွက် သွေးကြွေးဆပ်နိုင်လိမ့်မယ်'

ယင်းအချိန်မှာပင် ကျောက်အိမ်တံခါးက ပွင့်သွားပြီး အတွင်းသို့ လေအေးများနှင့် နှင်းမှုန်များက ဝေါခနဲ ဝင်ရောက်လာခဲ့သည်။

တံခါးဝတွင် အညိုရောင်သင်္ကန်းဝတ်ရုံလွှာကြီး လွှမ်းခြုံထားသည့် ရသေ့ကြီးတစ်ပါး ထွက်ပေါ်လာခဲ့သည်။

ရသေ့ကြီး၏ ဆံပင် မုတ်ဆိတ်များမှာ ဖွေးဖွေးဖြူနေပြီး အသက်အရွယ်မှာ ခန့်မှန်းမရနိုင်ချေ။ ရသေ့ကြီးက ရွှေနားကွင်းကြီးနှစ်ဖက်ကို နားနှစ်ဖက်တွင် ပန်ဆင်ထားသည်။ ရွှေနားကွင်းကြီးများမှာ အမြဲတမ်း တိုက်ချွတ်ထားသဖြင့် တဖိတ်ဖိတ်တောက်လက်နေပေသည်။

ရသေ့ကြီးက အင်္ကျီလက်စတစ်ဘက်ကို ဝှီးခနဲ ဝေ့ယမ်း ပစ်လိုက်ရာ ကျောက်အိမ်တံခါးမှာ ဝုန်းခနဲ ပြန်ပိတ်သွားရသည်။ ရသေ့ကြီးက ရယ်မောကာ....

'ဘယ်လိုလဲ ဒီကနေ့ ထူးထူးခြားခြား ဧည့်သည်တွေ ဘာတွေ ရောက်နေပါလား'

ဝတ်ရုံနီဘိုးဘိုးက....

'ဟုတ်တယ်၊ ဒီကလေးက ရွှေဖြူဓား ဝမ်စီမင်နဲ့ ကြိုးကြာမယ်လျှန်းလျှန်းတို့ရဲ့ သားကလေး ဝမ်ဝေယန်ပဲ'

ဝတ်ရုံနီဘိုးဘိုးက ရသေ့ကြီးအား ဝမ်ဝေယန်နှင့် မိတ်ဆက်၍ အကြောင်းစုံပြောပြလိုက်၏။ ရသေ့ကြီးမှာ စုတ်တသပ်သပ်နှင့်ဖြစ်သွားရ၏။ ဝမ်ဝေယန်က ရသေ့ကြီးကို ဂါရဝပြုလိုက်၏။ ဝတ်ရုံနီဘိုးဘိုးက ဝမ်ဝေယန်အား....

'ဝမ်ဝေယန်၊ ဒီရသေ့ကြီးဟာ တခြားသူ မဟုတ်ဘူး၊ စောစောက ငါပြော ပြခဲ့တဲ့ နဂါးပျံရသေ့ကြီးပဲ၊ နဂါးပျံ ရသေ့ကြီးရဲ့ သိုင်းပညာဟာ အံ့မခန်းအဆင့်ကို ရောက်ရှိနေပြီ၊ မင်းအတွက် အင်မတန်မှ ကံကောင်းတာပဲ'

နဂါးပျံရသေ့ကြီးက ခေါင်းညိတ်လိုက်ရင်း...

'အိမ်း တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းရေး အတွက် ငါတို့က ပူးပေါင်း ဆောင်ရွက်ကြရလိမ့်မယ်၊ ရွှေဖြူ ဓား ဝမ်ဝေယန်နဲ့ ကြိုးကြာမယ်လျှန်းလျှန်းတို့ဟာ သိုင်းလောကမှာ သစ္စာသမာဓိသတ္တိနဲ့ ပြည့်စုံတဲ့ သိုင်းပညာရှင်ကြီးတွေပဲ၊ ဓားစကြာဂိုဏ်းကို ငါကိုယ်တိုင်သွားပြီးတော့တောင် ချေမှုန်း ပစ်လိုက်ချင်တယ်၊ အေးပေါ့လေ ဓားစကြာဂိုဏ်းကို ချေမှုန်းဖို့





အတွက် မင်းကို ငါ့ အတတ်မြောက်ထားတဲ့ နဂါးပျံသိုင်းကွက်တွေ သင်ကြားပေးလိုက်ရမှာပေါ့'

နဂါးပျံ ရသေ့ကြီး၏ စကားကြောင့် ဝမ်ဝေယန်နှင့် ဝတ်ရုံနီဘိုးဘိုးတို့မှာ ဝမ်းသာအားရ ဖြစ်သွားကြရ၏။ ဝမ်ဝေယန်မှာ နဂါးပျံ ရသေ့ကြီးကို ဂါရဝပြုလိုက်ပြီး....

'တပည့်တော်ရဲ့မိဘတွေအတွက် သွေးကြွေးဆပ်ရုံတင် မက ပါဘူး၊ သိုင်းလောကနဲ့ ပြည်သူတစ်ရပ်လုံးအတွက် ရာဇဝတ်မှုတွေ ပပျောက်အောင် ဆောင်ရွက်မှာပါ၊ တပည့်တော် မိဘတွေလိုပဲ တပည့်တော်ဟာ သိုင်းလောကမှာ သစ္စာသမာဓိသတ္တိနဲ့ ပြည့်စုံအောင် ကြိုးစားသွားမှာပါ'

နဂါးပျံ ရသေ့ကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'အိမ်း မင်းရဲ့စိတ်ဓာတ်ကတော့ မင်းအဖေ စိတ်ဓာတ်လိုပဲ၊ တကယ့်ကို မှန်မြတ်သန့်စင်ပါပေတယ်၊ ငါနဲ့ ဝတ်ရုံနီဘိုးဘိုးတို့က တပည့်ကောင်းကို မျှော်လင့်နေကြတာ၊ ငါတို့ သေသွားရင် ငါတို့ရဲ့ သိုင်းပညာတွေဟာ တိမ်မြုပ်ပျောက်ကွယ်သွားရမယ်၊ တစ်ယောက်ယောက်ကို ပညာအမွေပေးထားခဲ့ချင်နေကြတာ၊ မင်း ရောက်လာတာနဲ့ အတော်ပဲပေါ့'

ဝတ်ရုံနီဘိုးဘိုးက....

'ဝမ်ဝေယန်ရဲ့ ရုပ်လက္ခဏာနဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံဟာ တစ်ချိန် သိုင်းလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင် ကျော်ကြားမယ့်သိုင်းပညာရှင်တစ်ယောက်ရဲ့ကြန်အင်လက္ခဏာ

နဲ့ ပြည့်စုံသူကို ကျုပ်တို့ရဲ့ သိုင်းပညာတွေ အကုန်အစင် သင်ကြားပေးလိုက်ရမယ်'

ထိုနေ့မှစ၍ ဝမ်ဝေယန်သည် ဝတ်ရှုံနီဘိုးဘိုးနှင့် နဂါးပျံ ရသေ့ကြီးတို့တွင် အဆင့်မြင့်သိုင်းပညာရပ်များကို စတင် သင်ကြားရ၏၊ ဝမ်ဝေယန်ကလည်း ကြိုးစားသင်ယူ၏။

ဝတ်ရှုံနီဘိုးဘိုးက အတွင်းအားပညာ၊ လက်နက်ပုန်းပညာ လက်ဝါးပညာရပ်များကို လည်းကောင်း၊ နဂါးပျံ ရသေ့ကြီး နဂါးပျံ ခြေကွက်များ၊ နဂါးပျံ ကိုယ်ဖော့ပညာ၊ အအိပ်ပညာ၊ ရုပ်ပြောင်းရုပ်လွှဲ ပညာရပ်များကို သင်ကြားပေးလိုက်၏။

သုံးနှစ်ကြာမြင့်ပြီးနောက် ဝမ်ဝေယန်မှာ ခန္ဓာကိုယ် ထွားကြိုင်းကျစ်လျစ်ကာ တကယ့် ထိပ်တန်း သိုင်းပညာရှင် တစ်ယောက် ဖြစ်နေရလေပြီ။

သူသည် နဂါးပျံ ရသေ့ကြီးနှင့် ဝတ်ရှုံနီ ဘိုးဘိုးတို့ထံမှ သိုင်းပညာများကို အမွေဆက်ခံခဲ့ပြီးလေပြီ။

'အဟွတ် အဟွတ် အဟွတ်'

ဝတ်ရှုံနီဘိုးဘိုးမှာ ကျန်းမာရေး မကောင်းတော့ပေ။ ဝတ်ရှုံနီ ဘိုးဘိုးအား ဝမ်ဝေယန်နှင့် နဂါးပျံ ရသေ့ကြီးတို့က ပြုစုပေးကြ၏။

သို့သော် နောက်ဆုံးတွင် ဝတ်ရှုံနီဘိုးဘိုးမှာ တစ်ချိန်က ရခဲ့သော အတွင်းဒဏ်ရာများကြောင့် ကွယ်လွန် အနိစ္စ ရောက်သွားရရှာလေတော့၏။





ဝတ်ရှုံနီဘိုးဘိုး၏ အလောင်းကို သူ နေထိုင်ခဲ့ရာ ကျောက်အိမ်ကလေး အတွင်းမှာပင် မြှုပ်နှံ သင်္ဂြိုဟ်ပေးလိုက်၏။

ထို့နောက် ဝမ်ဝေယန်သည် နဂါးပျံ ရသေ့ကြီးနှင့်အတူ တောင်ထိပ်သို့ လိုက်နေကာ ရသေ့ကြီးကို ဝတ်ကြီးဝတ်ငယ် ပြုစုရင်း သိုင်းပညာများကို ဆက်လက်သင်ယူခဲ့၏။

နဂါးပျံ ရသေ့ကလည်း ဝမ်ဝေယန်ကို သားသမီး တစ်ယောက်သဖွယ် သဘောထားကာ ထိပ်တန်း လျှို့ဝှက် သိုင်း ပညာရပ်များကို မခြွင်းမချန် ဆက်လက် သင်ကြားပေး၏။ ဝမ်ဝေယန်သည် နဂါးပျံ ရသေ့ကြီးထံတွင် ခြောက်နှစ် အတူနေထိုင်ကာ ထိပ်တန်းသိုင်းပညာရပ်များ သင်ကြားလိုက်နောက် ရသေ့ကြီးကို သိုင်းလောကသို့ဆင်းခွင့်ပြုရန် တောင်းခံလေတော့၏။

နဂါးပျံ ရသေ့ကြီးက ဝမ်ဝေယန်အား....

'အိမ်း လူကလေးဝမ်ဝေယန်၊ မင်းသွားတော့မယ်ဆိုတော့ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ လူကလေးကို ဘိုးဘိုးနဲ့ ဝတ်ရှုံနီ ဘိုးဘိုးတို့က ထိပ်တန်း သိုင်းပညာရပ်တွေ သင်ကြားပေးခဲ့ကြတာ သုံးနှစ်ကျော်ကျော်ပဲ၊ သုံးနှစ်ကျော်နောက်ပိုင်းမှာ မင်းရဲ့ ဘိုးဘိုး ဝတ်ရှုံနီဟာ သေဆုံးခဲ့ရတယ်၊ အခု ငါတောင် ကျန်းမာရေး သိပ်မကောင်းတော့ဘူး'

နဂါးပျံ ရသေ့ကြီးက တစ်ခဏမျှ နားလိုက်ပြီးမှ ဆက်ပြောလိုက်၏။

‘လူကလေး ဝမ်ဝေယန်၊ မောဒီဓားဟာ တစ်ချိန်က နဂါးပျံဂိုဏ်းချုပ်ကြီးကောက်စွမ်းကျန်ကိုင်ဆောင်ခဲ့တဲ့ နဂါးပျံဓားပဲ’

နဂါးပျံရသေ့ကြီး ကပြောကြားရင်း ကျောက်သေတ္တာကြီး တစ်လုံးအတွင်းမှ ရတနာဓားတစ်လက်ကိုထုတ်ယူကာ ဝမ်ဝေယန်အား ပြသလိုက်၏။

ဓားမှာနဂါးဖက်သွားမျိုးဖြစ်ကာ အရောင်တဖိတ်ဖိတ်တောက်လက်လျက်ရှိနေ၏။ နဂါးပျံရသေ့ကြီးက ဓားကို ပြလိုက်ရင်း

‘ဒီဓားဟာ နဂါးပျံဓားလို့ခေါ်တယ်၊ အင်မတန် အဖိုးတန်ပြီး အင်မတန်အစွမ်းထက်တဲ့ဓားလဲဖြစ်တယ်၊ ဒီဓားနဲ့ အနက်ရောင် ဒုစရိုက်သမားတွေကို ချေမှုန်း ပစ်ပါ၊ တတ်မြောက်ထားတဲ့ သိုင်းပညာနဲ့ ပြည်သူကို အလုပ်အကျွေးပြုပါ၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးကို ကြိုးစားဆောင်ရွက်ပါ၊ သိုင်းလောက အကျိုး၊ အများအကျိုး ဆောင်ရွက်ပါ’

နဂါးပျံရသေ့ကြီးက ခေတ္တနားလိုက်ပြီး နဂါးပျံဓားကို ဝမ်ဝေယန်အား ပေးအပ်ရင်း ဆက်လက် ပြောကြားလိုက်ပြန်သည်။

‘ဓားစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးကို ထိပ်တိုက် ရင်ဆိုင်ရတဲ့အခါမှာ လျော့မတွက်နဲ့၊ ရန်သူကို အထင်မသေးရဘူး၊ အထင်ကြီးစရာလဲမလိုဘူး၊ ဒါပေမယ့် ရန်သူရဲ့ခြေကို ကြိုမြင်ရမယ်၊ သူ့ သိုင်းကွက်တွေကို ချေဖျက်ပစ်နိုင်ရမယ်၊ ဓား





စကြာဂိုဏ်းမှာ အစွမ်းထက်တဲ့သိုင်းသမားတွေရှိသလို ကြောက်စရာကောင်းတဲ့ဓားသမားတွေလဲ ရှိနေတယ်၊ ဓားစကြာဂိုဏ်းဟာ အင်အားကြီးမားတဲ့ အနက်ရောင်သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်တယ်၊ သတိထားပြီး ချေမှုန်းသုတ်သင်ပါ’

ထို့နောက် နဂါးပျံရသေ့ကြီးက ဝမ်ဝေယန်အား မှာကြားစရာရှိသည်များ မှာကြားလိုက်ပြီး ဝတ်ရုံနီဘိုးဘိုး ပေးထားရစ်သည့် ရွှေငွေရတနာထုပ်ကို ဝမ်ဝေယန်အားပေးအပ်လိုက်၏။

‘ဒီရတနာတွေက မင်းရဲ့ဘိုးဘိုး မသေဆုံးမီ မင်းအတွက် ငါ့ဆီမှာ အပ်နှံထားခဲ့တာပဲ၊ ငါကလဲ ထိန်းသိမ်းပေးထားတယ်၊ ဒီရတနာတွေကို ထုခွဲရောင်းချလိုက်ရင် မင်းတစ်သက် စိတ်အေးရပါပြီ၊ ကိုင်း ငါမှာတာတွေ မမေ့နဲ့၊ သွားပေတော့’

ဝမ်ဝေယန်က နဂါးပျံရသေ့ကြီးကို ဒူးထောက် ဂါရဝပြုလိုက်၏။ ထို့နောက် ဝတ်ရုံနီတောင်ကြီးထက်မှ ဆင်းလာခဲ့လေတော့၏။

သူက တောင်ခြေရောက်သည်နှင့် မုဆိုးမျိုးရွာမှ မြင်းတစ်ကောင်ကို ဝယ်ယူလိုက်၏။

လိုအပ်သည့်ပစ္စည်းများစုံလင်ပြီးနောက် ဝမ်ဝေယန်က သိုင်းလောကသို့ ထွက်ခွာလာခဲ့တော့၏။

## (၄၆)

### ဟွမ်ဟိုမြစ် နဂါးသိုင်း ပြိုင်ပွဲကြီး

ဟွမ်ဟိုနဂါးပြိုင်ပွဲကြီးမှာ ခေါးစကြာဂိုဏ်းမှကြီးမှူးကျင်းပသော သိုင်းပြိုင်ပွဲကြီးပင်ဖြစ်၏။

ဤသိုင်းပြိုင်ပွဲကြီး၏ အဓိကရည်ရွယ်ချက်မှာ ခေါးစကြာဂိုဏ်းမှ သိုင်းသမားလူစွမ်းကောင်းများ ရွေးချယ် ဖော်ထုတ်ရန်နှင့် အင်အားကြီးမားလာစေရန်ပင်ဖြစ်၏။

ခေါးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး၏ အစီအစဉ်ပင် ဖြစ်သည်။

ခေါးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာ ယခုအခါ အင်အားကြီးမားသော အနက်ရောင် ဒုစရိုက်သိုင်း ဂိုဏ်းချုပ်ကြီး တစ်ယောက် ဘဝသို့ရောက်နေသေပြီ။





မာယင်ချုံးသည် ပိုမို၀ဖြိုးလာပြီး ခန့်ညားလာသော သူ့လက်အောက်သို့ အနက်ရောင်ဒုစရိုက်သိုင်းသမားများ တဖွဲဖွဲ ဝင်ရောက်လျက် ရှိနေ၏။

သိုင်းလောကတစ်ခုလုံးမှာလည်း ခေါးစကြာဂိုဏ်း၏ ဩဇာလွှမ်းမိုးမှုကို အခတော်အသင့်ခံနေကြရ၏။ အဖြူရောင် သစ္စာဘက်တော်သား သိုင်းသမားများမှာ ခေါင်းငုံ့ ခံနေကြရသော်လည်း စိတ်ထဲတွင် စခံမရပ်နိုင်ဖြစ်နေကြရ၏။

သိုင်းလောကကို မကြာခင် လွှမ်းမိုးချယ်လှယ်နိုင်တော့မည်ဖြစ်သဖြင့် ခေါးစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးမှာ အတော်ပင် ကျေနပ်ပီတိ ဖြစ်နေမိရ၏။

သူ၏အကြံအစည်များက မကြာမီ အကောင်အထည် ပေါ်လာရတော့မည် မဟုတ်ပါလား။

ဤ သူကိုယ်တိုင် ကြီးမှူးကျင်းပသည့် ဟွမ်ဟို မြစ် နဂါးသိုင်းပြိုင်ပွဲကြီးတွင် သူက သူ၏ခေါးစကြာဂိုဏ်းအတွက် လူသစ်များ ထပ်မံရွေးချယ်မည်ဖြစ်သလို သိုင်းလောကတွင် သူ၏ခေါးစကြာဂိုဏ်း မည်မျှအင်အားကြီးမားသည်၊ မည်မျှ ဩဇာလွှမ်းမိုးသည်ကို ပြသရန်အခွင့်ပင်ဖြစ်၏၊

ဟွမ်ဟိုမြစ်ကမ်းပါး ချောက်ကြီးထိပ်တွင် တည်ဆောက်ထားသည့် သိုင်းပြိုင်ပွဲစင်မြင့်ကြီးမှာ လွန်စွာမှ ကြီးကျယ် ခမ်းနားလှပေ၏၊

ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် အဆင်မသင့်ပါက ချောက်ထဲသို့ထိုးကျသွားနိုင်လေသည်၊

မားစကြာရဲတိုက်ကြီးကိုလည်း ပြုပြင်မွမ်းမံထား၏။ သိုင်းပြိုင်ပွဲရက် နီးကပ်လာလေလေ သိုင်းလောကသားများမှာတဖွဲဖွဲ ရောက်ရှိလာခဲ့ရလေပြီ။

အဖြူရောင် သိုင်းသမားများရော အနက်ရောင် သိုင်းသမားများရောပါ တဖွဲဖွဲရောက်ရှိလျက် ရှိနေ၏။

မားစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးက ပြိုင်ပွဲကို သူကိုယ်တိုင် ကြီးမှူးဖွင့်လှစ်ပေးမည် ဖြစ်၏။ ပြိုင်ပွဲ အစအဆုံး သူကိုယ်တိုင် အုပ်ချုပ်မည် ဖြစ်ပေ၏။

ပြိုင်ပွဲကျင်းပရန် ဆယ်ရက်မျှ လိုပေသေး၏။ ဆယ်ရက်သိုသော်လည်း ဟွမ်ဟိုမြစ်တစ်လျှောက် သိုင်းလောကသားများ အထူးပင် စည်ကားလျက်ရှိနေသည်။

ဟွမ်ဟိုမြစ် နဂါးသိုင်းပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်သူများကို ထိုက်တန်သောဆုများ ပေးအပ်ရန် မာယင်ချုံးက စီစဉ်ထား၏။

သူဏာ 'သိုင်းလောကမှ ထင်ရှားသော သိုင်းပညာရှင်ကြီးများထံ ဖိတ်စာများ ပို့ထားပြီးလေပြီ၊ သိုင်းဂိုဏ်းကြီးများကလည်း ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရထား၏။

● ● ●

ဟွမ်ဟိုမြစ်ရေသည် ကြမ်းတမ်းစွာ စီးဆင်းလျက် ရှိနေ၏။ ရေစီးသံကို ကြားရရုံနှင့်ပင် ကြက်သီးထစရာ ကောင်းလှပေ၏။ ဟွမ်ဟိုမြစ်သည် တချတ်ပြည်မကြီးကို ကန့်လန့်ဖြတ် စီးဆင်းသော မြစ်ကြီးတစ်မြစ်ပင်ဖြစ်တာ ရေစီးအလွန်သန်လေ၏။





ဟွမ်ဟိုမြစ်ကမ်းပါးရှိ သောက်မဝ အရက်ဆိုင်ကလေးမှာ သိုင်းလောကသားများနှင့် အထူးပင် စည်ကားလျက် ရှိနေသည်။

သိုင်းလောကသား အများစုမှာ မားစကြာဂိုဏ်း၏ ဟွမ်ဟိုမြစ် နဂါးသိုင်းပြိုင်ပွဲသို့ သွားမည့်သူများသာ ဖြစ်ကြပေသည်။

ဝမ်ခဝယန်မှာလည်း မားစကြာဂိုဏ်းသို့ လာရင်း ခရီးတစ်ထောက်အဖြစ် ဤသောက်မဝအရက်ဆိုင်သို့ ရောက်ရှိလာရခြင်းပင် ဖြစ်ပေ၏။

ဝမ်ခဝယန်က ထိုင်ထောင့်ရှိ ချောင်ကျကျစားပွဲတစ်လုံးတွင် ထိုင်လျက်ရှိနေ၏။ သူက အရက်ကို အေးအေးဆေးဆေးသောက်ရင်း သိုင်းလောကသားများပြောဆိုနေကြသည့် စကားများကို နားစွင့်နေမိ၏။

သိုင်းသမားတစ်ယောက်က....

'မားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးအ ဒီတစ်ခါတော့ တကယ့်ကို ကြီးကျယ်ခမ်းနားအောင် စီစဉ်ထားတာပဲ၊ ပြိုင်ပွဲစင်မြင့်ကလဲ မြစ်ကမ်းပါးချောက်ထိပ်မှာ ဆောက်ထားတာလေကို တဟူးဟူးတိုက်နေတာပဲ'

သိုင်းသမားတစ်ယောက်က....

'အဲဒီအပေါ်ကနေ ကျသွားရင် ဘယ်လိုမှ အသက်ရှင်စရာ အကြောင်းမရှိဘူး၊ သူက ဘာသဘောနဲ့ ဒီလောက်အန္တရာယ်များတဲ့ နေရာမှာ ပြိုင်ပွဲစင်မြင့်ကြီးကို ဆောက်ထားရသလဲ မသိဘူး'

သိုင်းသမားတစ်ယောက်က....

'ဒီလောက်တောင် မင်းတို့ မစွတ်တတ်ဘူးလား၊ အချမ်း တိုက်ခိုက်ရင် ကျ သွားမှာပေါ့၊ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ရင် ကျသွားမှာပေါ့၊ သတိထားတိုက်ခိုက်ဖို့နဲ့ ကြမ်းကြမ်းတမ်းတမ်းတိုက်ခိုက်ရင် မသေမယ်ဆိုတာကို သတိပေးထားတာ ဖြစ်မှာပေါ့'

မုတ်ဆိတ်ထူလပျစ်နှင့် သိုင်းသမားက....

'ကျုပ်ကတော့ အဲဒီလို မထင်ဘူး'

'ခင်ဗျားက ဘယ်လိုထင်နေလို့လဲ'

'ဒါဟာ တမင်သက်သက် လုပ်ထားတာပဲ၊ သိုင်းသမားတွေကို ခေါ်ပြီး ရေနစ်သတ်တာနဲ့ မတူဘူးလား၊ သူ့လုပ်ရပ်က အန္တရာယ် အင်မတန်များနေတယ်၊ ကျုပ်ကတော့ မကြိုက်ဘူး'

'တိတ် ကို ယုံ စကားပြောရင် ကြည့်ပြောပါကွ၊ ဒီနယ်မြေက ဓားစကြာဂိုဏ်းရဲ့ နယ်မြေပဲ၊ တော်ကြာ မင်းအတွက် အန္တရာယ်များတယ်၊ ငါက မင်းအတွက် စိုးရိမ်လို့ပြောတာ'

ထိုသူ၏ အဖော်က စိုးရိမ်တကြီး သတိပေးလိုက်၏။ ထိုသူက တဟားဟား ရယ်မောလိုက်ပြီး—

'ငါက ဘယ်သူမှ ကြောက်တဲ့ကောင်း မဟုတ်ဘူး၊ ဓားစကြာဂိုဏ်းကို ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ လာချင်တဲ့ကောင် လာပါစေ'

'ဝှစ်'

'အင့်'





ရုတ်တရက် အပြင်ဘက်မှ အလင်းတန်းတစ်ခု ပြေးဝင်လာပြီး ထိုသူမှာ အင့်ခနဲ ညည်းတွားကာ စားပွဲပေါ်သို့ ခေါင်းစိုက်ကျသွားရ၏။ ကြယ်ကြွေသလို ကျရောက်လာသော အရာမှာ ဓားပျံတစ်လက်ဖြစ်ပြီး လက်နက်ပုန်း ပစ်ခတ်လိုက်သည်မှာ အထူးကျွမ်းကျင်လှပေရာ ဓားပျံကို မည်သူမျှ မမြင်လိုက်ကြရပေ။

ဆိုင်တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ ဆိုင်တံခါးဝတွင် ဓားစကြာဂိုဏ်းသားများ ထွက်ပေါ်လာကြသည်။

ဂိုဏ်းခွဲမှူးမှာ ဝမ်ဝေယန်နှင့် အသက်ချင်း မတိမ်းမယိမ်းရှိပြီး ရုပ်ရည်သန့်ပြန့်သူ တစ်ယောက်ပင် ဖြစ်သည်။

ထိုဓားစကြာဂိုဏ်းခွဲမှူးမှာ ဖုစင်ကြွယ်ဆိုသူဖြစ်ကာ မေးအေးအေးနှင့် ရက်စက်သူတစ်ယောက်ပင် ဖြစ်၏။ ဓားစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်နှင့် ဓားစကြာဂိုဏ်းသားများကျပ်ဝင်ရောက်လာကြ၏။

ဂိုဏ်းခွဲမှူး ဖုစင်ကြွယ်က စူးရှခက်ထန်သော လေးသံဖြင့်—

'တိတ် နောက်တစ်ခါ ဓားစကြာဂိုဏ်းရဲ့ သိုင်းပြိုင်ပွဲ ပျက်သက်ပြီး ဝေဖန်ပြောကြားရင် ဒီလိုဘဝမျိုး ရောက်သွားလိမ့်မယ်၊ အခုကိစ္စကို မကျေနပ်တဲ့သူရှိရင် ထွက်ခဲ့၊ ကျုပ်နဲ့ တစ်ယောက်ချင်း ရင်ဆိုင်မယ်'

ဖုစင်ကြွယ်က အားလုံးကို စိန်ခေါ်လိုက်၏။ ဖုစင်ကြွယ်က အနီရောင် ကိုယ်ကြပ်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားကာ ဓားတစ်လက်ကို ကျောဘက်တွင် ပိုးလွယ်ထား၏။

ဝမ်ဝေယန်မှာ စိတ်ထဲတွင် တောင်းခနဲ ဖြစ်သွားမိသော်လည်း ဒေါ်သကို ထိန်းချုပ်ထားလိုက်ရ၏။

ဤနယ်မြေမှာ ခါးစကြာဂိုဏ်း၏ နယ်မြေဖြစ်သဖြင့် အားလုံးက ဒေါသကို ထိန်းချုပ်နေကြရ၏။ အားလုံးငြိမ်သက်နေသည်ကို တွေ့မြင်လိုက်ရလျှင် ခါးစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်က တဟဲဟဲရယ်မောလိုက်ပြီး....

'ခင်ဗျားတို့ ဒီနေရာမှာမကျေနပ်ရင် သိုင်းပြိုင်ပွဲမှာလာပြီး စိန်ခေါ်ယှဉ်ပြိုင်နိုင်ကြပါတယ်၊ ကိုဒေးကျုပ်ပြောတာတွေကို မမေ့ကြနဲ့၊ မေ့ရင်တော့ အသက်ပျောက်သွားကြလိမ့်မယ်'

ခါးစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်က စကားဆုံးသည်နှင့် ထွက်ခွာရန် ဟန်ပြင်လိုက်၏။ စောစောက ခေါင်းသွားသူ၏ ...က်ဆွေက ထရပ်လိုက်ကာ....

ခဏ...တ်မနေဦး

မြေကြ

ဖုစင်ကြွယ်က ချာခနဲလှည့်ကြည့်လိုက်ပြီး....

အန္တ

ဘာလဲ မင်းက မင်းမိတ်ဆွေအတွက် မကျေနပ်သေးလား'

'ဟုတ်တယ် ကျုပ်မိတ်ဆွေအတွက် မင်းကို စိန်ခေါ်တယ်'

ဖုစင်ကြွယ်က တဟားဟား ရယ်မောလိုက်ကာ....

'ဟား ဟား ဟား မင်းက ငါနဲ့ယှဉ်မလို့လား၊ လက်ဝါးချင်းပဲ ရိုက်ကြည့်လိုက်စမ်းပါဦးကွ'

ထိုသိုင်းသမားက ရှေ့သို့ ခုန်ပျံဝင်ရောက်လာကာ ပြင်းထန်သောလက်ဝါးရိုက်ချက်ဖြင့် ဖုစင်ကြွယ်ကို ရိုက်ချပင်လိုက်၏။ ဖုစင်ကြွယ်က လက်ဝါးကိုဆန့်ထုတ်လိုက်ရာ ဝုန်းခနဲမြည်





ဟည်းပြီး ထိုသူမှာ နောက်သို့ လွင့်ပစ်လိုက်သည်အလား လွင့်စဉ်ထွက်သွားရ၏။

အား

ထိုသူသည် ပြန်ထမလာနိုင်တော့ပေ။ ဖုစင်ကြွယ်၏ လက်ဝါးရိုက်ချက်တစ်ချက်တည်းနှင့်ပင် အသက်ပျောက်သွားရပြီဖြစ်၏။

ဖုစင်ကြွယ်က တဟားဟား ရယ်မောလိုက်ရင်း ဆိုင်အပြင်ဘက်သို့ ထွက်ခွာသွားလေ၏။ ဖုစင်ကြွယ်နှင့် ခါးစကြာဂိုဏ်းသားများက ဂျုံခင်းကြီးများအလယ်ရှိ လမ်းကလေးအတိုင်း လျှောက်လာခဲ့ကြ၏။

လရောင်က မှုန်မွှားမွှား ကျရောက်နေ၏။ ရုတ်တရက် အဝတ်ဖြူဝတ်ဆင်ထားသော လူရိပ်တစ်ရိပ်က ဂျုံခင်းကြီးများကြားမှ ရှိုပ်ခနဲ ထွက်ပေါ်လာ၏။ ထိုသူကိုတွေ့လိုက်ရလျှင် လမ်းလျှောက်နေသော ဖုစင်ကြွယ်၏ ခြေလှမ်းအစုံမှာ ရပ်တန့်သွားရ၏။

ဖုစင်ကြွယ်တ စူးစိုက်ကြည့်လိုက်ရာတွင် ထွက်ပေါ်လာသူမှာ ဝတ်စုံနက်တစ်ယောက်ဖြစ်ကာ မျက်နှာဖုံးတစ်ခုစွပ်ထား၏။ မျက်နှာဖုံးဝတ်စုံနက်၏ လှုပ်ရှားမှုများမှာ ထိပ်တန်းအဆင့်မြင့် သိုင်းသမားတစ်ယောက်၏ လှုပ်ရှားမှုများဖြစ်နေသဖြင့် ဖုစင်ကြွယ်မှာ တအံ့တသြဖြစ်သွားရကာ ကျောမှပိုးလွယ်ထားသော ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။

တကယ်တော့ ဖုစင်ကြွယ်မှာ ခါးစကြာဂိုဏ်းချုပ်၏ တူတော်စပ်သည်။ တူတော်စပ်သည့်အလျောက် သိုင်းပညာမှာ

လည်း ထူးချွန်ကာ ထင်တိုင်းကျဲနေသူတစ်ယောက်သည်း ဖြစ်ပေသည်။ ဖုစင်ကြွယ်က ခေါးကို ရှမ်းခနဲ ဆွဲထုတ်လိုက်ပြီး စူးရှခက်ထန်သော လေသံဖြင့်....

'ဟိတ် ရှေ့က ဘယ်သူလဲ'

'ငါဟာ မင်းရဲ့သေမင်းပဲ ဖုစင်ကြွယ်၊ စောစောက အရက်ဆိုင်ထဲမှာ ငါရှိနေတယ်၊ မင်းရဲ့ မတရားပြုမှုတွေအတွက် ဒဏ်ခတ်ဖို့ ရောက်လာတာပဲ၊ ငရဲပြည်ကို သွားဖို့သာပြင်ပေတော့'

ဝတ်စုံနက် မျက်နှာဖုံးစွပ်က အေးစက်စက်လေသံဖြင့် ပြောကြားလိုက်၏။ ဖုစင်ကြွယ်က မျက်မှောင်ကြုတ်လိုက်ကာ....

'မင်းက မင်းဘယ်သူဆိုတာ အသိမခံရဲဘူးပေါ့ဟုတ်လား'

'ဟုတ်တယ် သောသေလာဆယ်တော့ နဂါးနက်ဆိုရှင် လုံလောက်ပါပြီကွာ၊ နဂါးနက်ဟာ မင်းတို့စကြာဂိုဏ်းကို အမြစ်ကနေလှန်မယ့် သိုင်းသမားပဲ၊ မင်းတို့ကို ချေမှုန်းပစ်မယ်'

ဖုစင်ကြွယ်က ခက်ထန်မာကျောသော လေသံဖြင့်....

'ဟိတ်ကောင်မင်းက စောစောက အရက်ဆိုင်ထဲမှာတော့ မတိုက်ခိုက်ဘဲ ဒီနေရာမှာ ဘာဖြစ်လို့ လာပြီး တိုက်ခိုက်နေရတာလဲ'

'ဆိုင်ထဲမှာ ကျဉ်းလို့ပေါ့ကွာ။ ဒီနေရာကကျယ်တော့ မင်းကို လွတ်လွတ်လပ်လပ် သုတ်သင်နိုင်ရတာပေါ့'

'ဟိတ်ကောင်တွေ ဒီမသာကို ဝိုင်းပြီးတိုက်ကြစမ်းကွာ'

ဖုစင်ကြွယ်ကအမိန့်ပေးလိုက်သည်နှင့် ခေါးစကြာဂိုဏ်းသားများက ဝတ်စုံနက် မျက်ဖုံးစွပ်ထံသို့ ပြေးဝင်ကာ တိုက်ခိုက်





လိုက်ကြ၏။ ဂျုံခင်းကြီးများအကြားတွင် ခေါးသံလှသံများ ဆူညံပွက်လောရိုက်သွား၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'အား....အင့်....အိုး'

ဝတ်စုံနက်ခေါးသမား၏ ပြင်းထန်မြန်ဆန်လှသော ခေါးချက်ကြောင့် ခေါးစကြာဂိုဏ်းသားအတော်များများမှာ ဂျုံခင်းကြီးများအကြားတွင် ထိုးလဲကျသွား၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ခေါးစကြာဂိုဏ်းသားရှစ်ယောက် လဲပြိုကျသွားကြရသည်၊ တစ်ယောက်မှ ပြန်ထမလာနိုင်ကြတော့ပေ။

'ဟင်....'

ခေါးစကြာဂိုဏ်းခွဲမှူးကြီး ဖုစင်ကြွယ်မှာ ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားမိရသည်။ ဝတ်စုံနက်မျက်နှာဖုံးစွပ်၏သိုင်းပညာကို အာခင်သေး၍ မရတော့ပေ။ ထို့ကြောင့် သူကိုယ်တိုင် တိုက်ပွဲအတွင်းသို့ ခုန်ပျံဝင်ရောက်ကာ မျက်နှာဖုံးစွပ် ခေါးသမားကို တိုက်ခိုက်လိုက်ရ၏။

မျက်နှာဖုံးစွပ်ခေါးသမားနှင့် ဖုစင်ကြွယ်တို့ ခေါးချင်း ယှက်ထားလိုက်မိကြသည်။ မျက်နှာဖုံးစွပ်ခေါးသမားက အေးစက်စက်လေသံဖြင့်....

'ဖုစင်ကြွယ်၊ မင်းကို ငါမသတ်ပါဘူး၊ ဒါပေမယ့် မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမပေးလိုက်ရမယ်၊ ဒါမှ

မင်း ငါ့ကို အမြဲသတိရနေမှာ၊ မင်းအတွက် အမြဲနောင်တ ရစေမယ်'

ဖုစင်ကြွယ်က အံကြိတ်ထားရင်း....

'ဟိတ်ကောင်၊ သပ်အပြောမကြီးနဲ့၊ မင်းကို ငါသတ်မယ်ကွ'

မှုန်မှားမှား လရောင်အောက်တွင် နှစ်ယောက်သား ခုန်ပျံတိုက်ခိုက်လျက် ရှိနေကြ၏။ သူတို့နှစ်ယောက်၏ ပြင်းထန်သော ဓားချက်များကြောင့် ဝန်းကျင်တစ်ခုလုံး မုန်တိုင်းကျသလို ဖြစ်ပေါ်နေ၏။

ဖုစင်ကြွယ်က ဓားကိုလှန် ၍ မျက်နှာဖုံးစွပ်ကို တိုက်ခိုက်လိုက်ရာ မျက်နှာဖုံးစွပ်က ရှောင်တိမ်းလိုက်ပြီး ရှေ့သို့ တစ်ဟုန်ထိုး ခုန်မျှ ဝင်ရောက်လာ၏။

မျက်နှာဖုံးစွပ်ဓားသမားက ကြယ်ကြွေကျသည့်အလား ဝင်းလက်သောဓားချက်များကို အသုံးပြု တိုက်ခိုက်ပစ်လိုက်သည်။

'ရှစ်'

'အား'

မျက်နှာဖုံးစွပ်ဓားသမား၏ ဓားချက်ကြောင့် ဖုစင်ကြွယ်၏မျက်နှာတွင် ကန့်လန့်ဖြတ်ဓားချက် ထိသွားကာ သွေးများက ရဲခနဲ ဖြစ်ပေါ်သွား၏။

ဖုစင်ကြွယ်မှာ မျက်နှာတွင် ဓားချက်ထိသည်နှင့် နောက်သို့ ပက်လက်လန် လဲကျသွားရ၏။ ဖုစင်ကြွယ်မှာ ချက်ချင်း





ပြန်ထမလာနိုင်ပေ။ အော်ဟစ်လူးလှိမ့်သွားရ၏။ သွေးများက မြေပြင်တွင် စွန်းထင်းသွားရ၏။

မျက်နှာဖုံးစွပ်ဝတ်စုံနက်ဓားသမားသည် ဓားစကြာ ဂိုဏ်းခွဲမှူး ဖုစင်ကြွယ် လဲကျသွားသည်နှင့် နေရာမှ ထွက်ခွာပျောက်ကွယ်သွားလေတော့သည်။ ထိုနေရာတွင် အနက်ရောင် သံမဏိနဂါးရုပ်ကလေးတစ်ရုပ်သာ ကျန်ရစ်ခဲ့လေ၏။ နဂါးနက်သိုင်းသမားဟူသော အဓိပ္ပာယ်ပင် ဖြစ်ပေတော့သည်။

• • •

'ဒေါက်'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာ အကြီးအကျယ် ဒေါသထွက်နေရလေပြီ။ သူ၏ တူတော်မောင်လည်းဖြစ်၊ ဓားစကြာဂိုဏ်းခွဲမှူးလည်းဖြစ်သည့် ဖုစင်ကြွယ်ကို မျက်နှာဖုံးစွပ် ဓားသမားတစ်ယောက်က တိုက်ခိုက်ပြီး မျက်နှာတွင် ရုပ်ပျက်ဆင်းပျက် ဓားဒဏ်ရာကြီး ရရှိအောင် ပြုမူခဲ့ခြင်းကြောင့်ပင် ဖြစ်ချေသည်။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး၏ရှေ့ ကျောက် စားပွဲကြီးထက်တွင် သံမဏိရောင် တဖိတ်ဖိတ် တောက်ပနေသည့် နဂါးရုပ်ကလေးတစ်ရုပ်က ရှိနေ၏။

ဖြုံးခနဲကြည့်လိုက်လျှင် ဓားပျံတစ်လက်ဟု ထင်မှတ်ရပေမည်။ နဂါးရုပ်ကလေးမှာ လက်ရာမြောက်စွာ ထုလုပ်ထားခြင်းပင် ဖြစ်ပေ၏။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာ စားပွဲထက်မှ နဂါးရုပ်ကလေးကို စူးစိုက်ကြည့်နေမိသည်။

နဂါးရုပ်ကလေးမှာ သက်ဝင် လှုပ်ရှားနေသည့်အလား မှတ်ထင်ရလောက်ပေ၏။ မာယင်ချုံးနှင့် မလှမ်းမကမ်းတွင် တူအောင်မောင် ဖုစင်ကြွယ်က မျက်နှာတွင် ဆေးပတ်တီးစည်း နှောင်ပေးထား ထိုင်လျက်ရှိနေသည်။

မာယင်ချုံးက ဖုစင်ကြွယ်အား....

'တူတော်မောင်၊ ဒီကောင်ဟာ ဘယ်သူဆိုတာ မသိလိုက်ရဘူးလား'

'မသိလိုက်ရပါဘူးခင်ဗျာ၊ သူဟာ ဓားပညာမှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပြီး ထိပ်တန်းအဆင့်ကို ကျော်လွန်နေတဲ့ ဓားသမားတစ်ယောက်ပါပဲ၊ သူ့ရဲ့လှုပ်ရှားမှုမျိုးကို သိုင်းလောကမှာ တစ်ခါမှ မမြင်ဖူးပါဘူး၊ ဓားကွက်တွေက အင်မတန်မှ ဆန်းပြားနေပါတယ်'

မာယင်ချုံးက မျက်မှောင်ကြုတ်လိုက်ကာ...

'အင်း...ဒီကောင်ဟာ သိုင်းလောကထဲကို ခုမှဝင်လာတဲ့ သိုင်းသမားတစ်ယောက်ပဲ ဖြစ်ရမယ်၊ ဒီကောင်ဟာ ဟွမ်ဟိုမြစ်နဂါးသိုင်းပြိုင်ပွဲကို လာနေတာပဲဖြစ်ရမယ်'

'မှန်ပါတယ်ဦးရီးတော်၊ ဒီကောင်ဟာ ဟွမ်ဟိုမြစ် နဂါးသိုင်းပြိုင်ပွဲကို လာတာပဲဖြစ်ရမယ်'

'ဒီကောင်ဟာ အသက်ဘယ်လောက်ရှိပြီလို့ ခန့်မှန်းရသလဲ'

'ဒီကောင်ဟာ ကျွန်တော်နဲ့ အသက်ချင်း မတိမ်းမယိမ်း လောက် ရှိပါတယ်၊ အသက်ဆယ့်ရှစ်နှစ်လောက် အများဆုံးပါပဲ'

'အသက် ဆယ့်ရှစ်နှစ်'





မာယင်ချုံးက ရေရွတ်လိုက်ပြီး ကျောက်စိမ်းကုလားထိုင်ကြီးကို ကျောမှီကာ အသာစဉ်းစားနေလိုက်၏။ ဤမျှငယ်ရွယ်နုနယ်သော လုလင်ပျိုတစ်ယောက်၏ ဓားပညာမှာ အလွန်အံ့သြစရာကောင်းလောက်အောင် အစွမ်း ထက်မြက်နေပေသည်။

'ဒီကောင် ဘယ်သူလဲဆိုတာ မသိရတာခက်တယ်၊ သိလိုက်ရင် ရလောက်ဆို ငါကိုယ်တိုင်လိုက်ပြီး အမှုန့်ကြိတ်ပစ်တယ်'

ဖုစင်ကြွယ်....

'ဘာမှ ပူမနေပါနဲ့ ဦးရီးတော်၊ ဒီကောင် ကျွန်တော်တို့ရဲ့ သိုင်းပြိုင်ပွဲကို ကျိန်းသေပေါက် ရောက်လာရမှာပါ၊ ဒီကောင် ရောက်လာတာဟာ သူ့သေတွင်း သူတူးတာပဲ ဖြစ်သွားပါလိမ့်မယ်'

မာယင်ချုံးက တစ်ချက်စဉ်းစားလိုက်မိရင်း....

'ဒီကောင်ဟာ သိုင်းပြိုင်ပွဲကို လာတာက အရေးမကြီးဘူး၊ သူ ဘယ်သူလဲဆိုတာ မသိရတာက ခက်တယ်၊ သိုင်းလောကသားတွေက ဒီလောက်များနေတာ ဘယ်လိုခွဲခြားရနိုင်မှာလဲ၊ ဒီကောင့်ဓားကွက်တွေက ဘယ်လိုဓားကွက်မျိုးတွေ အသုံးပြုသလဲ သိသလား'

'သူအသုံးပြုတဲ့ ဓားကွက်ဓားချက်တွေဟာ အင်မတန်မှ ဆန်းပြားလျှို့ဝှက်ပါသယ်၊ သိုင်းလောကမှာ တစ်ခါမှ မမြင်ဖူးပါဘူး'

'အင်း စဉ်းတော့ စဉ်းစားစရာပဲ၊ သူက ဒီနဂါးရုပ်ကို သူ နဂါးနက်လို့ နာမည်ပေးထားတာပါ'

ယင်းအချိန်မှာပင် ခန်းမဆောင်ကြီးအတွင်းသို့ ခိုးစကြာဂိုဏ်းသားများ ဝင်ရောက်လာကာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးကို အရိုအသေပြုလိုက်ကြ၏။ မာယင်ချုံးက တင်းမာပြတ်သားသော လေသံဖြင့်...

'မင်းတို့ကောင်တွေ ဘာအသုံးကျသလဲ၊ ငါတို့ နယ်မြေထဲမှာ လူစိမ်းခိုးသမားတစ်ယောက် ရောက်နေပြီ၊ ဒီကောင်ဟာ နဂါးနက်လို့ သူ့ကိုယ်သူ နာမည်ပေးထားတယ်၊ ခိုးကွက်တွေက ဆန်းပြားတယ်။ အသက်က ဆယ့် ရှစ်နှစ်လောက် ရှိတယ်၊ ဒီကောင့်ကို အမြန်ဆုံး ပိုက်စိပ်တိုက်ရှာဖွေကြ၊ တွေ့တဲ့နေရာမှာ ရှင်းပစ်လိုက်'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

ခိုးစကြာဂိုဏ်းသားများက ဂိုဏ်းချုပ်ကြီး မာယင်ချုံးကို အရိုအသေပြုကာ ခန်းမဆောင်ကြီး အတွင်းမှ အလျင်အမြန် ထွက်ခွာသွားကြလေတော့၏။

မာယင်ချုံးနှင့် ဖုစင်ကြွယ်တို့က ဟွမ်ဟိုမြစ်နဂါးသိုင်းပြိုင်ပွဲကြီး ကျင်းပရန်အတွက် အသေးစိပ်တိုင်ပင် ဆွေးနွေးလိုက်ကြ၏။

• • •

ညအမှောင်အောက်တွင် လူတစ်ယောက်က ပြေးလွှားလာသည်။ ထိုသူက ဝတ်စုံနက်မျက်နှာဖုံးစွပ်ခိုးသမားပင်ဖြစ်၏။ သူက ခိုးစကြာဂိုဏ်းခွဲမှူးဖုစင်ကြွယ်ကို မှတ်လောက် သား ခလောက်အောင် ဆုံးမပစ်ခဲ့သူ ဖြစ်၏။





ဝတ်စုံနက်ခိုးသမားက ဂျုံခင်းဖက်နေရာသို့ အရောက် ရုပ်ဖျက်ထားသည်များကို ဖယ်ဖျက်ပြီး မျက်နှာဖုံးကိုချွတ်ပစ်လိုက်၏။ အဝတ်အစားများကိုလည်း လဲလှယ် ဝတ်ဆင်လိုက်သည်။

အနက်ရောင်ဝတ်စုံမှသည် အဖြူရောင်ဝတ်စုံသို့ ပြောင်းလဲသွားရပြီး ခန့်ညားတည်ကြည်သော လူရွယ်၏ရုပ်သွင်က ထွက်ပေါ်လာ၏။ ထိုလူရွယ်သည်ကား ဝမ်ဝေယန်ပင်ဖြစ်လေသည်။

ဝမ်ဝေယန်က မှင့်သီးမောက်မာရိုင်းပျလှသော ဖုစင်ကြွယ်ကို ရုပ်ဖျက်ကာ လိုက်လံတိုက်ခိုက်ဆုံးမပေးခဲ့ခြင်းပင် ဖြစ်ခဲ့လေသည်။

သူ၏ခေါ်ချက်မှာ ခိုးစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်၏ မျက်နှာတွင် ပယ်ဖျက်မရအောင် သေရာပါအမှတ်အသားကြီး ဖြစ်ပေါ်သွားရလေပြီ။

ဝမ်ဝေယန်က ဟွမ်ဟိုမြစ်ကမ်းပါးရှိ ခေသာက်မဝ အရက်ဆိုင်ကလေးအတွင်းသို့ ဟန်မပျက်ပင် ခပ်တည်တည်ပြုံးလည် ဝင်ရောက်လာခဲ့၏။

သူက ဆိုင်ထောင့်ရှိစားပွဲတွင်ထိုင်ကာ အရက်နှင့် စားစရာများကို မှာယူလိုက်သည်။

မကြာမီ ဆိုင်ထဲသို့ ခိုးစကြာဂိုဏ်းသားများ ဝင်ရောက်လာကြပြီး လူစိမ်းများကို စစ်ဆေးကြ၏။ ဝမ်ဝေယန်က မိမိသည် စာပေသမား တစ်ယောက် ဖြစ်ကြောင်း ပြောပြလိုက်သည်။

ဝမ်ဝေ့ယန်၏ ပုံသဏ္ဌာန်မှာလည်း အရက် အလွန်အကျွံ သောက်တားသော စာပေသမားတစ်ယောက်၏ ပုံသဏ္ဌာန်မျိုး ဖြစ်နေသဖြင့် ဓားစကြာ ဂိုဏ်းသားများက ဝမ်ဝေ့ယန်ကို ဆက်လက်မစစ်ဆေးတော့ဘဲ ထွက်ခွာသွားကြလေ၏။

သောက်မဝ အရက်ဆိုင်အတွင်း သိုင်းလောကသားများက ရှိနေကြ၏၊ သတင်းမှာ ပျံ့နှံ့နေလေပြီ။ ဓားစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ် ဓားချက်ထိသွားကြောင်းကို အားလုံးက သိနေကြ၏။ သိုင်းလောကသားများမှာ တိတ်တခိုးလေး ဝမ်းသာပီတိဖြစ်နေကြရ၏။

မည်သည့်လက်ချက်မှန်းတော့ မသိကြရပေ။ နဂါးနက်ဟု မိမိကိုယ်ကိုမိမိ နာမည်ပေးထားသည့် ဓားသမားတစ်ယောက်က ဖုစင်ကြွယ်ကို တိုက်ခိုက်လိုက်ကြောင်း သတင်းရရှိထားကြ၏။

ဓားစကြာဂိုဏ်းသားများ ထွက်ခွာသွားကြသည်နှင့် သိုင်းသမားတစ်ယောက်က အရက်ခွက်ကိုမြှောက်လိုက်ပြီး....

'ကိုင်း ဒီညတော့ မင်္ဂလာညပါပဲ၊ အယုတ်တမာကောင်တော့ ဒဏ်ရာအကြီးအကျယ် ရသွားပြီ'

ထိုသူကို အဖော်များက တီးတိုးသတိပေးလိုက်ဖြင့် ထိုသူက အရက်ကိုမော့သောက်ကာ ပြန်ထိုင်နေလိုက်ရ၏။ သိုင်းလောကသားများက ကိုယ့်အစုနှင့်ကိုယ် စကားများပြောဆိုကာ အရက်များသောက်စားလျက်ရှိနေကြ၏။

ယင်းအချိန်မှာပင် အပြင်ဘက်မှ ဆူညံသောအသံများ ကြားလိုက်ရပြီး ဓားစကြာဂိုဏ်းသားများက လူရွယ်တစ်





ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့မြင်လိုက်ကြရ၏။

ထိုလူရွယ်ကို နဂါးနက်ဟုစွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်လာကြခြင်းပင်ဖြစ်၏။ လူရွယ်က မဟုတ်ကြောင်း ပြောဆိုနေသော်လည်း မရပေ။ ဓားစကြာဂိုဏ်းသားများက လူရွယ်ကို ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

စင်စစ် လူရွယ်မှာ ရိုးသားသော လယ်သမား လူရွယ်တစ်ယောက်ပင်ဖြစ်၏။ သိုင်းအသင့်အတင့်တတ်မြောက်ထားသဖြင့် ဓားစကြာဂိုဏ်းသားများက အထင်အမြင်လွဲမှားကာ ဖမ်းဆီးလာကြခြင်းပင်ဖြစ်၏။

ဓားစကြာဂိုဏ်းသားများက လူရွယ်ကို မြစ်ဆိပ်သို့ခေါ်ဆောင်သွားကာ ရိုက်နှက်စစ်ဆေးနေကြ၏။

'ဟိတ်ကောင် မင်း နဂါးနက်မဟုတ်လား'

ဓားစကြာ ဓားသမားများခေါင်းဆောင် လူဝကြီးက လူရွယ်ကို အော်ငေါက် မေးမြန်းလိုက်၏။ လူရွယ်က....

'ကျွန်တော့် နာမည်က ကုန်းယီထန်ပါ၊ လယ်သမားတစ်ပါ ဘာနဂါးနက်မှလည်း မသိရပါဘူး'

'မင်း လိမ်ပြောမနေနဲ့၊ မင်းဟာ နဂါးနက်ဖြစ်ရမယ်၊ ငါတို့သခင်လေး ဖုစင်ကြွယ်ကို တိုက်ခိုက်တာ မင်းမဟုတ်လား'

'မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော် ရွာထဲမှာပဲ ရှိနေပါတယ်'

ကုန်းယီထန်ကို ဓားစကြာဂိုဏ်းသားများက ကြိုးများဖြင့် တုတ်နှောင်ထားကြ၏။ လူဝကြီးက ဓားပြားကြီးကို ရှမ်းခနဲ ဆွဲထုတ်လိုက်ကာ....

‘ကိုင်း ဘုရားတာသွားသော ငရဲအောက်မှ ပေတော့ နဂါးနက်ရေ...’

လူဝကြီးက စကားဆုံးသည်နှင့် ဓားပြားကြီးကိုမြှောက်ကာ ကုန်းယီထန်အား ခုတ်ချပစ်လို၏။

ရှူး တရက် လက်နက်ပုန်းတစ်ခုက လေထဲမှလွင့်ပျံလာပြီး လူဝကြီး၏ဓားကို ထိခတ်လိုက်ရာ လူဝကြီး၏ဓားမှာ ကုန်းယီထန်နှင့် လွဲချော်သွားရသလို ဓားလက်ကိုင်မှလည်း ထွက်ကျ သွားရ၏။

‘ဟင်’

လူဝကြီးနှင့် ဓားစကြာဂိုဏ်းသားများက လက်နက်ပုန်း လာရာဆီသို့ ကြည့်လိုက်ရာ အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံး စွပ်ဓားသမားတစ်ယောက် တွေ့မြင်လိုက်ရ၏။

လူဝကြီးနှင့် ဓားစကြာဂိုဏ်းသားများမှာ ထိုသူကိုတွေ့ လိုက်ရလျှင် ထိတ်လန့် ချောက်ချားသွားကြရ၏။

ထိုသူသည် ဓားစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်ကို ဓားချင်း ယှဉ်ကာ အနိုင်ယူတိုက်ခိုက်ခဲ့သော နဂါးနက်ဆိုသည့် ဓားသမားလူရှယ်ဖြစ်နေခြင်းကြောင့်ပင်တည်း။

မျက်နှာဖုံးစွပ်ဓားသမား လူရှယ်က အေးစက်ခက်ထန် သောလေသံဖြင့်....





‘ဟိတ် မင်းတို့ဖမ်းလာတာ လူမှားနေပြီ၊ နဂါးနက် ဒီမှာ ကွ၊ သူ့ကို ချက်ချင်း လွှတ်ပေးလိုက်ကြစမ်း’

လူဝကြီးက ကြောက်လန့်နေသော်လည်း ဟန်မပျက်စေဘဲ မျက်မှောင်ကြုတ်လိုက်ကာ....

‘မင်းက ဘာကောင်မို့ ဒီကောင့်ကို ငါက လွှတ်ပေးရမှာ လဲ၊ မင်းက သူ့အစား အဖမ်းခံမလို့လား’

‘သိပ်မှန်တာပေါ့ကွ’

မျက်နှာဖုံးစွပ်ဓားသမား လူရှယ်က စကားဆုံးသည်နှင့် အောက်သို့ ပျံသွားငှက်တစ်ကောင်ပမာ ထိုးဆင်းကျရောက် လာ၏၊

ရောက်လာလာချင်းပင် မျက်နှာဖုံးစွပ် ဓားသမားလူရှယ် က ဓားကို ဝေ့ယမ်းဝှေ့လိုက်ရာ လူဝကြီးနှင့် ဓားစကြာဂိုဏ်း သားများမှာ အလိုအလျောက် နောက်သို့ ဆုတ်သွားမိကြရ သလို ကုန်းယီထန်၏ ကိုယ်မှ ချည်နှောင်ထားသော ကြိုးများ မှာလည်း လျှပ်မြက်သော ဓားချက်ကြောင့် ပြတ်တောက်ထွက် သွားကြရလေတော့၏။ ပြင်းထန်သော တိုက်ပွဲမှာ စတင်လာ ခဲ့လေပြီ။

ချက်ချင်းပင် လူဝကြီးခေါင်းဆောင်သော ဓားစကြာ ဂိုဏ်းသားများက မျက်နှာဖုံးစွပ် ဓားသမားလူရှယ်ကို ဝိုင်းဝန်း တိုက်ခိုက်လိုက်ကြ၏။

လူဝကြီးမှာ မျက်နှာဖုံးစွပ်၏ ဓားချက်ကြောင့် နားရွက် တစ်ဖက် ပြတ်ကာ အော်ဟစ်ရင်း နောက်သို့ လဲကျသွားရ၏။ ပြန်မထလာနိုင်တော့ပေ။

'အား'

တိုက်ပွဲမှာ တစ်ခဏချင်းမှာပင် ဖြစ်ပွားလာ၏။ မျက်နှာဖုံးစွပ် ဓားသမားလူရှယ်၏ လျှပ်ပြက်သလို ဓားချက်များကြောင့် ဓားစကြာဂိုဏ်းသားများမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျနေကြရ၏။

နောက်ဆုံးတွင် လူဝကြီးမှာ ကိုယ်လွတ်ရုန်းကာ ခြေဦးတည့်ရာသို့ ထွက်ပြေးသွားရလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

'ဝှီ ဝှီ ဝှီ'

မျက်နှာဖုံးစွပ် ဓားသမားလူရှယ်က ဓားကို အဆက်မပြတ် ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်ရာ ဓားစကြာဂိုဏ်းသားများမှာ ထိတ်လန့်ပြီး သူတို့၏ ခေါင်းဆောင် လူဝကြီးနောက်သို့ ပြေးလိုက်သွားကြလေတော့၏။

ဓားစကြာဂိုဏ်းသားများ ဆုတ်ခွာထွက်ပြေးသွားကြလျှင် ကုန်းယီထန်က မျက်နှာဖုံးစွပ် ဓားသမားလူရှယ်အား အရိုအသေပြုလိုက်ကာ....

'ခုလို ကျုပ်အသက်ကို ကယ်တင်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဆရာလေးက နဂါးနက်ဆိုတာ တကယ်ပဲလား'

'ဟုတ်ပါတယ်၊ ကျုပ်ရဲ့ ဘွဲ့နာမည်က နဂါးနက်ပါ၊ နဂါးနက်ဟာ ဓားစကြာဂိုဏ်းရဲ့ သေမင်းတမန်ပါပဲ၊ ဓားစကြာဂိုဏ်းကြီးတစ်ဂိုဏ်းလုံးကို အမြစ်ကနေ လှန်ဖို့ ရောက်လာခဲ့တာပါပဲ'





ကုန်းယီထန်က....

'ဆရာလေးနဲ့ တွေ့ရတာ အထူးပဲ ဝမ်းမြောက်ပါတယ်၊ ကျုပ်တို့ ရွာသားတွေထဲလဲ သိုင်းပညာတတ်မြောက်တဲ့လူတွေ အတော်များများ ရှိပါတယ်၊ ဓားစကြာဂိုဏ်းကို လျှို့ဝှက်ဆန့်ကျင်နေတဲ့ လူတွေပါပဲ၊ ကျွန်တော်တို့က အဖွဲ့လေးတစ်ဖွဲ့ ထူထောင်ထားပါတယ်၊ ကျွန်တော်တို့က ဒီအဖွဲ့ကို လင်းယုန်လို့ အမည်ပေးထားပါတယ်၊ ဓားစကြာဂိုဏ်းကို တော်လှန်ဖို့ပါပဲ'

'ခင်ဗျားတို့ရွာက ဘယ်မှာလဲ'

'ကျွန်တော်တို့ရွာက ဟိုဘက်ကမ်းမှာ ရှိပါတယ်၊ ပင်လယ်ပြာကျေးရွာလို့ ခေါ်ပါတယ်၊ ကျွန်တော့် နာမည်ကို ရွာမှာ မေးလိုက်ရင် ရပါတယ်၊ ကျွန်တော်က ကျေးရွာမှာ လူငယ်တွေ ခေါင်းဆောင်ပါ၊ ကျွန်တော်တို့ဆီကို အချိန်မရွေး လာနိုင်ပါတယ်'

'ကျွန်တော် အရေးကြီးရင် လာခဲ့ပါ့မယ်၊ ကျွန်တော်တစ်ယောက်တည်းနဲ့ ဒီဓားစကြာရဲ့ဘိုက်ကို ဖြိုခွင်းသို့ ရမှာမဟုတ်ဘူး၊ စုပေါင်းအင်အားနဲ့ ဖြိုခွင်းမှသာ ရနိုင်ပါလိမ့်မယ်'

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြ၏။ ကုန်းယီထန်က လှေတစ်စင်းနှင့် တစ်ဘက်ကမ်းသို့ လျင်မြန်စွာ ထွက်ခွာသွားသလို နဂါးနက်ဆိုသည့် မျက်နှာဖုံးစွပ် ဓားသမားလူရှယ်ကလည်း ဂျုံခင်းကြီးများကြားသို့ တိုးဝင်ပျောက်ကွယ်သွားလေ၏။

## (၄၇)

ဝမ်ဝေယန်သည် သိုင်းလောကသားများနှင့် ရောနှောကာ သိုင်းပြိုင်ပွဲကျင်းပရာ ပွဲတော်ကြီးသို့ ရောက်ရှိလာခဲ့လေပြီ။

ပွဲတော်တစ်လျှောက် ဈေးဆိုင်များ တည်ခင်းရောင်းချလျက် ရှိနေ၏။ ဒယ်အိုးမွှေသံ၊ လူခေါ်သံများက ဆူညံလျက် ရှိနေသည်။

သိုင်းပြိုင်ပွဲကြီးကျင်းပမည့် စင်မြင့်ကြီးမှာ ကမ်းပါးချောက်ကြီးထိပ်တွင် တည်ဆောက်ထားပြီး လေတဟူးဟူး တိုက်ခတ်လျက်ရှိနေ၏။

အသံများမှာ လေထဲတွင် တဖျပ်ဖျပ် လှုပ်ခါလွင့်မျောလျက် ရှိနေကြ၏။ ဝမ်ဝေယန်က ပွဲတော်အတွင်း လှည့်ပတ်ကြည့်နေမိ၏။ ဗေဒင်ဆရာတစ်ယောက်က တုတ်ချောင်းကလေး





များကို ဝါးဘူးထဲတွင် လှုပ်ခါကာ လူခေါ်လျက် ရှိနေ၏။ မျက်လှည့်ဆရာများလည်း ရောက်ရှိနေ၏။

မျောက်ပွဲမှာလည်း လူများ ကျိတ်ကျိတ်တိုးလျက် ရှိနေ၏။ ကပွဲရုံတစ်ရုံဆီမှ ဗုံသံ သင်းကွင်းသံများကို ကြားနေရ၏။ သိုင်းပြိုင်ပွဲကျင်းပချိန် အချိန်စော သိုသေးသဖြင့် ဝမ်ဝေယန်က ဇာတ်ရုံအတွင်း ဝင်ရောက်လာခဲ့၏။

ဇာတ်ရုံထဲတွင်လည်း သိုင်းလောကသားများနှင့် ပြည့်နှက်လျက် ရှိနေ၏။ ရှေ့ဆုံးမှ ကြည့်နေကြသူများမှာ ဓားစကြာ ဂိုဏ်းသားများ ဖြစ်ကြသည်။

ဓားစကြာဂိုဏ်းသားများမှာ ကပြသီဆိုနေသော မိန်းမပျို များကို နောက်ပြောင်ကျီစယ်လျက် ရှိနေကြ၏။ ဓားစကြာ ဂိုဏ်းသား အတော်များများမှာ မူးနေကြလေပြီ။

ကြည့်နေကြသော အဖြူရောင် သိုင်းသမားများမှာ မူးရူးနေသော ဓားစကြာဂိုဏ်းသားများကို ကြည့်မရဘဲ ဖြစ်နေကြရသည်။

ကပြဖျော်ဖြေနေသော မိန်းမပျိုများမှာ ဓားစကြာဂိုဏ်း သားများ၏ အော်ဟစ်သံများကြောင့် အတော်ကလေး အနေခက်အယှက် ဖြစ်နေကြရ၏။ မကြာမီ ဓားစကြာဂိုဏ်းမှ အမူးသမားတစ်ယောက်က ဇာတ်စင်အပေါ်သို့ တက်ရန် ကြိုးစားနေလေတော့၏။

သူ့အဖော်များကလည်း ဝိုင်းဝန်း မြှောက်ပင့်အားပေးနေကြ၏။ ထိုအချိန်မှာပင် အဖြူရောင်သိုင်းလောကသားများက ရှေ့သို့ ထိုးထွက်လာကြကာ....

'ဟိတ် ပွဲကြည့်ရင် ကောင်းကောင်းကြည့်ပါကွ၊ ဘာဖြစ်လို့ မိန်းကလေးတွေကို အနှောင့်အယှက် ပေးချင်ရတာလဲ'

'အောင်မာ မင်းက ဘာကောင်လဲ၊ ဇီနယ်မြေက ဘယ်သူ့နယ်မြေလဲဆိုတာ မင်းမသိဘူးလား'

'လူပါးဝတဲ့ကောင် ချကြကွာ'

ပွဲခင်းတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကြရ၏။ တစ်ဘက်နှင့်တစ်ဘက်ကို ထိုးကြ၊ ခုတ်ကြ ထစ်ကြ ဖြစ်ကုန်ကြရလေသည်။

ဝမ်ဝေယန်မှာလည်း မနေသာတော့ဘဲ အဖြူရောင်သိုင်းသမားများဘက်မှ ဝင်ရောက်ကာ တိုက်ခိုက်ပေးလိုက်ရလေသည်။

'ဖြောင်း'

'အား အင့်'

ဝမ်ဝေယန်၏ လက်ဝါးရိုက်ချက်ကြောင့် ဓားစကြာဂိုဏ်းသား နှစ်ယောက်မှာ အော်ဟစ်ကာ လွင့်စဉ်ထွက်သွားရ၏။ ဓားစကြာဂိုဏ်းသားတစ်ယောက်က ဓားကို ဝေ့ယမ်းကာ ဝမ်ဝေယန်ထံသို့ လှသားဝင်လာကြ၏။

ဝမ်ဝေယန်က ဓားချက်ကို ရှောင်တိမ်းပေးလိုက်ပြီး ကြိုးကြာခြေကန်ချက်ဖြင့် ကန်ထုတ်ပစ်လိုက်ရာ ထိုသူမှာ လူအခြားဓားတခြားဖြစ်ကာ လွင့်စဉ်ထွက်သွားရလေ၏။ ထိုသူမှာ ပြန်ထမလာနိုင်တော့ပေ။

ယင်းအချိန်မှာပင် အပြင်ဘက်မှ မောင်းသံများ ထွက်ပေါ်လာသဖြင့် အားလုံးမှာ လူစုခွဲကာ ဟန်မပျက် နေလိုက်ကြ၏။





ဓားစကြာဂိုဏ်းမှ တာဝန်ရှိသူများ ရောက်ရှိလာခြင်းကြောင့်ပင်ဖြစ်၏။

ထိုသူများက ပွဲတော်လုံခြုံရေးကို တာဝန်ယူထားကြသူများပင် ဖြစ်ကြ၏။ အပြင်ဘက်မှ မောင်းသံ ထွက်ပေါ်လာသည်နှင့် တိုက်ခိုက်နေသူများ လူစုခွဲကာ ဟန်မပျက် နေလိုက်ကြသည်။

မကြာမီ သိုင်းပြိုင်ပွဲကြီး စတင်ကျင်းပတော့မည်ဖြစ်သဖြင့် အားလုံးက သိုင်းပြိုင်ပွဲကျင်းပမည့် ကမ်းပါးချောက်ကြီးဆီသို့ စုရုံးကာ ထွက်ခွာလာခဲ့ကြ၏။ ဝမ်ဝေယန်ကလည်း ထိုလူစုနှင့် ရောနှောကာ လိုက်ပါလာခဲ့၏။

သိုင်းပြိုင်ပွဲကြီးကျင်းပမည့်နေရာတွင် ပရိသတ်များ အထူးစုံလင်စွာ ရောက်ရှိနေကြလေပြီ။ ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးကလည်း ကိုယ်ရံတော်ဓားသမားများ ခြံရံကာ ရောက်ရှိနေလေပြီ။

ဂိုဏ်းခွဲမှူး ဖုစင်ကြွယ်မှာလည်း မျက်နှာတွင် ဓားထည့်ထား ပတ်တီးအဖွေးသားနှင့် တွေ့မြင်နေရ၏။

သိုင်းလောက ပရိသတ်များ စုံလင်သည်နှင့် ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက ဟွမ်ဟိုမြစ်နဂါး သိုင်းပြိုင်ပွဲကြီးကို စတင်ဖွင့်လှစ်ပေးလိုက်လေတော့သည်။ မာယင်ချုံးက နဂါးရုပ်ထိုးထားသော ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

မာယင်ချုံးက ပြိုင်ပွဲစင်မြင့်ထက်သို့ တက်ရောက်လာကာ နတ်မင်းကြီးများနှင့် မိုးသိကြားကို တိုင်တည်ကန်တော့လိုက်

သည်။ ဆရာသမားများကို ရည်စူးကာ ကန်တော့လိုက်၏။ ပြီးမှ သိုင်းလောကသားများဘက်သို့လှည့်ကာ ပြောကြားလိုက်၏။

'ကျုပ် ခေါ်းစကြာဂိုဏ်းကြီးဟာ ကြီးမှူးကျင်းပမယ့် ဟွမ်ဟိုမြစ်နဂါးသိုင်းပြိုင်ပွဲကြီးဟာ မကြာခင်မှာ စတင်ကျင်းပပါတော့မယ်၊ ဒီသိုင်းပြိုင်ပွဲကြီး ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ သိုင်းလောကသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြစေဖို့နဲ့ သိုင်းလောကက နောက်ပေါ်လာ တက်သစ်စ သိုင်းသမား လူငယ်လူရွယ်တွေရဲ့ အစွမ်းအစကို ဖော်ထုတ်ဖို့ပဲ ဖြစ်ပါတယ်၊ ဒီပြိုင်ပွဲမှာ ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့် ရှိပါတယ်၊ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခွင့်ရှိပါတယ်၊ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ပါတယ်၊ မိမိကြိုက်နှစ်သက်ရာလက်နက် သုံးစွဲခွင့်ပြုပါတယ်၊ မယှဉ်ပြိုင်ခင် အထူးသတိထားရမှာကတော့ သေမှာကိုကြောက်ရင် စင်ပေါ်ကို မတက်ဖို့ပဲ၊ ဒီပြိုင်ပွဲစင် ဆောက်ထားတာကိုက ကမ်းပါးစောက်ကြီး အပေါ်မှာ ဆောက်ထားတာဖြစ်တယ်၊ မတော်တဆ အောက်ကိုကျသွားရင် အောက်က မိကျောင်းတွေအစာ ဖြစ်သွားမှာ သေချာတယ်'

မှန်ပေသည်။ ကမ်းပါးစောက်ကြီးအောက်တွင် ကြောက်စရာကောင်းလှသော မိကျောင်းကြီးများ ရှိနေသည် မဟုတ်ပါလား။

တိုက်ခိုက်နေရင်း မတော်တဆ အောက်သို့ ထိုးဆင်းကျရောက်သွားပါက မိကျောင်းကြီးများအစာ ဖြစ်သွားရပေလိမ့်မည်။ သိုင်းလောကသားများမှာ ကမ်းပါးစောက်အောက်ရှိ မိကျောင်းကြီးများကိုကြည့်ကာ ကြက်သီးများ ထသွားကြရသည်။





ခေါ်းစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးက အဖွင့်စကားများ ပြောကြားသွားပြီးနောက် စင်အောက်သို့ ပြန်ဆင်းသွား၏။ သိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်ကြီးများကလည်း အမှာစကားများ အသီးသီး ပြောကြားလိုက်ကာ ဟွမ်ဟိုမြစ်နဂါး သိုင်းပြိုင်ပွဲကြီးကို ဖွင့်လှစ်ပေးလိုက်ပေတော့၏။

ပထမဆုံး ယှဉ်ပြိုင်မည့်သူနှစ်ယောက်တို့ စင်ပေါ်သို့ တက်ရောက်လာကြ၏။ တစ်ယောက်က အဝါရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားပြီး တစ်ယောက်က အပြာရောင်ကိုယ်ကျပ် ဝတ်စုံ ဝတ်ဆင်ထား၏။ နှစ်ယောက်စလုံး ရွယ်တူများ ဖြစ်ကြပေသည်။

အဝါရောင်ဝတ်စုံနှင့် သိုင်းသမားမှာ ခေါ်းစကြာဂိုဏ်းမှ ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်သော စုယဲ့ပိုးဖြစ်ပြီး အပြာရောင်ဝတ်စုံနှင့် သိုင်းသမားမှာ ထိုက်ကျီဂိုဏ်းမှ လက်ရွေးစင်ဓားသမား ယန့်ထန်ဘင်ဆိုသူပင်ဖြစ်၏။

နှစ်ယောက်စလုံးက ဓားသမားများဖြစ်ကြကာ ဓားများနှင့်ပင် တိုက်ခိုက်ယှဉ်ပြိုင်ကြမည် ဖြစ်ပေသည်။ ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည်နှင့် နှစ်ယောက်စလုံးက ဓားများကို ဆွဲထုတ်လိုက်ကြသည်။ ဓားရိပ်ဓားငွေ့ များက သူတို့နှစ်ယောက် စလုံးကိုသာမက ဝန်းကျင်တစ်ခုလုံးကိုပါ ဖုံးလွှမ်းထား၏။

'ယား'

'ဟိုင်း'

နှစ်ယောက်စလုံးက မာန်သွင်းတိုက်ခိုက်လိုက်ကြ၏။ ဓားရောင်များက ကြောက်ခမန်းလိလိ ဖွေးဖွေးလက်သွားရ၏။

ဓားလေတိုးသံများ တဝှီးဝှီးကိုပါ ကြားလိုက်ကြရ၏။ ဓားချင်း ထိခက်သံများနှင့်အတူ မီးပွင့်မီးပွားများကလည်း အဆက်မပြတ် ထွက်ပေါ်လာရသည်။

ဓားစကြာဂိုဏ်းမှ ဂူယဲ့ပိုးက ဒုနှစ်စင်ကြယ်ဓားချက်နှင့် တိုက်ခိုက်လိုက်သလို ထိုက်ကျီဓားဂိုဏ်းမှ ယန့်ထန်တင်က ကြယ်တံခွန်ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

နှစ်ယောက်စလုံးက ကြယ်စဉ်ကိုးခန်းဓားချက်ချင်း တူနေသဖြင့် ဓားနှစ်လက်မှာ ယက္ကန်းလွန်းများပမာ ပြေးလွှားကာ အဆက်မပြတ် ထိခတ်လျက် ရှိနေသည်။

ဓားစကြာဂိုဏ်းသားများက ဂူယဲ့ပိုးကို အော်ဟစ် အားပေးနေကြသလို ထိုက်ကျီဂိုဏ်းသားများကလည်း ယန့်ထန်တင်ကို အော်ဟစ်အားပေးလျက်ရှိနေကြသည်။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားနှစ်လက်မှာ လေတိုက်ခတ်သည့်ပမာ မြေးလွှားတိုက်ခိုက်လျက်ရှိနေ၏။ ဓားကွက်ငါးဆယ် ကျော်လာသည့်အထိ တစ်ယောက်ကိုတစ်ယောက် အနိုင်ရအောင် တိုက်ခိုက်နိုင်စွမ်း မရှိကြသေးချေ။ ဓားချက်များသာမက လက်ဝါးရိုက်ချက်နှင့် ခြေကန်ချက်များပါ ရောနှောပူးတွဲ တိုက်ခိုက်လိုက်ကြ၏။

'ဖြောင်း'





လက်ဝါးရိုက်ချက်သံက ပြင်းထန်စွာ ထွက်ပေါ်လာ၏။ နှစ်ယောက်စလုံး နောက်သို့ ယိုင်ဆင်းသွားမိကြရ၏။

ဂူယဲ့ပိုးကလည်း လက်နက်ပုန်းများ ပစ်လွှတ်လိုက်သလို ယန့်ထန်တင်ကလည်း လက်နက်ပုန်းများ ပစ်လွှတ်လိုက်၏။ လက်ပုန်းကလေးများက တဝင်းဝင်းတလက်လက်နှင့် နှစ်ယောက်စလုံးထံကို ပြေးဝင်သွားကြ၏။

နှစ်ယောက်စလုံးက လက်နက်ပုန်းများပစ်လွှတ်ပြီး ဓားများကို ဝေ့ယမ်းလိုက်ကြရာ လက်နက်ပုန်းအသီးသီးမှာ ဓားချက်များနှင့်ဆုံမိဟာ လွင့်စဉ်ထွက်သွားကြရ၏။ လက်နက်ပုန်းကလေးများမှာ တဝင်းဝင်းတလက်လက်နှင့် လွင့်စဉ်ကာ မြစ်ထဲသို့သို့ ကျဆင်းသွားကြရ၏။

'ဟား'

'ဟိုင်း'

နှစ်ယောက်စလုံး အထက်သို့လွှားတက်ကာ တိုက်ခိုက်လိုက်ကြ၏။ ဂူယဲ့ပိုးက နဂါးရေဆင်းဓားချက်နှင့် ယန့်ထန်တင်၏ ရင်ကို ဓားနှင့်ခွဲချရန် ကြိုးစားလိုက်၏။ ယန့်တန်တင်က ဂူယဲ့ပိုး၏ဓားချက်ကို ရှောင်တိမ်းပေးလိုက်ပြီး ဘီလူးခေါင်းဖြတ် ဓားချက်ဖြင့် ဂူယဲ့ပိုး၏ဦးခေါင်းကို ခုတ်ပိုင်းချလိုက်၏။

ဂူယဲ့ပိုးက ရှောင်တိမ်းပေးရင်း ကြိုးကြာခြေကန်ချက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။ နှစ်ယောက်စလုံး ကောထဲမှာပင် ကျွမ်းပန်ကာ အောက်သို့ ပြန်ကျလာကြ၏။ မောင်းသံ ထွက်ပေါ်လာပြီးနောက် သူတို့နှစ်ယောက်၏ပွဲမှာ သရေပွဲအဖြစ် သတ်မှတ်ပေးလိုက်ကြ၏။

နှစ်ယောက်စလုံးက ကြိုးစားတိုက်ခိုက်သော်လည်း တစ်ယောက်ကိုတစ်ယောက် အနိုင်မရဘဲ ဖြစ်သွားကြ၏။

ထို့နောက် နှစ်ယောက်စလုံး ပရိသတ်ကို ဦးညွှတ်အရိုအသေပြုကာ စင်ပေါ်မှ လှည့်ဆင်းသွားကြ၏၊ အောင်ဟစ်အားပေးသူများမှာ ဆူညံပွက်လောရိုက်သွားရ၏၊

ဒုတိယပွဲဦးမှာ စိန်ခေါ်ပွဲပင်ဖြစ်၏။ ဓားစကြာဂိုဏ်းမှ သိုင်းသမားများက သိုင်းလောကသားများကို စိန်ခေါ်လိုက်ခြင်းပင်ဖြစ်၏၊ ထိုသိုင်းသမားများမှာ သံဆစ်တုတ်ရှည်သိုင်းသမား နိကင်းရောင်ဆိုသူဖြစ်၏

နိကင်းရောင်၏ လက်နက်မှာ ဆန်းပြားသောလက်နက်တစ်မျိုး ဖြစ်၏။ အဆစ်အမြစ်များပါရှိသည့် သံမဏိတုတ်ရှည် ဖြစ်၏။ သံမဏိတုတ်ရှည်ထိပ်မှာ ချွန်ထက်နေကာ ဓားပမာ ဖြစ်၏။ တုတ်လိုလိုဓားလိုလို လက်နက်မျိုးပင်ဖြစ်၏။

နိကင်းရောင်က ဓားစကြာဂိုဏ်းဘက်မှနေ၍ ပရိသတ်များကို စိန်ခေါ်လိုက်၏၊ နိကင်းရောင်က ဓားစကြာဂိုဏ်းမှ လက်ရွေးစင် သိုင်းသမားတစ်ယောက်ဖြစ်သော ဂိုဏ်းချုပ်ကြီး မာယင်ချုံး အထူးအားထားသော သိုင်းသမားတစ်ယောက်လည်း ဖြစ်ပေ၏။

နိကင်းရောင်က သံဆစ်တုတ်ရှည်ကို ဟန်ပါပါနှင့် ဝေ့ယမ်းလိုက်ကာ ပရိသတ်များအား ကြွေးကြော်လိုက်၏၊

'ကိုင်း ကျုပ်နဲ့ယှဉ်ပြိုင်မယ့်လူရှိရင် စင်ပေါ်ကိုတက်ခဲ့ကြပါ၊ ကျုပ်က ဘယ်သူမဆို ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်'





သူ၏ စကားမဆုံးမီမှာပင် ပြိုင်ပွဲစင်မြင့်ထက်သို့ သိုင်းသမားတစ်ယောက် လွှားတက်လာ၏။

ထိုသူကို တွေ့မြင်လိုက်ရသည်နှင့် သိုင်းလောကသားများက တစ်ခဲနက်ကာ အောင်ဟစ်အားပေးလိုက်ကြ၏။ ထိုသူက လက်နှစ်ဘက်တွင် ရွှေရောင်တောက်ပြောင်နေသော လင်းကွင်းကြီးနှစ်ချပ်ကို ကိုင်ဆောင်ထား၏။ လင်းကွင်းကြီးအနားသားများမှာ ဓားသွားများပမာ ထက်မြက်တောက်ပြောင်လျက် ရှိနေကြ၏၊

ထိုသိုင်းသမားမှာ ခွန်လွန်ဂိုဏ်းမှ လက်ရွေးစင် သိုင်းသမားတစ်ယောက်ဖြစ်ပြီး သူ၏နာမည်မှာ အုပန်လုံဖြစ်၏။

အုပန်လုံက နိကင်းရောင်ကို လေးစားကြောင်း အမူအရာပြသလိုက်ပြီး ...

'ကိုင်း ကျုပ်က ခင်ဗျားကို ယှဉ်ပြိုင်ပါ့မယ်'

နိကင်းရောင်က အုပန်လုံကိုကြည့်ကာ တဟဲဟဲရယ်မောလိုက်ပြီး....

'ဒီလိုသတ္တိမျိုးမှကြိုက်တာ၊ ကိုင်း စလိုက်ကြရအောင်လား'

စလျင်စချင်းပင် နိကင်းရောင်က သံဆစ်တုတ်ကို ဝေ့ယမ်းကာ အုပန်လုံ၏ ခါးလယ်ကိုရိုက်ပစ်လိုက်၏။ အုပန်လုံက အထက်သို့ လွှားတက်ကာ ရှောင်တိမ်းပေးလိုက်ပြီး လင်းကွင်းဖြင့် နိကင်းရောင်၏မျက်နှာကို ဝေ့ယမ်း၍ ခုတ်ပိုင်းပစ်လိုက်၏။

'ဝိုး'

နိကင်းရောင်သာ အရှောင်မမြန်ပါက မျက်နှာတစ်ခြမ်း ပွတ်ထွက်သွားရမည်မှာ သေချာလှပေတော့သည်။ နိကင်း

ရောင်က လင်ကွင်းရွှေရောင်ကို တွေ့လိုက်ရသည်နှင့် ကိုယ်ကို ဖျပ်ခနဲဝပ်ကာ အထက်သို့ သံဆစ်တုတ်ရှည်ကို ပင့်ကာ ထိုး သွင်းပစ်လိုက်သည်။

'ထန်း'

'ချမ်း'

အုပန်လုံက လင်းကွင်းကြီးနှစ်ချပ်ဖြင့် စေ့ ယမ်းကာကွယ် ပေးလိုက်ရာ နီကင်းရောင်၏ သံဆစ်တုတ်ရှည်မှာ နောက်သို့ ပြန်ကန်ထွက်သွားရလေတော့သည်။

လင်းကွင်းနှစ်ချပ်နှင့် သံဆစ်တုတ်ရှည်တို့ ထိခတ်လိုက်သံ ကြီးမှာ မိုးချုန်းသံကြီးအလား ကြားလိုက်ကြရသည်။

အုပန်လုံ၏ လင်းကွင်းလက်နက်က ဆန်းသလိုနီကင်းရောင် ၏သံဆင်တုတ်ရှည်ကလည်း ဆန်းပြားသော လက်နက်ဆန်းပင် ဖြစ်၏၊ သူတို့နှစ်ယောက် တိုက်ခိုက်ပုံမှာ အလွန်ကြည့်ကောင်း လှာဖြင့် ပရိသတ်များမှာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ဖြစ်နေကြရ၏။

'ဝှ ဝှ ဝှ...'

'ဝှစ် ဝှစ် ဝှစ်...'

အုပန်လုံ၏လင်းကွင်းနှစ်ချပ်က စက်ဝိုင်းပမာ လည်ပတ် ကာ ပြေးလွှားတိုက်ခိုက်နေသလို နီကင်းရောင်၏ သံဆစ် တုတ်ရှည်ကလည်း အဆက်မပြတ် လည်ပတ်ကာ တိုက်ခိုက် လျက်ရှိနေ၏။

တစ်ယောက်ယောက်သာ ထိလိုက်မိပါက ဘုန်းခနဲ လဲကျ သွားရမည်သာ ဖြစ်ပေ၏။ လဲကျသွားပါက မိကျောင်းအစာ





ဖြစ်ရမည်မှာ သေချာလှပေတော့၏။ ထို့ကြောင့် နှစ်ယောက် စလုံးက အထူးသတိထားကာ တိုက်ခိုက်နေကြရသည်။

လင်းကွင်းနှင့် သံဆစ်တုတ်ရှည်တို့၏ စူးရှကျယ်လောင် သော ထိခတ်သံများမှာ ကြောက်ခမန်းလိလိ ထွက်ပေါ် လျက်ရှိနေသည်။ လင်းကွင်းကြီးနှစ်ချပ်မှ ရွှေရောင်များက တဝင်းဝင်း တလက်လက်ဖြစ်နေသလို သံဆစ်တုတ်ဆီကလည်း ဖြူဝင်းသော အလင်းတန်းက ထွက်ပေါ်လျက်ရှိနေ၏။

သိုင်းကွက်တစ်ရာကျော်သည်အထိ ယှဉ်ပြိုင်ကြသော်လည်း တစ်ယောက်ကိုတစ်ယောက် အနိုင်မရကြဘဲ ရှိနေသည်။ သူတို့ နှစ်ယောက်၏ပွဲမှာလည်း နောက်ဆုံးတွင် သရေပွဲအဖြစ် သတ် မှတ်ပေးလိုက်ရတော့သည်။

• • •

ညဥ့်သန်းခေါင်ကျော်လေပြီ။ ဟွမ်ဟိုမြစ်ကမ်းပါးရှိ ခား စကြာ ရဲတိုက်ကြီးမှာ ညဥ့်အမှောင်ထုအောက်တွင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေကြ၏။ ဟွမ်ဟိုမြစ်ရေစီးသံနှင့် လှိုင်းပုတ်သံ များကမူ ကမ်းပါးစောက်ကြီးဆီမှ ကြားနေရ၏။ သိုင်းပြိုင်ပွဲ စင်မြင့်ကြီးမှာလည်း ကမ်းပါးစောက်တွင် တိတ်ဆိတ်ငြိမ်သက် လျက် ရှိနေ၏။

ညဥ့်အမှောင်ထုအတွင်း အဝတ်လေတိုးသံနှင့်အတူ လူရိပ် တစ်ရိပ်က ညဥ့်ငှက်တစ်ကောင်အလား ပျံသန်းထွက်ပေါ်လာ ၏။ ထိုသူက ညဥ့်ခရီးသွား ကိုယ်ကျပ်ဝတ်စုံနက်ကို ဝတ်ဆင် ထားကာ ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထား၏။ ထိုသူ

က ခေါးစကြာဂိုဏ်းရဲတိုက်ကြီးအနီးသို့ ပြေးလွှားချဉ်းကပ်သွား၏။

ထိုသူ၏ ကိုယ်ဖျောက်ပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ရာ အစောင့်များပင် ထိုသူ ရောက်ရှိလာသည်ကို မည်သူမျှ မရိပ်မိလိုက်ကြချေ။ ထိုသူက ကိုယ်ဖျောက်ပညာဖြင့် ရဲတိုက် အပေါ်သို့ ပျံလွှားငှက်တစ်ကောင်ပမာ ထိုးတက်သွား၏။

မျက်စိတစ်မှိတ်လျှပ်တစ်ပြက် အတွင်းမှာပင် ထိုသူသည် ရဲတိုက်ကြီး၏ ပြတင်းပေါက်မှတစ်ဆင့် အတွင်းသို့ ကျရောက်သွား၏။ ရဲတိုက်ကြီးအတွင်းတွင် မှောင်မည်းနေလင့်ကစား ထိုသူက ညကြည့်မျက်လုံးအားနှင့် စူးစိုက်ကြည့်လိုက်ရာ အားလုံးကို ထင်ရှားစွာ တွေ့မြင်နေရ၏။

ထိုသူက ခေါးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး၏ အိပ်ခန်းဆီသို့ ဝင်ရောက်လာခဲ့ခြင်းပင် ဖြစ်၏။ မာယင်ချုံး၏ ခုတင်ထက်တွင် စောင်ကြီးတစ်ထည် ဖုံးအုပ်ထားသည်ကို တွေ့လိုက်ရ၏။ ဝတ်စုံနက်က စောင်ကို ဆွဲလှန်လိုက်ရာ ခုတင်ထက်တွင် ကြီးမားသော စပါးကြီးမြွေကြီးတစ်ကောင်ခွေနေသည်ကိုသာ တွေ့မြင်လိုက်ရ၏။

ယင်းအချိန်မှာပင် အပြင်ဖက်မှ မီးရောင်များကို တွေ့မြင်လိုက်ရပြီး အချက်ပေးသံများကိုပါ ကြားလိုက်ရ၏။ ညဥ့်လူက ထောင်ချောက်အတွင်း ရောက်ရှိနေပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။





မျက်နှာဖုံးစွပ် ဝတ်စုံနက်က ချက်ချင်းပင် အပြင်သို့ လွှားထွက်လိုက်၏။ ချွန်ထက်သော မြားတံများက သူ့ထံသို့ တဟူးဟူး ပစ်လွှင့် ပျံဝဲ ဝင်ရောက်လာကြ၏။ လက်နက်ပုန်းများကလည်း ဝတ်စုံနက်ထံသို့ မိုးသီးမိုးပေါက်များပမာ ကျဆင်းလာ၏။

'ဝှစ် ဝှစ် ဝှစ်'

မျက်နှာဖုံးစွပ် ဝတ်စုံနက်က လေထဲမှာပင် ကျွမ်းပစ်ကာ ဓားကို ရှမ်းခနဲ ဆွဲထုတ်ပြီး စက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းပစ်လိုက်၏။ မျက်နှာဖုံးစွပ် ဝတ်စုံနက်၏ ဓားချက်ကြောင့် မြားတံများနှင့် လက်နက်ပုန်းများမှာ အပိုင်းပိုင်း ကျိုးပြတ်ကာ လွင့်စဉ်ထွက်သွားရလေ၏။

မြားတံများက အဆက်မပြတ် ဝင်ရောက် လာသော်လည်း ထိုသူက မြားတံများကြားမှ ပျံလွှားငှက် တစ်ကောင်ပမာ ဖောက်ထွက်သွားရာ မြားတံများမှာ ထိုသူ၏ ခန္ဓာကိုယ်ကို မဆိုထားနှင့် အင်္ကျီစကလေးကိုပင် ထိအောင် စွမ်းဆောင်နိုင်ခြင်း မရှိပါချေ။

ခြံဝင်းကြီးတစ်ခုလုံး မီးရောင်များဖြင့် လင်းထိန်လျက် ရှိနေ၏။ ခြံဝင်းပတ်ပတ်လည်တွင် ခေါးစကြာ ဂိုဏ်းသားများက အထပ်ထပ် ဝိုင်းရံထားကြ၏။

မျက်နှာဖုံးစွပ် ဝတ်စုံနက်က မီးရောင်များ ထိန်လင်းနေသော ခြံဝင်းကြီး အတွင်းသို့ ကြယ်တစ်စင်း ကြွေကျသလို ကျဆင်းလာရ၏။ မီးရောင်များသာ ဝင်းလက် တောက်ပသွားရ၏။

ဓားစကြာ ဂိုဏ်းသားများက မျက်နှာဖုံးစွပ် ဝတ်စုံနက်ကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံကာ မြားများဖြင့် ချိန်ရွယ်ထားလိုက်ကြ၏။

မျက်နှာဖုံးစွပ်ဝတ်စုံနက်က သူ့ကို အထပ်ထပ် ဝိုင်းရံထားသော်လည်း လုံးဝ တုန်လှုပ်ချောက်ချားဟန် မရှိပေ။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်း၊ ဂိုဏ်းခွဲမှူး ဖုစင်ကြွယ်နှင့် ဂိုဏ်းသားများ ခြံရံကာ ထွက်ပေါ်လာ၏။

ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးက မျက်နှာဖုံးစွပ် ဝတ်စုံနက်ဓားသမားအား စူးရှခက်ထန်သော လေသံဖြင့်....

'မင်းက ငါ့ကို လာပြီး လုပ်ကြံတာ မဟုတ်လား၊ မင်း ဘယ်သူလဲ၊ နဂါးနက်ဆိုတာ မင်း မဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်က နဂါးနက်ပဲ၊ ခင်ဗျားကို လာပြီး လုပ်ကြံတာ၊ ခင်ဗျားက ကြောက်ပြီး အိပ်ရာပေါ်မှာ မြွေတင်ထားခဲ့တယ် မဟုတ်လား၊ ဒီလောက် သတ္တိနည်းနေရင်လဲ ဂိုဏ်းချုပ် မလုပ်ပါနဲ့တော့လား'

နဂါးနက်ဆိုသည့် ညဉ့်လူသိုင်းသမား၏ စကားကြောင့် ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး၏ မျက်နှာကြီးမှာ ညို့မှောင်သွားရ၏။

ဓားစကြာ ဂိုဏ်းချုပ်ကြီး မာယင်ချုံးက ခက်ထန်သော လေသံဖြင့် —

'မင်းက နဂါးနက်ဆိုပေမယ့် မင်းနာမည် ငါ သိချင်နေသေးတယ်၊ မင်း ဘယ်အမျိုးအနွယ်ကလဲ၊ ဘာကြောင့် ငါ့ကို





လုပ်ကြံချင်နေရတာလဲ၊ မင်းနဲ့ငါ ရန်ငြိုးရန်စတွေများ ရှိနေလို့လား'

'ခင်ဗျားနဲ့ကျုပ် ရန်ငြိုးရန်စကတော့ မပြေနိုင်တဲ့ ရန်ငြိုးရန်စတွေပဲ၊ ခင်ဗျားကို သွေးကြွေးဆပ်ဖို့ ကျုပ် ရောက်လာတာပဲ'

'သွေးကြွေး ဟုတ်လား၊ ဘယ်သူ့အတွက် သွေးကြွေးလဲ'

'ခင်ဗျားသေကာနီးအချိန်မှာတော့ သိရမှာပေါ့၊ ခင်ဗျား အခုတော့ သိပ်ကံကောင်းသွားတယ်မှတ်ပါ၊ ကျုပ်က နောက်တစ်ခေါက် ပြန်လာခဲ့ဦးမယ်၊ သတိထားပြီးတော့ နေပေတော့'နော်။

'ဟား ဟား ဟား ဟား'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက တဟားဟား ရယ်ပါးနက်မောလိုက်ပြီး....

'မင်းက ဒီနေရာကနေ လွယ်လွယ်ကူကူနဲ့ ပြန်ထွက်သွားနိုင်မယ်များ ထင်နေသလား၊ ဒီနေရာဟာ အဝင်သာရှိတယ်၊ အထွက်မရှိဘူးကွ'

နဂါးနက်ဆိုသည့် မျက်နှာဖုံးစွပ် ဝတ်စုံနက်က ဟက်ခနဲ ရယ်မောလိုက်ကာ....

'ကျုပ်အတွက်ကတော့ ဒီနေရာဟာ တံခါးမရှိ ဓားမရှိပါပဲ၊ ကျုပ်ကိုတားဆီးနိုင်တဲ့လူ မရှိသေးပါဘူး၊ ကိုင်း ကျုပ် သွားမယ်'

'ဟိတ်ကောင် ရပ်လိုက်စမ်း'

ရုတ်တရက် ဓားစကြာ လက်ထောက် ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းက အော်ဟစ်ကာလျှားထွက်လာ၏။ လက်

ထိတွင် ငွေရောင်တဖိတ်ဖိတ် တောက်လက်နေသည့် လှံရှည်ကြီးတစ်ချောင်းကို ကိုင်ဆောင်ထား၏။

'ယား'

ဓားစကြာဂိုဏ်းလက်ထောက် ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းက မာန်သွင်းအော်ဟစ်ကာ နဂါးနက်ဆိုသည့် မျက်ဖုံးစွပ်ဓားသမားကို လှံရှည်ဖြင့် ဝင်ထိုးပစ်လိုက်၏။

နဂါးနက်ဆိုသည့် သိုင်းသမားက ကိုယ်ကိုအသာလေးယိမ်းပြီး ရှောင်တိမ်းပေးလိုက်ရာ လက်ထောက် ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းမှာ အဝေးသို့ အားလွန်ကာ လဲကျလုမတတ် ဘယ်ယိုင်သွားရ၏။ နဂါးနက်က ကျောက်ကျူးစိမ်းအား လက်နှင့်

'ဖျ' တွန်းထုတ်လိုက်ရင်း....

လှ် 'ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူး၊ ကျုပ် သတ်ချင်တာက ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးပဲ၊ ခင်ဗျားက ကျုပ်နဲ့ဘက်ပြီး ယှဉ်ပြိုင်ချင်သေးလို့လား၊ ခင်ဗျားကို မှတ်လောက်သားလောက်အောင် လုပ်ပစ်ခဲ့ပါ့မယ်'

နဂါးနက်က စကားဆုံးသည်နှင့် လက်တစ်ဖက်ကို ဝေ့ယမ်းပစ်လိုက်၏။ ဓားရောင်တစ်ချက် ဝင်းလက်သွားကာ လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းမှာ နောက်သို့ ယိမ်းယိုင်သွားရ၏။

'ဝုစ်'

'အား'

ဓားစကြာ လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းမှာ အသံနက်ကြီးနှင့် အော်ဟစ်မိလိုက်၏။ နဂါးနက်၏





လျှပ်ပြက်သလို ဓားချက်ကြောင့် လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်း၏ လက်တစ်ဘက်မှာ မြေပေါ်သို့ ဘုတ်ခနဲ ပြတ်ကျသွားရလေတော့၏။ ကျောက်ကျူးစိမ်းမှာ ဝက်အော်သလို အော်ဟစ်လိုက်၏။

နဂါးနက်ဆိုသော မျက်နှာဖုံးစွပ်ဝတ်စုံနက်၏ ဓားချက်ကို တွေ့လိုက်ရလျှင် အားလုံးမှာ ထိတ်လန့် ချောက်ချားသွားကြရ၏။

နဂါးနက်က တွန်းထုတ်ပစ်လိုက်လျှင် လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းမှာ နောက်ဘက်သို့ လျှင်မြန်စွာ ဆုတ်ခွာသွား၏။ ကျောက်ကျူးစိမ်း၏ ပြတ်နေသောလက်နေရာမှ သွေးများက မြင်မကောင်းအောင် စီးကျလျက်ရှိနေ၏။

နဂါးနက်က တဟားဟား ရယ်မောလိုက်၏။ နဂါးနက်က အံ့မခမ်းအောင် လှုပ်ရှားသွားလိုက်၏။

သူက နေရာမှ မီးခိုးငွေ့တစ်ငွေ့အလား လွင့်မျော ပျောက်ကွယ်သွားလေတော့၏။ ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက ဂိုဏ်းသားများကို နောက်မှလိုက်ကြရန် အော်ဟောက် အမိန့်ပေးလိုက်၏။

ချက်ချင်းပင် ဓားစကြာဂိုဏ်းသားများက နဂါးနက်ထွက်ခွာသွားရာဘက်သို့ အတင်းပြေးလိုက်သွားကြ၏။

သို့သော် နဂါးနက်၏ အရိပ်အရောင်မဆိုထားနှင့် အကျိအချေးကလေးကိုပင် မမြင်ရတော့ပါချေ။ ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက တောက်သံပြင်းပြင်း ခေါက်လိုက်ရင်း....

 ၂

'တောက် ဒီကောင်ဟာ ဘယ်က ခွေးသူတောင်းစားလဲမသိဘူး သိုင်းပြိုင်ပွဲထဲမှာပဲ ဒီကောင်ရောက်နေမှာပဲ၊ 'နောက်ကျမှ သိရစေမယ်ကွ'

ခါးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက အသံနက်ကြီးဖြင့် အော်ဟစ်ကြုံးဝါးလိုက်၏။ ဂိုဏ်းခွဲမှူးကြီး ဖုစင်ကြွယ်က မျက်နှာပေါ်မှခါးဒဏ်ရာကိုအသာစမ်းရင်း သွားကြားမှထွက်သော လေသံဖြင့်....

'ဂိုဏ်းချုပ်ကြီး ခင်ဗျား၊ အခုပဲ ကျွန်တော် ဒီကောင့်ကို မှုမထားလိုက်ပြီး ရှာဖွေသုတ်သင်ပစ်ပါမယ်၊ ဒီကောင့်ကို ကျွန်တော့် တာဝန် ထားလိုက်ပါ'

ထို့နောက် ဒဏ်ရာပြင်းထန်စွာရထားသော လက်ထောက်ဂိုဏ်းချုပ်ကြီး ကျောက်ကျူးစိမ်းကို ဆေးဝါးများ ထည့်ပေးလိုက်ကြ၏။

ခါးစကြာဂိုဏ်းကြီး တစ်ဂိုဏ်းလုံးမှာ နဂါးနက်ဆိုသော ခါးသမားတစ်ယောက်၏ မွှေနှောက်သွားမှုကြောင့် နယ်မြေတစ်ခုလုံး ရှုတ်ရှက်သဲသဲဖြစ်နေကြရ၏။ မာယင်ချုံးမှာလည်း အတော်ပင်ဒေါသူပွနေ၏။

ချက်ချင်းပင် ဂိုဏ်းခွဲမှူးဖုစင်ကြွယ်သည် လက်ရွေးစင် ခါးသမား သုံးယောက်ကိုခေါ်ဆောင်ကာ ညတွင်းချင်းပင် ထွက်ခွာသွားလေ၏။

သူက နဂါးနက်ဆိုသည့်ခါးသမားကို တောနင်းရှာဖွေမည် ဖြစ်ပေ၏။





ဂိုဏ်းချုပ်ကြီးမာယင်ချုံးသည် ထောင်ချောက်ထဲ ဝင်လာသည့် သားကောင် ပြန်လွတ်သွားသဖြင့် ကျိတ်မနိုင်ခဲမရဖြစ်နေရ၏။

● ● ●

မိုးက သဲသဲမဲမဲ ရွာသွန်းနေ၏။ လေပြင်းနှင့်အတူ မိုးရေစက်များက ငွေမြားတံများ ပစ်လွှတ်လိုက်သည့်အလား တဖွဲဖွဲ အဆက်မပြတ် ကျဆင်းနေကြ၏။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုကဖုံးလွှမ်းထားလျက် ရှိနေသည်။ မိုးထစ်ချုန်းသံကြီးများကလည်း ကြောက်ခမန်းလိလိ ထွက်ပေါ်လျက်ရှိ၏။

တောင်းကင်တစ်ခုလုံး လျှပ်ရောင်လျှပ်ပန်းများနှင့် ကဝင်းဝင်း တလက်လက် ဖြစ်နေရလေ၏။

မိုးရေလေပါ သည်းထန်စွာရွာသွန်းလျက်ရှိသဖြင့် သစ်ပင်ကြီးများမှာ ယိမ်းထိုးလှုပ်ရှားနေ၏။

တောအုပ်ကြီးအတွင်း အိမ်အိုကြီးတစ်လုံးက ရှိနေသည်။ အိမ်ကြီးမှာ အိမ်အိုကြီးတစ်လုံးဖြစ်သော်လည်း လေဒဏ် မိုးဒဏ်ကိုတော့ ကောင်းကောင်းကြီး ခံနိုင်သေးသည်။

ဤနေရာမှာ လူသူမနီးသည့်တောနက်ကြီးအတွင်း ဖြစ်၏။ အိမ်အိုကြီးမှာ ပိုင်ရှင်မဲ့ဖြစ်ကာ ပြုပြင်မည့်သူ မရှိ၊ ထင်းဝေးလျက်ရှိနေ၏။

လေရောမိုးပါသည်းထန်စွာ ရွာသွန်းနေချိန်တွင် အိမ်အိုကြီးမှာ အမှောင်ထဲတွင် မကောင်းဆိုးဝါး ကောင်ကြီး တစ်ကောင် ငုတ်တုတ်ထိုင်နေသည့်အလား တွေ့မြင်နေရ၏။

အိမ်အိုကြီးအတွင်း လူတစ်ယောက်က ရှိနေ၏။ ထိုသူကတော့ ဝမ်ဝေယန့်ပင်ဖြစ်၏။ ဝမ်ဝေယန့်က ခါးစကြာစံအိမ်မှ ထွက်ခွာလာခဲ့ရင်း ဤနေရာသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်လေသည်။

ဝမ်ဝေယန့်သည် အိမ်အိုကြီး အောက်ထပ် အခန်းထောင့်တစ်နေရာတွင် နံရံကိုကျောမှီကာထိုင်လျက် ရှိနေ၏။ သူသည် ခါးစကြာစံအိမ်ကြီးတွင် သွားရောက်ခဲ့စဉ်က မမျှော်လင့်ဘဲ လက်နက်ပုန်းတစ်ခုထိမှန်ခံခဲ့ရ၏။

ထိုလက်နက်ပုန်းမှာ အဆိပ်လက်နက်ပုန်းဖြစ်ကာ အလွန်ကြောက်စရာကောင်းလှပေ၏။

ဝမ်ဝေယန့်က လက်နက်ပုန်း ထိမှန်ခံထားရသည့် သွေးကြောကိုပိတ်ထားလိုက်သဖြင့်သာ အဆိပ်က တစ်ကိုယ်လုံးပျံ့နှံ့မသွားခြင်းပင်ဖြစ်၏။

သွေးကြောမှာကြာရှည်ပိတ်ထားပါက အန္တရာယ် ဖြစ်စေနိုင်၏၊ သွေးကြောကိုဖွင့်ပေးလိုက်လျှင်လည်း လက်နက်ပုန်းအဆိပ်ကိုဖွင့်ပေးလိုက်သလိုဖြစ်သွားရပေမည်။

ထို့ကြောင့် ဝမ်ဝေယန့်မှာ အကျဉ်းအကျပ် ကြားတွင် ရောက်ရှိနေရလေ၏။

ဝမ်ဝေယန်အဖို့ သိုင်းပညာရေ အတွင်းအားပါနုနယ်နေသေးသည်ဖြစ်ရာ အဆိပ်ကို ကြာရှည် ထိန်းမထားနိုင်ပါချေ၊ ယင်းအချိန်မှာပင် အပြင်ဖက်မှ အဝတ်လေတိုးသံများနှင့်အတူ စကားပြောသံများကိုပါကြားလိုက်ရ၏။

'ဒီကောင် ဒီအိမ်ကြီးထဲမှာ ပုန်းနေနိုင်တယ်ကွ'





'ဟုတ်တယ် ဂိုဏ်းခွဲမှူးကြီး၊ ဒီနေရာမှာ ပုန်းခိုစရာနေရာက ဒီတစ်နေရာတည်းရှိတာပဲ'

ဝမ်ဝေယန့်က အပေါ်ထပ်သို့လွှားတက်ကာ အောက်ထပ်သို့ ကြည့်လိုက်၏။ အောက်ထပ်တွင် ဂိုဏ်းခွဲမှူးဖုစင်ကြွယ်နှင့် ခါးစကြာဂိုဏ်းသား သုံးယောက်တို့ ဝင်ရောက်လာကြသည်ကို တွေ့လိုက်ရ၏။

ဖုစင်ကြွယ်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရင်း....

'ဒီကောင် လက်နက်ပုန်း တစ်ခုခုတော့ ထိမှန်သွားရလိမ့်မယ်၊ ဝေးဝေး ပြေးနိုင်မှာ မဟုတ်ဘူး၊ အိမ်ထဲမှာ လိုက်ရှာကြစမ်း'

'ကောင်းပါပြီ ဂိုဏ်းခွဲမှူးကြီး'

ထို့နောက် ဂိုဏ်းသားသုံးယောက်က အောက်ထပ်တွင် လိုက်လံရှာဖွေလိုက်ကြ၏။ ဖုစင်ကြွယ်က ခါးကိုဆွဲကာအပေါ်ထပ်သို့ တက်ရောက်လာ၏။

ဝမ်ဝေယန့်က မျက်နှာကြက်သို့လွှားတက်ကာ တောက်တဲ့သိုင်းကွက်ဖြင့် ကပ်နေလိုက်၏။

ဖုစင်ကြွယ်က အပေါ်သို့မမော့မကြည့်သဖြင့် တော်ပေသေးသည်။ ဖုစင်ကြွယ်က အပေါ်ထပ်တွင် လိုက်လံရှာဖွေပြီးနောက် အောက်ထပ်သို့ပြန်ဆင်းသွား၏။

ဖုစင်ကြွယ်နှင့် သူ၏လက်ရွေးစင်ခါးသမား သုံးယောက်တို့သည် တဝေါဝေါရွာသွန်းနေသော မိုးရေကြောင့် အပြင်သို့ ချက်ချင်းမထွက်သေးဘဲ အိမ်ကြီးအောက်ထပ်မှာပင် မီးဖိုကာ အဝတ်များကိုသွေ့ခြောက်အောင် ပြုလုပ်နေကြ၏။

အပြင်ဖက်တွင် လေးရောမိုးပေါ သည်းထန်စွာ ရွာသွန်း တိုက်ခတ်လျက်ရှိနေ၏။

ဖုစင်ကြွယ်နှင့် ခေါးသမား သုံးယောက်တို့က အိမ်အိုကြီး အောက်ထပ်တွင် ရှိနေကြသေး၏။

ဝမ်ဝေယန်က အပေါ်ထပ်တွင် ငြိမ်သက်စွာ ရှိနေသည်။ သူ၏ပိတ်ထားသောသေတ္တာကြောမှာလည်း ဖောင်းတက်လာကာ မကြာမီ ဒုက္ခပေးတော့မည်ဖြစ်ပေ၏။

ဝမ်ဝေယန်မှာ တစ်ကိုယ်တုံး ချွေးသီးချွေးပေါက်များ ကျဆင်းလာကာ ဝေဒနာကို ကြိတ်မှိတ်ခံစားနေရ၏။ ယင်းအချိန်မှာပင် အပြင်ဘက်မှ အဝတ်လေတိုးသံနှင့်အတူ ခမောက်ဝိုင်းကြီးကို ခေါင်းတွင် ဆောင်းထားပြီး နှင်းကာဝတ်ရုံလွှာကြီးကို ကိုယ်တွင် ခြုံလွှမ်းထားသည့် လူကြီးတစ်ယောက်က အိမ်အိုကြီး တံခါးဝသို့ ရောက်ရှိလာခဲ့သည်။

ရေစက်ရေပေါက်များက ခမောက်ကြီးထက်မှ ကျဆင်းနေသလို နှင်းကာဝတ်ရုံလွှာကြီးထက်မှလည်း ကျဆင်းလျက် ရှိနေသည်။ ထိုလူကြီးက တံခါးဝမှရပ်ကာ အိမ်အိုကြီးအတွင်းဘက်မှ အခြေအနေကို လေ့လာအကဲခတ်ကြည့်ရှုလျက် ရှိနေသည်။

ထိုလူကြီးကို တွေ့မြင်လိုက်လျှင် ဖုစင်ကြွယ်နှင့် သူ၏ လက်ရွေးစင် ခေါးသမားသုံးယောက်တို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရ၏။

'ခင်ဗျား ဘယ်သူလဲ၊ ဒီနေရာကနေ ထွက်သွားလိုက်ပါ'





ခေါးစကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်က တံခါးဝမှ ရပ်နေသော လူကြီးအား အော်ငေါက် ပြောကြားလိုက်၏။ တံခါးဝမှ ရပ်နေသော လူကြီးက ဖုစင်ကြွယ်အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး....

'ဒီနေရာက မိုးခိုလို့ မရဘူးလား၊ ဒါ မင်းဆောက်ထားတဲ့ အိမ်လား'

'ဒါ ကျုပ်အိမ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်တို့ရှိနေတဲ့ နေရာမှာ ဘယ်သူမှ ဝင်ခွင့်မပြုဘူး'

'ဆိုစမ်းပါဦး၊ မင်းတို့က ဘယ်သူတွေလဲ'

'ကျုပ်တို့က ခေါးစကြာဂိုဏ်းကပဲ၊ ကျုပ်က ဂိုဏ်းခွဲမှူး ဖုစင်ကြွယ်၊ သူတို့ကတော့ ခေါးစကြာဂိုဏ်းက လက်ရွေးစင် ခေါးသမားတွေပဲ'

'ဪ....လက်စသတ်တော့ မင်းတို့က ခေါးစကြာဂိုဏ်းသားတွေကိုး၊ ငါက ကန္တာရမုန်တိုင်းဂိုဏ်းကပဲ'

ကန္တာရမုန်တိုင်းဂိုဏ်းက ဆိုသည်နှင့် ချက်ချင်းပင် ဖုစင်ကြွယ်နှင့် ခေါးသမားသုံးယောက်တို့က ခမောက်ဝိုင်းကြီး ဆောင်းထားသည့် လူကြီးကို ဝိုင်းရံလိုက်ကြလေ၏။ လူကြီးက အလယ်ခေါင်တွင် တည်ငြိမ်စွာနှင့်ပင် ရပ်နေသည်။

ကန္တာရမုန်တိုင်းဂိုဏ်းနှင့် ခေါးစကြာဂိုဏ်းမှာ မဟာရန်သူတော်ကြီးများ ဖြစ်ကြ၏။ ကန္တာရမုန်တိုင်းဂိုဏ်းက အဖွဲ့ဆောင် သစ္စာဘက်တော်သား သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်၍ ခေါးစကြာဂိုဏ်းမှာ အနက်ရောင် ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း မဟုတ်ပါလား။

ဖုစင်ကြွယ်က ထိုလူကြီးကို ခေါင်းညိတ်နှင့် ထိုချိန်လိုက်ရင်း....

'ကန္တာရမုန့်တိုင်းဂိုဏ်းက ဆိုရင်တော့ ခင်ဗျားကို အရှင်ထားလို့ မဖြစ်တော့ဘူး၊ ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျား မသေခင် ပြောသွားစမ်း'

'ဟား ဟား ဟား....ငါက မဟာကန္တာရမုန့်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကျွေ့ပဲ၊ မင်းတို့ဂိုဏ်းချုပ်ကြီး မာယင်ချုံးရဲ့ ရန်သူကြီးဆိုလဲ မမှားပါဘူး'

ထိုလူကြီး၏ စကားကို ကြားလိုက်ရလျှင် ခေးမှကြာဂိုဏ်းခွဲမှူး ဖုစင်ကြွယ်နှင့် လက်ရွေးစင်ဓားသမား သုံးယောက်တို့မှာ အံ့ဩတုန်လှုပ်သွားကြရသည်။

သူတို့ကြားဖူးသည်မှာ ကန္တာရမုန့်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကျွေ့၏ သိုင်းပညာမှာ သူမတူအောင် ထူးချွန်ထက်မြက်သည်ဟု ကြားဖူးထားကြသည် မဟုတ်ပါလား။

'ခင်ဗျား ဒီနယ်မြေမှာ ဘာလာလုပ်တာလဲ'

ဖုစင်ကြွယ်က ချာကေကျွေ့အား စူးရှခက်ထန်သော လေသံဖြင့် အော်ငေါက် မေးမြန်းလိုက်၏။ ချာကေကျွေ့က အေးစက်စက်လေသံဖြင့်....

'နဂါးနက်ဆိုတဲ့ ဓားသမားတစ်ယောက်က မင်းတို့ဂိုဏ်းကို ဖြိုခွင်းဖို့ လှုပ်ရှားနေတယ်ဆိုတာ ကြားရလို့ ငါလာခဲ့တာပဲ၊ သူ့ကို ငါ ချီးကျူးတယ်၊ သူ့ကို ကူညီဖို့ ငါကိုယ်တိုင် လိုက်လာခဲ့တာပဲ၊ အခု ဒီနေရာမှာ ငါတစ်ယောက်တည်း ရှိနေတယ် များ ထင်သလား'





ချာကေကျွေ့၏ စကားကြောင့် ဖုစင်ကြွယ်နှင့် ဓားသမားသုံးယောက်မှာ ထိတ်လန့်ချောက်ချားသွားမိကြရ၏။ ချာကေကျွေ့က မျက်နှာပျက်သွားသော ဖုစင်ကြွယ်ကို ကြည့်ကာ တဟားဟား ရယ်မောလိုက်ပြီး....

'ဘယ်လိုလဲ၊ သိပ်ကြောက်သွားပြီးလား၊ သေရမှာကိုကြောက်ရင် အေးအေးဆေးဆေး လက်နက်ချ အညံ့ခံလိုက်ပါ၊ မင်းတို့ကို တရားဥဒေအတိုင်း စီရင်ရအောင် ဆောင်ရွက်ပေးပါ့မယ်'

ချာကေကျွေ့၏ ခနဲ့စကားကြောင့် ဖုစင်ကြွယ်နှင့် ဓားသမားသုံးယောက်မှာ ဒေါင်းခနဲ ဒေါသများ ထွက်သွားကြရသည်။

ဖုစင်ကြွယ်က ဓားကို ကန့်လန့်ဖြတ်ကိုင်ကာ ခက်ထန်သော လေသံဖြင့်....

'ကျုပ်တို့က ဘယ်တော့မှ အညံ့ခံတဲ့ လူစားမျိုးတွေ မဟုတ်ဘူး၊ ကျုပ်တို့သေရင် ခင်ဗျားကိုပါ တစ်ခါတည်း ခေါ်သွားမယ်၊ ကိုင်း'

စကားဆုံးသည်နှင့် ဖုစင်ကြွယ်က ချာကေကျွေ့အား ဓားနှင့် ခုတ်ပိုင်းချလိုက်၏။ ရုတ်တရက် အပြင်ဘက်မှ လူရိပ်သဏ္ဌာန်များက အတွင်းသို့ ခုန်ပျံဝင်ရောက်လာကြကာ ဖုစင်ကြွယ်၏ ဓားကို ခတ်ထုတ်ပစ်လိုက်ကြ၏။

'ယား'

'ချွမ်း ချွမ်း ချွမ်း'

ဖုစင်ကြွယ်၏ဓားသမားသုံးယောက်တို့မှာလည်း တိုက်ခိုက်ခံလိုက်ကြရ၏။ ရုတ်တရက် ကြားဖြတ်ဝင်ရောက်တိုက်ခိုက်လာသော သိုင်းသမားများမှာ ကန္တာရမုန်တိုင်းဂိုဏ်းသားများ ဖြစ်ကြသည်။

ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကျေ့က အပေါ်ထပ်သို့ လွှားတက်ပြီး ကြည့်လိုက်ရာ အတွင်းအား ရှုရှိုက်နည်းဖြင့် အဆိပ်ကို အမြန်ဆုံးထိန်းနေသည့် ဝမ်ဝေယန်ကို တွေ့မြင်လိုက်ရ၏။

ချက်ချင်းပင် ချာကေကျေ့က သူ၏လက်ညှိုးဖြင့် ဝမ်ဝေယန်၏ ရင်ဝနေရာမှသွေးကြောကိုထောက်ကာ အပူလှိုင်းဖြင့် ပျံ့နှံ့စပြုနေသည့် အဆိပ်ကို ချေဖျက်ပစ်လိုက်၏။

ကန္တာရဂိုဏ်းချုပ်ကြီး ချာကေကျေ့၏ ကူညီမှုကြောင့် ဝမ်ဝေယန်မှာ အဆိပ်များ ပပျောက်ကာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားရ၏။

ဝမ်ဝေယန်က ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကျေ့ကို အရိုအသေပြုကာ ပြောကြားလိုက်သည်။

'အခုလိုကူညီတဲ့အတွက် ဦးကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဟာ ဦးတွေ့ဆုံချင်နေတဲ့ နဂါးနက် ဝမ်ဝေယန်ပါပဲ'

'ကျုပ်တို့လဲ သတင်းကြားကြားချင်း လိုက်လာခဲ့တာပဲ၊ ကျုပ်တို့ကို ပင်လယ်ပြာကျေးရွာက ကုန်းယိထန်က မောင်ရင့်အကြောင်းလာပြောလို့ အတော်ကလေး ဝမ်းသာသွားကြ





တယ်၊ မောင်ရင်ဟာ ရွှေဖြူဓားဝမ်စီမင်နဲ့ ကြိုးကြာမယ်လျှန်းလျှန်းတို့ရဲ့သား မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ရွှေဖြူဓား ဝမ်စီမင်နဲ့ ကြိုးကြားမယ်လျှန်းလျှန်းတို့ရဲ့ သားပါပဲ'

'အိမ်း....တို့ကလဲ ဓားစကြာဂိုဏ်းကို ချေမှုန်းဖို့ ကြံစည်နေကြတာကြာပြီ၊ မနက်ဖြန်သိုင်းပြိုင်ပွဲကြီးမှာ ဝင်ပြီး သုတ်သင်ချေမှုန်းဖို့ စီစဉ်ထားကြတယ်'

ထိုစကားကိုကြားလိုက်ရလျှင် ဝမ်ဝေယန်မှာ အထူးပင် ဝမ်းမြောက်သွားရ၏။ ယင်းအချိန်မှာပင် အောက်ထပ်မှ တိုက်ခိုက်နေသောအသံများမှာလည်း တိတ်ဆိတ်ငြိမ်သက်သွား၏။

ချာကေကျေ့နှင့်ဝမ်ဝေယန်တို့က အောက်ထပ်သို့ ဆင်းလာခဲ့ပြီးကြည့်လိုက်ကြရာ ဖုစင်ကြွယ်ဓားသမားသုံးယောက်မှာ ကျဆုံးသွားကြပြီဖြစ်ပြီး ဖုစင်ကြွယ့်တစ်ယောက်သာ သွေးရူးသွေးတန်းနှင့် သိုင်းသမားများအလယ်တွင် ပိတ်မိနေသည်ကို တွေ့မြင်လိုက်ရ၏။

ဖုစင်ကြွယ်က ဝမ်ဝေယန်တွေ့မြင်လိုက်ရလျှင်....

'ဟိတ်ကောင်၊ လက်စသတ်တော့ မင်းက ပုန်းနေတာကိုးကွ၊ ဘော်ခတော်သတ္တိကောင်းတဲ့ကောင်ပဲ၊ လာခဲ့စမ်း၊ မင်းကို ငါသတ်မယ်'

ဝမ်ဝေယန်က ဖုစင်ကြွယ်ကို စူးစိုက်ကြည့်လိုက်ကာ....

'ငါက မင်းတို့ကိုကြောက်လို့ ပုန်းနေတာ မဟုတ်ဘူးကွ၊ လက်နယ်ပုန်းထိပြီး အဆိပ်တက်နေလို့ အပေါ်ထပ်မှာအတွင်းအားနဲ့ ထိန်းနေရတာ၊ ဟောဒီက ကန္တာရမုန်တိုင်းဂိုဏ်းချုပ်

ကြီး တက်လာပြီး ကူညီပေးလို့ သက်သာသွားတာ၊ ဒင်းက ခုထိ နေ့ခင်တာမရသေးဘူးလား'

'ဟား ဟား ဟား'

ဖုစင်ကြွယ်က အားပါးတရ တဟားဟား ရယ်မောလိုက်ပြီး....

'ဝမ်ဝေယန်၊ မင်း ဝမ်ဝေယန် မဟုတ်သား၊ ငရှဖြူ ဓားဝမ်စီမင်ရှဲသားပဲ၊ မင်းကို ငါသတ်ရတော့မယ်၊ သတ်ရတော့မယ်ကွ'

ဝမ်ဝေယန်က ကန္တာရမုန်တိုင်းဂိုဏ်းသားများကို ဓားသို့ဖယ် ခိုင်းလိုက်ကာ ဖုစင်ကြွယ်အား ရင်ဆိုင်လိုက်၏။

'ကိုင်း....ငါပြီ၊ မင်းနဲ့ငါ စာရင်းရှင်းကြတာပေါ့'

ဖုစင်ကြွယ်က ဓားကို ဆန့်လိုက်ကာ'

'ဝမ်ဝေယန်၊ မင်းလဲ မင်းအဖေလိုပဲငရဲကိုသွားပေတော့၊ ကိုင်း....'

'ယား'

'ထန်း'

ဖုစင်ကြွယ်က ခုနှပ်ပျံ တိုက်ခိုက်လိုက်ရာ ဝမ်ဝေယန်က သူ၏ နဂါးပျံ ဓားဖြင့် ခုတ်ထုတ်ပစ်လိုက်၏။ ပြီးနောက် ဓားကို ဆက်တိုက်ဝေ ယမ်းပစ်လိုက်ရာ ဓားချက်တစ်ချက်က ဖုစင်ကြွယ်၏ရင်ဝကို ဖောက်ထွင်းဝင်ရောက်သွားပြီး ဖုစင်ကြွယ်မှာ နောက်သို့ ပက်လက်လန်ကာ လဲကျသွားရ၏။

'ဝမ် ဝမ်ဝေယန်၊ မင်း မင်းဓား နဂါးပျံ ဓားချက်နဲ့....'





ဖုစင်ကြွယ်မှာ စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ပါးစပ်မှ သွေးများ ပွက်ခနဲ အန်ထွက်လာကာ အသက်ပျောက်သွားရတော့သည်။ ကန္တာရမုန်တိုင်းဂိုဏ်းသားများက ဖုစင်ကြွယ်နှင့် ဓားသမားသုံးယောက်၏ အလောင်းများကို အပြင်ဘက်သို့ ယူထုတ်ကာ သစ်ပင်များခြေရင်းတွင် မြှုပ်နှံပေးလိုက်ကြ၏။ ဖုစင်ကြွယ်သည် ပျောက်ကွယ်သွားရလေပြီ။

အိမ်အတွင်း၌ မီးအိမ်ကြီးတစ်လုံးကို ထွန်းညှိလိုက်သဖြင့် အလင်းချင်းသွားရ၏။ ယင်းအချိန်မှာပင် ပင်လယ်ပြာကျေးရွာမှ တုန်ယိမ်ပန် ခေါင်းဆောင်သော သိုင်းသမား လူငယ်လူရွယ်များလည်း ရောက်ရှိလာကြ၏။

ပင်လယ်ပြာကျေးရွာမှ သိုင်းသမား လူငယ်လူရွယ်များကလည်း ဓားစကြာဂိုဏ်း၏ မတရားအပြုအမူများကို မနှစ်မြို့နေကြသည်ဖြစ်ရာ ဝမ်ဝေယန်နှင့် ပူးပေါင်းပြီး ဓားစကြာဂိုဏ်းကို ချေမှုန်းကြမည်ဖြစ်ပေသည်။

အိမ်အတွင်း သိုင်းလောကသားများက ဆွေးနွေးတိုင်ပင်လိုက်ကြ၏။ ကန္တာရဂိုဏ်းချုပ်ကြီး ချာခဏ်ကွေ့က သိုင်းလောကသားများအား....

'ကိုင်း မနက်ဖြန်ကျရင် အားလုံးသတိထား၊ လှုပ်ရှားကြပါ၊ ပြိုင်ပွဲထဲမှာလဲ စောင့်နေရင်း ပွဲတော်ထဲမှာလဲ အဖွဲ့ဝင်တွေရှိနေကြမယ်၊ တချို့က ဗေဒင်ဆရာ၊ မြွေအမှာယ်ဆရာ၊ စားသောက်ဆိုင်၊ ဇာတ်ရုံ၊ သိုင်းပြပွဲ စသည်ဖြင့် လူခွဲ

ပြီး ရှိနေကြမယ်၊ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ခွေးစကြာဂိုဏ်းနဲ့ ရဲတိုက်ကို တစ်ခါတည်း ချေမှုန်းပစ်ရမယ်'

ဂိုဏ်းချုပ်ကြီးချာကေကွေ့ ၏စကားကို အားလုံးကခေါင်းညိတ်လက်ခံလိုက်ကြ၏။ ဝမ်ဝေယန်က တစ်ချက်စဉ်းစားလိုက်ပြီး....

'ကျွန်တော်က ပြိုင်ပွဲစင်မြင့်အပေါ်မှာ ခွေးစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးကို စိန်ခေါ်တိုက်ခိုက်ရရင် မကောင်းဘူးလား၊ သူကျဆုံးသွားရင် သူတို့ဂိုဏ်းဟာ ဖရိုဖရဲဖြစ်သွားမှာပဲ၊ ခေါင်းဆောင်မရှိတဲ့အခါကျမှ ရဲတိုက်ကို ဖြိုခွဲဖျက်ဆီးလိုက်တာပေါ့၊ ရဲတိုက်တွေ့ပြီး လိုက်ကြသွားဖို့က အရေးကြီးတယ်'

ချာကေကွေ့က တည်ကြည်ပြတ်သားသောလေသံဖြင့်—

'မောင်ရင် တက်ပြီးယှဉ်ပြိုင်မယ်ဆိုရင် သူတို့ဘက်က ရိပ်မိသွားနိုင်တယ်၊ ကျုပ်တက်ပြီးယှဉ်ပြိုင်မယ်၊ မာယင်ချုံး ကျဆုံးသွားရင် မောင်ရင်တို့က တစ်ခါတည်း ရဲတိုက်ကို ဝင်စီးကြပေတော့'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျား'

ထို့နောက် သူတို့က နောက်တစ်နေ့ ဆောင်ရွက်ရမည်ကို အသေးစိတ် တိုင်ပင်လိုက်ကြ၏။ ပင်လယ်ပြာကျေးရွာမှ သိုင်းသမားများက ပွဲခင်းကြီးအတွင်း အသွင်အမျိုးမျိုးနှင့် ရှုပ်ယှက်ခတ် သွားလာနေကြမည်ဖြစ်သည်။

တိုက်ပွဲစသည်နှင့် သူတို့က စုပေါင်းကာ ခွေးစကြာဂိုဏ်းနှင့် ခွေးစကြာရဲတိုက်ကို ဖြိုခွင်းချေမှုန်းကြမည် ဖြစ်ပေတော့၏။

● ● ●





နေရောင်က တိမ်တိုက်များကြားမှ ဖောက်တွင်းကာ မြေပြင်ပေါ်သို့ ကျဆင်းလျက်ရှိနေ၏၊ မိုးမရွာသဖြင့် အိုက်စပ်စပ်ကြီး ဖြစ်နေရ၏။ လေပူကြီးများက တစ်ချက်တစ်ချက် ဝေ့ဝဲ တိုက်ခိုက်နေသေး၏။

နေမွန်းတည့်ချိန်တွင် သိုင်းပြိုင်ပွဲက စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲစင်မြင့်ကြီးအနီး သိုင်းလောက ပရိသတ်များက စုရုံးလျက်ရောက်ရှိနေကြလေပြီ။

ပရိသတ်များအတွင်း ကန္တာရဂိုဏ်းသားများနှင့် ပင်လယ်ပြာ ကျေးရွာသိုင်းသမားများက ရှုပ်ယှက် ရောက်ရှိနေကြလေသည်။

အချို့က ဗေဒင်ဆရာ၊ အချို့က ဈေးသည်များ၊ အချို့က ပွဲတော်အတွင်း လှည့်လည်သွားလာလျက်ရှိနေကြ၏၊ အချို့က ဟိုနေရာ သည်နေရာတွင် မယောင်မလည်ဖြင့်ရပ်လျက် ရှိနေကြ၏။

အချို့သော အဖြူရောင် သိုင်းလောကသားများက အရက်ဆိုင်များအတွင်း ဝင်ရောက်သောက်စားကာ အချိန်ကို စောင့်ဆိုင်းနေကြ၏။

နေမွန်းတည့်ချိန်ရောက်သည်နှင့် ဟုမ်ဟိုမြစ် နဂါး သိုင်းပြိုင်ပွဲကြီးကျင်းပရန် ခွေးစကြာဂိုဏ်းဂိုဏ်းချုပ်ကြီးမာယင်ချုံးခေါင်းဆောင်သော ခွေးစကြာဂိုဏ်းသားများ ထွက်ပေါ်လာကြ၏။

ဓားစကြာဂိုဏ်းချုပ်ကြီးမောယင်ချုံက နဂါးရုပ်ဖော်ထားသော ခရမ်းရောင်ဝတ်ရုံလွှာကြီးကိုဝတ်ဆင်ထားကာ ဓားတစ်လက်ကို ကိုင်ဆောင်ထား၏။

သူ၏ ကိုယ်ရံတော် သိုင်းသမားများကလည်း အနီရောင်၊ အစိမ်းရောင်ပတ်စုံများဝတ်ဆင်ကာ ဓားများကို ကျောတွင် ပိုးလွယ်ထားကြ၏။

ပြိုင်ပွဲစလျှင်စချင်း စင်မြင့်ပေါ်သို့ လွှားတက်လာသူမှာ ခမောက်ပိုင်းဆောင်းထားသည့် အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

ထိုအဘိုးအိုသည်ကား ကန္တာပုမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကေ့ပင် ဖြစ်၏။

ချာကေကေ့က ရုပ်ဖျက်ထားသဖြင့် ဓားစကြာဂိုဏ်းချုပ်ကြီး မောယင်ချုံမှာ ချာကေကေ့ကိုမမှတ်မိပေ။

ဓားစကြာဂိုဏ်းချုပ်ကြီးမောယင်ချုံက စင်ပေါ်မှ ချာကေကေ့အား...

'ကိုင်း ခင်ဗျားက ဘယ်သူလဲ၊ ဘယ်သူနဲ့ ယှဉ်ပြိုင်ချင်သလဲ'

'ကျုပ်က မြောက်ပင်လယ်က သိုင်းထိပ်သီး မိဓချောင်းဖန်ခဲ ဆိုတာပဲ၊ ကျုပ်ရောက်လာတာကတော့ ဓားစကြာဂိုဏ်းချုပ်ကြီး မောယင်ချုံကို စိန်ခေါ်တိုက်ခိုက်ဖို့ပဲ၊ ခင်ဗျားကို ကျုပ်စိန်ခေါ်တယ်၊ ဘယ့်နှယ်လဲ'





ချာကေကေ့ စကားကြားလိုက်ရလျှင် မောယင်ချုံက ဟက်ဟက်ခနဲ ရယ်မောလိုက်ပြီး ချာကေကေ့အား ပြန်ကာပြောကြားလိုက်၏။

'အြ... ဒီတစ်ခါတော့ ခင်ဗျားကကျုပ်ကိုစိန်ခေါ်တိုက်ခိုက်ဖို့ ရောက်လာတာကိုး၊ ကျုပ်နဲ့ မတိုက်ခိုက်ခင်မှာ ကျုပ်တို့ဂိုဏ်းက သိုင်းသမားတစ်ယောက်နဲ့ အရင်ဆုံးယှဉ်ပြိုင်တိုက်ခိုက်ပါ၊ သူ့ကို ခင်ဗျားက အနိုင်ရမယ် ဆိုရင်တော့ ကျုပ်နဲ့တိုက်ခိုက်ခွင့် ရပါပြီ'

'ကောင်းပြီ၊ ဂိုဏ်းချုပ်ကြီးရဲ့သိုင်းသမားကို စင်ပေါ်လွှတ်လိုက်ပါ၊ ကျုပ်ကတိုက်ခိုက်ဖို့အဆင်သင့်ပါပဲ၊ သူ့ကိုအနိုင်ရရင်တော့ ခင်ဗျားက ထပ်ပြီး ဆင်ခြေပေးနေရလို့ မလိုတော့ပါဘူး'

'စိတ်ချ ကျုပ်ကစကားတစ်လုံးကိုလူလယ်ခေါင်မှာ မဖျက်ဘူး၊ ကျုပ်ပေးထားတဲ့ကတိကို တည်စေရမယ်'

ထို့နောက် ဓားစကြာဂိုဏ်းချုပ်ကြီး မောယင်ချုံက လက်တစ်ဖက်ကို ဝေ့ယမ်းပြလိုက်ရာ ဓားစကြာဂိုဏ်းသားတစ်ယောက်က စင်ပေါ်သို့ လွှားတက်လာ၏။ စင်ပေါ်သို့ လွှားတက်လာသူမှာ ဓားစကြာဂိုဏ်းချုပ်ကြီး မောယင်ချုံ၏ ညာလက်ရုံး ဓားသမား ချင်ကြာဟန်ပင်ဖြစ်၏။

ချင်ကြာဟန်က ငွေရောင်ဝတ်စုံဝတ်ဆင်ထားပြီး ငွေရောင်တောက်ပနေသော ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထား၏။ ချင်ကြာဟန်က စင်ပေါ်သို့ လွှားတက်လာပြီးနောက်

ကန္တာရမုန်တိုင်း ဂိုဏ်ချုပ်ကြီး ချာကေကွေ့ကို လက်နှစ်ဘက် ဆုပ်ကာ အရှိအသေပြုလိုက်၏။

ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကွေ့က ပန်းပွားနှိ တပ်ဆင်ထားသည့် လှံရှည်တစ်လက်ကို ကိုင်ဆောင်ထား၏။ သူ၏ခါးစည်းကြိုးမှာလဲ အနီရောင်ပင်ဖြစ်၏။

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက ချာကေကွေ့အား....

'ကိုင်း သူအတော့ ကျုပ်ရဲ့ ညာလက်ဓားသမား ချင်ကြာဟန်ပဲ၊ ခင်ဗျား သူ့ကို အနိုင်ရမယ်ဆိုရင် ကျုပ်က ခင်ဗျား ယှဉ်ပြိုင်ဖို့ အဆင်သင့်ပါပဲ၊ ကျုပ်က ခင်ဗျားရဲ့ စိန်ခေါ်မှုကို လက်ခံပါတယ်'

ထို့နောက် မာယင်ချုံးက စတင် တိုက်ခိုက်နိုင်ပြီးဖြစ်ကြောင်း အချက်ပေးလိုက်လေတော့၏။ ပြိုင်ပွဲစတင်ရန် အချက်ပေးမောင်းသံ ထွက်ပေါ်လာသည်နှင့် ချင်ကြာဟန်က ငွေရောင်ဓားကို ရှမ်းခနဲ ဆွဲထုတ်ပစ်လိုက်၏။

နေရောင်အောက်တွင် ငွေရောင်ဓားရိပ်များက အစက်အပြောက်များသဖွယ် တဖိတ်ဖိတ် တောက်လက်သွားရ၏။

ဓားရိပ်ဓားငွေ့များကို ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားရုံမက ဓားထုတ်လိုက်သည်နှင့် ကြည့်နေကြသူများမှာ အေးစက်စက်အငွေ့အသက်ကို ခံစားလိုက်ကြရ၏။

ကန္တာရဂိုဏ်းချုပ်ကြီးချာကေကွေ့က လှံတံရှည်ကို ဝေ့ယမ်းပစ်လိုက်ရာ လေတိုးသံတဝှီးဝှီး မြည်ဟည်းထွက်ပေါ်ကာ မုန်တိုင်းကျသည့်အလား ဖြစ်ပေါ်သွားရ၏။ လှံကို မမြင်ရ





တော့ဘဲ လှံများ ပြေးလွှားနေသည်ကိုသာ တွေ့မြင်လိုက်ရ၏။ အလွန်မြန်ဆန်သွက်လက်လှပေ၏။

'ယာ'

စလျင်ချင်းပင် ချင်ကြာဟန်က ငွေဓားကို ကဝှီးဝှီး ဝေ့ယမ်းကာ ခုန်ပျံဝင်ရောက်လာပြီး မနားတမ်း ခုတ်ပိုင်း တိုက်ခိုက်ပစ်လိုက်၏၊ သူ၏ဓားကွက်များသည် ထိပ်တန်းအဆင့်မြင့် ဓားကွက်များပင် ဖြစ်ပေ၏။ ကန္တာရဂိုဏ်းချုပ်ကြီး ချာကေကွေ့ ဓားကွက်များကြားမှ ဖောက်ထွက်ကာ သူ၏လှံရှည်ဖြင့် ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်၏။

'ဝှီး ဝှီး ဝှီး ဝှီး'

လှံချက်များက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ချင်ကြာဟန်ကို သုံးနေရာခွဲကာ တိုက်ခိုက်ပစ်လိုက်၏။ မျက်နှာ ရင်ဝနှင့် လည်ပင်းကို လျှပ်ပြက်သလို တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်၏။ ချင်ကြာဟန်က ငွေဓားကို ကပျာကယာ ဝေ့ယမ်းကာ ခတ်ထုတ်ရင်း တစ်ဘက်သို့ လွှားထွက် ရှောင်တိမ်းပေးလိုက်ရ၏။ ချာကေကွေ့၏ လှံချက်များက ချင်ကြာဟန်နှင့် ပွတ်ကာသီကာကလေး လွဲချော်သွားရ၏။

'ဟိုင်း'

ချင်ကြာဟန်က ချက်ချင်းပင် လူရောဓားပါ စက်ဝိုင်းသဏ္ဍာန်လည်ပတ်ကာ ခုန်ပျံဝင်ရောက်လာ၏။

သူ၏ ဓားချက်တစ်ချက်တည်းနှင့် ထိလိုက်ရုံနှင့်ပင် တုန်းခနဲလဲကျ အသက်ပျောက်သွားရမည် ဖြစ်ပေ၏။ သူ့ဓားချက်တိုင်းမှာ အားပါကာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ချင်ကြာဟန်က ဓားပညာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ထားသူ ဖြစ်သဖြင့် ချာကေကွေ့မှာ အထူးသတိထားကာ တိုက်ခိုက်နေရ၏။

ချာကေကွေ့က လှံရှည်ကိုထောက်ကာ တစ်အက်ကို ခုန်ပျံရှောင်တိမ်းပေးလိုက်သဖြင့် ဝင်းလက်သော ဓားချက်များမှာ သူ့ခန္ဓာကိုယ်နှင့် ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရ၏။

ချင်ကြာဟန်က လျှပ်ပြက်သလိုဓားချက်ဖြင့် နောက်ခွဲပင့်ကာ တိုက်ခိုက်ပစ်လိုက်သော်လည်း ချာကေကွေ့က အထက်သို့ လှံချက်ဖြင့် ဝေ့ယမ်းပစ်လိုက်သဖြင့် ငွေရောင်ဓားမှ ငွေရောင်ခဲစက္ကဝိုင်းကြီးအဖြစ်သို့ ပြောင်းလဲသွားရကာ ဝှီးဝှီး လည်ပတ်သွား၏။

နှစ်ယောက်သား သိုင်းကွက်တစ်ရာကျော်အထိ အပြင်းအထန် တိုက်ခိုက်မိကြသော်လည်း အရှုံးအနိုင်က အပြေမပေါ်သေးပါချေ။ လှံချက်များက မြေးသွားလိုက်၊ ဓားချက်များက မြေးသွားလိုက်နှင့် မရပ်မနားလည်ပတ်နေရာ အထူးပင် ကြည့်ကောင်းလှပေ၏။

ရုတ်တရက် ချာကေကွေ့၏ လှံချက်ကြောင့် ချင်ကြာဟန်၏ အင်္ကျီရင်ပတ်မှာ ရှမ်းခနဲ ကွဲထွက်သွားပြီး ရင်ပတ်တွင် သွေးနီစင်းကြောင်းကြီး တစ်ခု ဖြစ်ပေါ်လာသွားရ၏။

ဖြူဖွေးသော ရင်ဘတ်ကွင်း နီရဲသောသွေးများက စွန်းထင်းသွား၏။ လှံချက်က ရှပ်ထိသွားခြင်းဖြစ်သဖြင့် တော်သေးသည်။ သို့မဟုတ်ပါက ချင်ကြာဟန်မှာ ပြင်းထန်သော





လှံချက်ကြောင့် စင်ခေါ်သို့ ဘုန်းခနဲ ပြိုကျသွားရမည် ဖြစ်ပေသည်။

ချင်ကြာဟန်သည် ဒေါင်းခနဲ ဒေါသထွက်သွားရကာ ဓားကို အဆက်မပြတ် ဝေ့ယမ်းကာ ပြင်းထန်စွာ တိုက်ခိုက်ပစ်လိုက်၏။

ချာကေကွေ့က နောက်သို့ ဆုတ်ပေးလိုက်၏။ ဤသည်ကို မရိပ်မိတဲ့ ချင်ကြာဟန်က အသာင်းဖိလိုက်ကာ ရှေ့သို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်၏။ ချာကေကွေ့က နောက်သို့ တဆုတ်တည်း ဆုတ်ပေးနေသည်။

'ယား'

ရုတ်တရက် မာန်သွင်းသံပြုကာ ချင်ကြာဟန်က ရှေ့သို့ ခုန်ဝင်လိုက်၏။ သူ့ဓားချက်က ချာကေကွေ့၏ ကိုယ်ပေါ်သို့ လျှပ်ပြက်သလို ကျရောက်သွား၏။ ယင်းအချိန်မှာပင် ချာကေကွေ့က အောက်သို့ ကိုယ်ကို ဝပ်ချပေးလိုက်ပြီး လှံရှည်ကို အထက်သို့ ပင့်ထိုးပစ်လိုက်၏။

'ဝှစ်'

'အား'

ရှေ့သို့ ဆောကြီးကာ ဝင်ရောက်တိုက်ခိုက်မိသည့် ချင်ကြာဟန်မှာ ချာကေကွေ့၏ လှံချက်ကြောင့် အသံနက်ကြီးဖြင့် အော်ဟစ်မိလိုက်၏။

ချာကေကွေ့၏ ပြင်းထန်လှသော လှံချက်က ချင်ကြာဟန်၏ ဝမ်းဗိုက်ကို ဖောက်ထွင်း ဝင်ရောက်သွား၏။

ချင်ကြာဟန်၏ ကိုယ်ကြီးမှာ ဆတ်ခနဲ တွန့်သွားရသည်။ အောက်သို့ ဘုန်းခနဲ ပြုတ်ကျသွားရ၏။ သူပြုတ်ကျသွားသည့် နေရာက ကမ်းပါးချောက်ကြီးဘက်ဖြစ်ကာ အောက်သို့ လိမ့်ဆင်းသွားပြီး မိကျောင်းကြီးများ ရှိရာသို့ ကျဆင်းသွားလေတော့သည်။

မိကျောင်းကြီးများက အပေါ်မှ ကျလာသည့် ချင်ကြာဟန်ကို ကိုက်ဆွဲသွားကြ၏။ ချင်ကြာဟန်မှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ မိကျောင်းကြီးများ ကိုက်ဆွဲရာသို့ ပါရှိသွားလေတော့၏။

ချင်ကြာဟန် ကျဆုံးသွားလျှင် ချာကေကွေ့က ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးအား စိန်ခေါ်လိုက်လေတော့၏။ ချာကေကွေ့ —

'ကိုင်း မာယင်ချုံး၊ ခင်ဗျားလူတွေ ကျဆုံးသွားပြီ၊ ခင်ဗျားပြောတဲ့အတိုင်း ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ကြစို့'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာ သူအလွန်အားထားရသော ညာလက်ရုံးဓားသမား ချင်ကြာဟန် မရှုမလှ ကျဆုံးသွားသည်ကို တွေ့မြင်လိုက်ရလျှင် မျက်နှာကြီး ညိုမှောင်သွားရ၏။

မာယင်ချုံးသည် စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်သွားရကာ မေးကြောကြီးများ ထောင်ထလာသည်အထိ အံကိုကြိတ်လိုက်မိ၏။ သူက ချာကေကွေ့ကို စားဝါးတော့မတတ် စူးစိုက်ကြည့်လိုက်မိ၏။

မာယင်ချုံးက ချာကေကွေ့အား စူးစိုက်ကြည့်လိုက်ပြီး—





'ဟိတ်ကောင်၊ မင်းဟာ မြောက်ပင်လယ်က သိုင်းထိပ်သီး မိချောင်းဖန်ခဲ့ဆိုတာ မဖြစ်နိုင်ဘူး၊ မင်းဟာ ငါတို့ ဓားစကြာဂိုဏ်းရဲ့ ဟွမ်ဟိုမြစ်နဂါး သိုင်းပြိုင်ပွဲကြီး ပျက်စီးအောင် တမင်သက်သက် လာဖျက်ဆီးတဲ့ကောင်ပဲ ဖြစ်ရမယ်၊ ကိုင်း ပြောစမ်း၊ မင်း ဘယ်သူလဲ'

ကန္တာရမုန်တိုင်း ဂိုဏ်းချုပ်ကြီး ချာကေကွေ့က ဟက်ခနဲ ရယ်မောလိုက်ပြီး ပြက်ရယ်ပြုသော လေသံဖြင့်....

'ကျုပ် ဘယ်သူလဲဆိုတာ သိချင်ရင် စင်ပေါ်တက်ခဲ့ပါ၊ ဓားစကြာဂိုဏ်းချုပ်ကြီးရဲ့ ခင်ဗျားက စကားကို ဖျက်မလို့လား'

မာယင်ချုံးက စူးရှခက်ထန်သော လေသံဖြင့်....

'ကျုပ်က ပြောထားတဲ့စကားကို ဘယ်တော့မှ မဖျက်ဘူး၊ မင်း ဘာကောင်ပဲဖြစ်ဖြစ် ငါက စိန်ခေါ်ထားတဲ့အတိုင်း တိုက်ခိုက်ရမှာပဲ'

စကားဆုံးသည်နှင့် ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးသာ သူ၏ အစွမ်းထက်လှသော စကြာဓားကို ဆွဲထုတ်ကာ သိုင်းပြိုင်ပွဲ စင်မြင့်ကြီးထက်သို့ လွှားတက်သွားလေတော့၏။

မာယင်ချုံးက စင်ပေါ်သို့ ရောက်ရှိသည်နှင့် ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကွေ့အား စူးစိုက်ကြည့်လိုက်ပြီး....

'ကိုင်း စင်ပေါ်ကို ငါရောက်လာပြီ၊ မင်း ဘယ်သူလဲဆိုတာ ပြောစမ်း၊ မင်း ရုပ်ဖျက်ထားတာ ငါရိပ်မိပါတယ်'

ချာကေကွေ့က မျက်နှာပေါ်မှ မျက်နှာဖုံးအတုကို ခွာချပစ်လိုက်၏။ ချာကေကွေ့၏ မျက်နှာကို တွေ့မြင်လိုက်ရလျှင်

မားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက မျက်ခုံးကြီးနှစ်ဖက်ကို မြှင့်လိုက်ကာ...

'အိုး လက်စသတ်တော့ မိတ်ဆွေဟောင်းကြီးပါလား။ ကျုပ်က ခင်ဗျားကို ဒီနေရာမှာ လာတွေ့ရမယ်လို့ မထင်ဘူး။ ခင်ဗျားတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူးထင်တယ်'

'သိပ်မှန်တာပေါ့ဗျ၊ ကျုပ်လို ဂိုဏ်းချုပ်ကြီးတစ်ယောက်လုံးက ဒီနေရာ ရောက်နေမှတော့ ကျုပ်ဂိုဏ်းသားတွေလည်း ဒီနေရာကို ရောက်နေရမှာပေါ့၊ ဟဲ ဟဲ ဟဲ....ကျုပ်မြှောက်သတ္တဝါမဟုတ်ဘူးလား'

မာယင်ချုံးက မျက်မှောင်ကြုတ်လိုက်ကာ....

'ချာကေကွေ့၊ မင်းကို အလျှင်ရှင်းပစ်ပြီးမှ မင်းလူတွေကို ရှင်းပစ်မယ်ကွ၊ မင်းကလဲ ဒီလိုပဲ စဉ်းစားထားတာမဟုတ်လား'

'ဟုတ်တာပေါ့ကွာ၊ ငါကလဲ မင်းကို အလျှင်ရှင်းပစ်ပြီးရင် မင်းရဲ့ ရဲတိုက်ကြီးကိုပါ မြေလှန်ဖို့ စိတ်ကူးထားတာကွ၊ ဒီတစ်နေ့တော့ မင်းနဲ့ငါ စာရင်းချပြတ်ရှင်းမယ့်နေ့ ဖြစ်သလို မားစကြာဂိုဏ်းရဲ့ နောက်ဆုံးနေ့ပဲကွ'

သိုသို့ပြောနေစဉ်မှာပင် မားစကြာရဲတိုက်ကြီးဆီမှ မီးလျှံကြီးများ ထွက်ပေါ်လာ၏။ အမြှုပ်ရောင်သစ္စာဘက်တော်သားများက မားစကြာရဲတိုက်အတွင်း ဝင်ရောက်တိုက်ခိုက်ကာ ရဲတိုက်ကို မီးတင်ရှို့နေကြပြီး အော်ဟစ်တိုက်ခိုက်သံများနှင့် ဆူညံလျက်ရှိနေ၏။





မားစကြာရဲတိုက်ကြီး မီးဟုန်းဟုန်း တောက်လောင်လာသည်ကို တွေ့မြင်လိုက်ရလျှင် မားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး၏မျက်နှာမှာ ညိုမှောင်သွားရ၏။

ပွဲခင်းကြီးတစ်ခုလုံးမှာ ရှုတ်ရှက်ခတ်သွားသဲ ဖြစ်သွားရ၏။ မားစကြာဂိုဏ်းသားများကို စမ်ခဝယန်ခေါင်းဆောင်သည့် အမြှုပ်ရောင် သစ္စာဘက်တော်သား သိုင်းသမားများက ဝင်ရောက်တိုက်ခိုက်ကြ၏။

အနက်ရောင်သိုင်းသမားများကလည်း မားစကြာ ဂိုဏ်းသားများနှင့် ပူးပေါင်းကာ အမြှုပ်ရောင်သစ္စာဘက်တော်သား သိုင်းသမားများကို တန်ပြန်တိုက်ခိုက်ကြ၏။

မြိုင်ပွဲမင်းမြင့်ကြီးထဲတွင် ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကွေ့နှင့် မားစကြာဂိုဏ်းချုပ်ကြီးမာယင်ချုံးတို့ တိုက်ပွဲစနေကြလေပြီ။

သိုင်းလောကမှ ထိပ်သီးဂိုဏ်းချုပ်ကြီးနှစ်ယောက်၏ ပြိုင်းပန်းသော တိုက်ပွဲဖြစ်သဖြင့် မင်းပေါ်တွင် မုန်တိုင်းကျသည့်အလား ဖြစ်ပေါ်လျက်ရှိနေ၏။

ချာကေကွေ့၏ လုံချက်များက ကြောက်ခမန်းလိလိ ပြေးသွားတိုက်ခိုက်နေသလို မာယင်ချုံး၏ စကြာဓားချက်များသည်လည်း ကြယ်မျှား တဖွဲဖွဲ ကြွေကျနေသည့်အလား ဝင်းလက်တောက်ပလျက်ရှိနေရ၏၊ ဓားချက်လုံချက်များက လေတိုက်သည့်အလား ဖြစ်ပေါ်နေ၏။

'ဝှီ ဝှီ ဝှီ'

'ဝှစ် ဝှစ် ဝှစ်'

နှစ်ယောက်စလုံးက အားမာန်အပြည့်နှင့် တိုက်ခိုက်လျက် ရှိနေကြ၏။ မာယင်ချုံး၏စကြာဓားချက်မ...က ချာ... ကေ့ ၏ဝင်းထက်သော လှံရောင်လှံချက်များကလည်း မာယ... ချုံး၏ကိုယ်ပေါ်သို့ အဆက်မပြတ် ထိုးသွင်းလျက် ရှိနေ၏။

နှစ်ယောက်စလုံးက တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူမျာ... ဖြစ်ကြပြီး သိုင်းပညာတွင်လည်း ထိပ်တန်းအဆင့်ကို ကျေ... လွန်နေကြသူများဖြစ်ကြ၏။ ထို့ကြောင့် သူတို့နှစ်ဦး၏တို... ပွဲမှာ မုန်တိုင်းကျနေသည့်အလား ဖြစ်ပေါ်နေ၏။

ပြိုင်ပွဲစင်မြင့်ကြီးမှာ ယိမ်းထိုးလှုပ်ခါနေပြီး လှင့်ထ... သော ရောင်စုံအလံများမှာ လွင့်စဉ်ထွက်သွားကြရ၏။ တဝ... ဝီး တဝှစ်ဝှစ်နှင့် လည်ပတ်နေသော လူရိပ်နှစ်ရိပ်ကိုသာ မြ... မြင်နေကြရကာ မည်သူမည်ဝါမှန်း ခွဲခြားမရတော့ပေ။

ယင်းအချိန်မှာပင် ပြိုင်ပွဲစင်မြင့်ထက်သို့ လူရိပ်တစ်ရိပ... ပျံလွှားငှက်တစ်ကောင်အလား ခုန်ပျံကျဆင်းလာ၏။ ထို... ကို တွေ့မြင်လိုက်ရလျှင် ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာ... ကေ့က မာယင်ချုံးကို ဆက်လက်မတိုက်ခိုက်တော့ဘဲ နေ... သို့ မှန်ဆုတ်ပေးလိုက်၏။

မာယင်ချုံးမှာ ရုတ်တရက် အံ့အားသင့်သွားရ၏။

ထိုသူကို တွေ့မြင်လိုက်ရလျှင် ဓားစကြာဂိုဏ်းချုပ်ကြ... မာယင်ချုံးမှာ မျက်မှောင်ကြုတ်လိုက်ပြီး....

'ဟိတ်_နဂါးနက်ဆိုတာ မင်းမဟုတ်လား၊ မင်းနာမ... ရှင်းက ဘယ်သူသဲ၊ မင်းအသက်ရှင်လျက်နဲ့ ဗီနေရာရော...





လာတာ ဓထောက်ရင် ငါ့တူတော်မောင်ဖုစင်ကြွယ် သေပြီထင် တယ်'

ဝမ်ဝေယန်က ဟက်ခနဲရယ်မောလိုက်ပြီး....

'မှန်ပါတယ် မာယင်ချုံး၊ ခင်ဗျားရဲ့တူတော်မောင် ဖုစင် ကြွယ်နဲ့ သူ့ရဲ့ လက်ရွေးစင် ဓားသမား သုံးယောက်စလုံး မြေကြီး ရောက်သွားကြပါပြီ၊ ကျုပ်နာမည် ဝမ်ဝေယန်'

'ဝမ်ဝေယန် ဟုတ်ကားး၊ ဟား ဟား ဟား၊ ဒါဆိုရင် မင်းက ရွှေဖြူဓားဝမ်စီမင်နဲ့ ကြိုးကြာမယ် လျန်းလျန်းတို့ရဲ့ သားပေါ့ ဟုတ်လား'

မာယင်ချုံးက ဝမ်ဝေယန်ဟူသော အမည်ကို ကြားလိုက် ရလျှင် တဟားဟားရယ်မောကာ ပြောကြားလိုက်မိ၏။ ဝမ် ဝေယန်က တင်းမာပြတ်သားသော လေသံဖြင့်....

'ဟုတ်တယ်၊ ကြိုးကြာမယ်လျန်းလျန်းတို့ရဲ့သား ဝမ်ဝေ ယန်ပဲ၊ ကျုပ်မိဘတွေကို ခင်ဗျားက ရက်ရက်စက်စက် သတ် ဖြတ်သွားတာကို သတိရမှတ်မိသေးရဲ့လား၊ အခု ကျုပ်မိဘ တွေအတွက် ခင်ဗျားကို သွေးကြွေးဆပ်ဖို့ရောက်လာတာပဲ'

ဓားစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံက တဟားဟား ရယ် မောလိုက်ကာ....

'ဟား ဟား ဟား....မင်းကြည့်ရတာ နို့နံ့တောင် မစင် သေးဘူး၊ ငါလို အဓိပတိ သိုင်းဂိုဏ်းချုပ်ကြီးတစ်ယောက်နဲ့ လာပြီး ပညာယှဉ်ချင်နေတယ်၊ မင်း သေသွားမှာပေါ့ကွ'

'သေရမှာက ခင်ဗျားပါ၊ ကျုပ်က ဝတ်ရုံနီဘိုးဘိုးနဲ့ နဂါးပျံ ရသေ့ကြီးတို့ဆီမှာ သိုင်းပညာတွေ သွားပြီး သင်ယူ

ခဲ့တာပဲ၊ ခင်ဗျားကို ကျုပ်က အသာကလေး အနိုင်ယူပြလိုက်မယ်၊ ငရဲကို ပို့ပစ်လိုက်မယ်

'ကိုင်း ဒီလောက်တောင် လေကြွားတဲ့ကောင်လေး၊ ငရဲပြည်ကို သွားပေတော့၊ မင်းကို မယ်ဆန္ဒအတိုင်း ပြည့်စုံပေးလိုက်မယ်'

စကားဆုံးသည်နှင့် ခွေးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံးက စကြာဓားကို ဝေ့ယမ်းကာ ဝမ်ဝေယန့်ထံသို့ လူရောဓားပါ လွှားတက်သွားရောတော့၏၊ မာယင်ချုံး၏ တစ္ဆေအိပ်ပုံ ဓားချက်ဖြင့် တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်၏။

မာယင်ချုံးက ရိုက်ခနဲ ဝင်ရောက်လာ၏။ စကြာဓားပါ ပျောက်သွား၏။ ဓားလေတိုးသံ ရှဲခနဲတစ်ချက်သာ ကြားလိုက်ရ၏။

ဝမ်ဝေယန့်၏ တစ်ကိုယ်လုံး အေးစက်စက် ဓားရိပ်ဓားငွေ့ကို ခံစားမိလိုက်ရ၏။

ဝမ်ဝေယန့်ဟာ ကိုယ်ကို ဖျပ်ခနဲ နေရာပြောင်းလိုက်ကာ ခွေးစကြာဂိုဏ်းချုပ်ကြီး မာယင်ချုံး ရှိမည်ထင်သည့်ဘက်သို့ ဝိညာဉ်ဘောဝိပန် ဓားမိုးပျံ ဓားချက်ဖြင့် တစ်ဟုန်ထိုး ခုတ်ပိုင်းချလိုက်သည်။

'ချွမ်း'

ဓားနှစ်လက်မှာ ပြင်းထန်စွာ ဆုံတွေ့မိလိုက်ကြ၏။ မီးပွင့်များက ဖြန်းခနဲ ပွင့်ဖြာထွက်သွား၏။





ယင်းအချိန်တွင် ကန္တာရမုန်တိုင်း ဂိုဏ်းချုပ်ကြီး ချာတောကွေ့မှာ ကုလားထိုင်ကြီးတစ်လုံးထက်တွင် သွားရောက်ထိုင်လိုက်ကာ တိုက်ပွဲကို အေးဆေးစွာ ကြည့်နေလေ၏။

ဓားစကြာရဲ့တိုက်ကြီးတစ်ခုလုံးမှာလည်း မီးတဟုန်းဟုန်း တောက်လောင်ကာ မီးလျှံကြီးများက တဝုန်းဝုန်း ဝါးမျိုပစ်နေလေပြီ။

အဖြူရောင် သစ္စာတက်ဘော်သား သိုင်းသမားများ၏ လက်ချက်ကြောင့် ဓားစကြာဂိုဏ်းသားများမှာ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးလျက် ရှိနေကြရ၏။

'ယား'

'ဟိုင်း'

မာယင်ချုံးက မာန်သွင်းသံ ပြုလိုက်သလို ဝမ်ဝေယန့်ကလည်း ကျယ်လောင်စွာ မာန်သွင်းလိုက်၏။

မာယင်ချုံးကခုန်ပျံကာ တစ္ဆေလက်ချောင်းဓားရှစ်ချောင်း သိုင်းကွက်ဖြင့် စကြာဓားကို ဝေ့ယမ်းကာ ဝမ်ဝေယန့်အား ခုတ်ပိုင်းချလိုက်၏။

ထိုတစ္ဆေလက်ချောင်းဓားရှစ်ချောင်းဓားကွက်တွင် ဓားရိပ်ရှစ်ရိပ်ပါရှိပြီး ရှစ်နေရာခွဲကာ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်လေသည်။

ချက်ချင်းပင် ဝမ်ဝေယန့်က စိတ်ပြောင်းကိုယ်ခွာ ဝက်ပါ ဓားကွက်နှင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်၏။

စိတ်ပြောင်းကိုယ်ခွာ ဝက်ပါခေါက်ကွက်မှာ အနီးမြားသော ခေါက်ကွက်ဖြစ်ပြီး ဝမ်ဝေယန်မှာလည်း နေရာမှ ဟူးခနဲ ခုန်ပျံ ထွက်သွား၏။

ရှုပ်ထွေးများပြားလှသော ခေါက်များက ခားစကြာဂိုဏ်း ချုပ်ကြီး မာယင်ချုံး၏တစ်ကိုယ်လုံးကို ငွေရောင်ပိုက်ကွန်ကြီး ပမာ လွှမ်းခြုံပစ်လိုက်၏။

တစ္ဆေလက်ချောင်းခေါက်ကွက်နှင့် ဝက်ပါခေါ်ချက်များ ဆုံတွေ့လိုက်ရလျှင် ပြင်းထန်သောခေါ်သံများထွက်ပေါ်လာရပြီး လူရိပ်နှစ်ရိပ်မှာလည်း အထက်သို့ထိုးတက်သွားရ၏။

ကြည့်နေသော ကန္တာရမုန်တိုင်း ဂိုဏ်းချုပ်ကြီး၊ ချွာခက တွေ့ပင် တအံ့တဩဖြစ်ကာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက် သွားရ၏။

လူရိပ်နှစ်ရိပ်ကလည်းပတ်ကာ အထက်သို့ထိုးတက်သွားသည် မဟုတ်ပါလား။

'အား'

မကြာမီ လည်ပတ်နေသော လူရိပ်နှစ်ရိပ်အတွင်းမှ စူးစူး ဝါးဝါး အော်ဟစ်သံကြီးတစ်သံက ထွက်ပေါ်လာ၏။ လူရိပ် နှစ်ရိပ်ထဲမှ တစ်ရိပ်က အောက်သို့ဇောက်ထိုးကျဆင်းလာကာ စင်နှင့်တိုက်မိပြီး ဝုန်းခနဲမြည်ဟည်းသွားရ၏။

ထိုလူရိပ်နှင့်ထက်ကြပ်မကွာ အပေါ်မှလူရိပ်က ကျွမ်းပစ် ကာ လွှားဆင်းကျရောက်လာ၏။





အောက်သို့ ဇောက်ထိုးကျကာ စင်ကြမ်းပြင်နှင့် ခေါင်း ဝင်ဆောင့်မိလိုက်သူသည်ကား ခားစကြာဂိုဏ်းချုပ်ကြီးမာယင် ချုံးပင် ဖြစ်ပေတော့၏။

မာယင်ချုံး၏ရင်ဝတွင် ဝမ်ဝေယန်၏နဂါးပျံခေါက်က စိုက် ဝင် နစ်မြုပ်လျက် ရှိနေ၏။

မာယင်ချုံးမှာ 'အောက်မရောက်မီ လမ်းတစ်ဝက်မှာပင် မချိမဆန့် အမုက်ဇောတ်သိမ်းသွားရပြီ ဖြစ်ပေ၏။

'အောင်ပြီဟေ့ အောင်ပြီ'

'အောင်ပြီကွ အောင်ပြီ'

အပြူရောင်သစ္စာတက်တော်သား သိုင်းလောကသားများက အောင်ပွဲခံကြွေးကြော်လိုက်ကြ၏။

သိုင်းလောကတစ်ခုလုံးကို အမျိုးမျိုး နှောင့်ယှက် ဒုက္ခပေး နေသော အနက်ရောင်ဒုရိုက်သိုင်းဂိုဏ်းကြီးဖြစ်သည့် ခားစကြာ ဂိုဏ်းကြီးမှာ မရှုမလှကျဆုံးသွားရပြီ မဟုတ်ပါလား။

ခားစကြာရဲတိုက်ကြီးတစ်ခုလုံး မီးတဟုန်းဟုန်း တောက် လောင်သွားရပြီဖြစ်သလို ဂိုဏ်းချုပ်ကြီး မာယင်ချုံးမှာလည်း အရှုမလှ မချိမဆန့် အသက်ပျောက်သွားရပြီဖြစ်၏။ သိုင်း လောကနှင့်မြည်သူများကို အမျိုးမျိုးဒုက္ခပေးနေသည့် ဒုစရိုက် ကောင်များမှာ ချုပ်ငြိမ်းသွားရလေပြီ။

အပြူရောင် သိုင်းလောကသားများက အော်ဟစ်ကြွေး ကြော်နေသည်။ နောက်ဆုံးတွင် အမှန်တရားက အောင်ပွဲခံရ ပြီမဟုတ်ပါလား။ ဝမ်ဝေယန်မှာလည်း မိဘများအတွက် သူ့

ကိုယ်တိုင် သွေးကြွေးဆပ်လိုက်ရပြီဖြစ်သဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိရ၏။

ဝမ်ဝေယန်အား ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီး ချာကေကွေ့နှင့် အမြူဂ်ရှင်သိုင်းလောကသားများက ဝိုင်းဝန်းကာ ဂုဏ်ပြုစကားများ ပြောကြားလိုက်ကြ၏။ ဝမ်ဝေယန်နှင့်အတူ သိုင်းလောကသားများမှာ ပျော်ရွှင်မဆုံးအောင် ရှိနေကြရ၏။ ထိုနေ့ညမှာပင် သူတို့သည် အောင်ပွဲခံဂုဏ်ပြု စားသောက်ပွဲကြီးတစ်ရပ်ကို ပင်လယ်ပြာရွာတွင် ဆင်ယင်ကျင်းပလိုက်ကြလေတော့၏။



(၄၈)

ဝမ်ဝေယန်၏စိတ်ဓာတ်နှင့် သိုင်းပညာအဆင့် မြင့်မားမှုကို သဘောကျသောကြောင့် မာယင်ချုံး၏နောင်ရေးကို မျှော်ကိုးကာ ကန္တာရမုန်တိုင်းဂိုဏ်းချုပ်ကြီးချာခေကွေ့က ဝမ်ဝေယန်အား လူဆိုးထိန်းအဖွဲ့ကြီးသို့ စာချွန်းစေလွှတ်လိုက်၏။

လူဆိုးထိန်းအဖွဲ့ခေါင်းဆောင်မှာ နေပြည်တော်မှ မှုခင်း တာဝန်ခံ နမျူးကြီးအန်းလုသုံပင် ဖြစ်၏။ ဝမ်ဝေယန်သည် နေပြည်တော်သို့ ရောက်သောအခါ မှုခင်းနှိမ်နင်းရေး တာဝန်ခံ နမျူးကြီးအန်းလုသုံနှင့် တွေ့ဆုံလိုက်ရ၏။

ဝမ်ဝေယန်က ကန္တာရဂိုဏ်းချုပ်ကြီးချာခေကွေ့ ရေးပေးလိုက်သောစာကို အန်းလုသုံအား ပေးအပ်လိုက်၏။ အန်းလုသုံက စာကိုဖတ်ကြည့်လိုက်ပြီး ဝမ်ဝေယန်အား....

'ငါတို့လူဆိုးထိန်းအဖွဲ့ဆိုတာ အသက်စွန့်ပြီး စွန့်စားရတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်၊ နိုင်ငံနဲ့လူမျိုးအပေါ်မှာ သစ္စာ ကျိုးရတယ်၊ အထူးသဖြင့် သစ္စာသမာဓိရှိဖို့က အရေးကြီးတယ်၊ ဂုဏ်တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ ထု သိုဝှက်မှု နှိမ်နင်းပပျောက်ရေး၊ ဒုစရိုက်သမား ချေမှုန်းရေးတွေ ကို ငါတို့အဖွဲ့က အဓိကထားလုပ်ဆောင်နေကြတယ်၊ ဟန္တ ဂိုဏ်းချုပ်ကြီး ချာကေကော့ ကိုယ်တိုင်က မင်းနဲ့ပတ်သက် အာမခံရေးထားလေတော့ ငါတို့အနေနဲ့ မင်းကို ဘာမှဖြ ပယ်စရာအကြောင်းမရှိပါဘူး၊ ကြိုဆိုပါတယ်၊ ငါတို့နဲ့အတူ လက်တွဲဆောင်ရွက်ပါ'

ဝမ်ဝေယန်က လူဆိုးထိန်းအဖွဲ့မှူးကြီး အန်းလုလုံ စကား ကြောင့် အလွန်ဝမ်းမြောက်သွားရအော လက်နှစ်ဖက်ဆုပ် အ အလေးပြုလိုက်ရင်း....

'ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမယ်၊ သတိပြုပါတယ် အဖွဲ့မှူးကြီးခင်ဗျား၊ တရားဥပဒေစိုးမိုးရေး နယ်မြေတည်တံ့ရေး၊ ရပ်ရွာအေးချမ်းရေးအတွက် ကျွန်တော် အသက်စွန့် ထမ်းဆောင်ပါမယ်၊ သိုင်းလောကနဲ့ ပြည်သူလူထု ကို အမျိုးမျိုး နှောင့်ယှက်ဒုက္ခပေးနေတဲ့ အနက်ရောင်ဒုစရိုက် သမားတွေကို ချေမှုန်းပစ်ပါမယ်'

ထို့နောက် လူဆိုးထိန်းအဖွဲ့မှူးကြီးအန်းလုလုံက ဝမ်ဝေ ယန်အား ပွဲဦးထွက်တာဝန်တစ်ခု ပေးအပ်လိုက်၏။





ထိုတာဝန်မှာ ကြုံးချမ်းအာမခံဌာနမှ ငွေကြေးရတနာများ လုယက်ခံရမှုပင် ဖြစ်သည်။ စန်းစီးမြို့တွင် ဖြစ်ပွားခဲ့သော အမှုပင်ဖြစ်၏။

လုယက်သွားသူမှာ နှစ်ယောက်ဖြစ်ကာ တစ်ယောက်မှာ အသက်သုံးဆယ်ကျော် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ရက် ယောက်မှာအသက် နှစ်ဆယ့်ငါးနှစ်ကျော် အမျိုးရေးဌာနမှ ယောက်ဖြစ်၏။ ႏမှာ ခေးပြ

ထိုဓားပြစုံတွဲက ကြုံးချမ်းအာမခံဌာနမှ သည့် အဘယ် လမ်းမှဖြတ်ကာတိုက်ခိုက်ပြီး ငွေငွေရတနာများ ကြုံခြင်းမှင်ဖြစ်၏။

ကြုံးချမ်းအာမခံဌာနပိုင်ရှင် သူဌေးကြီးအိမ်တိတ်လျှောင် က နေပြည်တော်မှ လူဆိုးထိန်းအဖွဲ့ကြီးအန်းလုလုံထံ စာရေး အကူအညီတောင်းခံခဲ့၏။ စာထဲတွင် လူဆိုးထိန်းအဖွဲ့မှ သိုင်း ပညာအဆင့်မြင့်မားကာ အစွမ်းထက်သော လူဆိုးထိန်း အဖွဲ့ ဝင်တစ်ယောက်ကို စန်းစီးရှိ ကြုံးချမ်းအာမခံဌာနသို့ အမြန် ဆုံး စေလွှတ်အကူအညီပေးပါရန် ရေးသားထား၏။

လူဆိုးထိန်းအဖွဲ့မှူးကြီးအန်းလုလုံက စီးစန်းမြို့မှ ကြုံးချမ်း အာမခံသယ်ယူပို့ဆောင်ရေးဌာနပိုင်ရှင် သူဌေးကြီး အိန်တိတ် လျှောင်းထံသို့ပေးရန် စာတစ်စောင်ကိုရေးကာ ဝမ်ဝေယန် အား ပေးအပ်လိုက်၏။ စာကို နေပြည်တော်မှ အထူးလူဆိုး ထိန်းအဖွဲ့တံဆိပ်ပါ ခတ်နှိပ်ပေးလိုက်၏။

စာထဲတွင် ရေးထားသည်မှာ ယခုလာသော လူဆိုးထိန်း အဖွဲ့ဝင် ဝမ်ဒဝယန့်သည် သူဌေးကြီးအလိုရှိနေသော သိုင်းပညာ အဆင့်မြင့်မားကာ အစွမ်းထက်သောလူဆိုးထိန်းဖြစ်ရုံမျှမက မျိုးရိုးမြင့်မြတ်သူတစ်ယောက် ဖြစ်ကြောင်း၊ စိတ်ချစွာ ဂုဏ်[illegible]ဆက်ခံနိုင်ပါကြောင်းနှင့် ကျူးချမ်း အာမခံဌာနမှ ရှိသို့ဝင်ရောက် လုယက်သွားသော ခါးပြစုတွဲကို တိုတောင်းသော [illegible]ကို ငါးပြင်း ဖမ်းဆီးပေးနိုင်ရုံမျှမက ရတနာများပါ ပြန်ရ ဂိုဏ်းချုပ်ဝယန့်က ကြိုးစား ဖော်ထုတ်ပေးနိုင်သည် ဖြစ် အာမခံရေး[illegible]ဆက်ရေးသားထားလေ၏။

ပယ်စရောအန့်သည် ထိုအမှုကိုဖော်ထုတ်ရန် ဝမ်မြောက်ဝမ်း လက်တွေ့တက်ခံလိုက်၏။ သူက လူဆိုးထိန်းအဖွဲ့မှူးကြီး အန်း မာကိုယူကာ စန်းစီးမြို့သို့ ထွက်ခွာလာခဲ့လေတော့၏။

● ● ●

စန်းစီးမြို့ ကျန်နန့်နယ်၏ သာယာလှပသော မြို့တစ်မြို့ပင် ဖြစ်၏။ ခရီးလမ်းစုံကျသဖြင့် ဝင်ထွက်သွားလာသူ အထူးများ ပြား စည်ကားလှ၏။

ခရီးသွားများ ကုန်သည်များ၊ သိုင်းလောကသားများနှင့် ရှုပ်ထွေးနေကာ စီးပွားရေးကောင်းသော မြို့လည်းဖြစ်၏။ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ၊ ဇာတ်ရုံများ၊ ပွဲ ထည်တိုက်ကြီးများ ကုန်စုံဆိုင်ကြီးများ တုံကျောင်းများဖြင့် မြို့ထဲတွင် ပြည့်နှက်လျက်ရှိနေ၏။





အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်ဒုစရိုက်သမား ကလည်း ထုံးစံအတိုင်း ရောထွေးလျက်ရှိနေကြ၏။ အရက်ဆိုင် များတွင် သိုင်းလောကသားများက အများဆုံးရှိနေကြ၏။

ယခုလာရောက်သော သတင်းကြီးနေသူမှာ ကြူးချမ်း အာမခံသယ် ယူပို့ဆောင်ရေးဌာနအကြောင်းပင် ဖြစ်၏။ လွန်ခဲ့သည့် ရက် သတ္တပတ်က ကြူးချမ်းအာမခံ သယ်ယူပို့ဆောင်ရေးဌာနမှ သိုင်းသမားလေးယောက် ကျဆုံးရကာ ရတနာများမှာ ခါးပြ များနောက်သို့ ပါသွားရ၏။

ထိုလျှို့ဝှက်စွာ ခရီးထွက်သွားသောသတင်းသည် အဘယ် ပုံအဘယ်နည်း ပေါက်ကြားသွားရပါသနည်း။

ထိုကိစ္စကို သိသူမှာ သူဌေးကြီး အွန်တိတ်လျောင်၊ ဇနီး ဖြစ်သူ သူဌေးကတော် မောက်လီစီးနှင့် ကြူးချမ်း သယ်ယူပို့ ဆောင်ရေးတာဝန်ခံကြီး ဟုန်ကျင်တို့သုံးယောက်သာရှိကြ၏။ ဤသုံးယောက်သာ သိရှိနေကြပေ၏။

ထိုဆိုလျှင် ဤရတနာများ တင်ဆောင်သွားသည့် မြင်းရ ထား မည်သည့်နေ့၊ မည်သည့်အချိန် ခရီးစထွက်မည်ဆိုသည့် သတင်း ပေါက်ကြားခြင်းမှာ ဤသုံးယောက်အတွင်းမှသာ ဖြစ် ရပေမည်။ သူဌေးကြီး အွန်တိတ်လျောင်းကတော့ ဤကိစ္စကို လုပ်ဆောင်မည် မဟုတ်ပေ။

သူဌေးကတော်မောက်လီစီးမှာ ပထမ သူဌေးကတော်ကြီး ဆုံးသွား၍ သူဌေးကြီးက ထပ်မံယူထားသော အမျိုးသမီးဖြစ် ၏။

မောက်လိစီးမှာ သူဌေးကြီးနှင့် အသက်အရွယ်ချင်း ကွာခြားသည့်အပြင် ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူဌေးကြီး အိန်တိတ်လျှောင်းမှာ ယခုအခါ အသက်ငါးဆယ်ကျော်ပြီဖြစ်ပြီး သူဌေးကတော် မောက်လိစီးမှာမူ အသက်သုံးဆယ်ဝန်းကျင်ခန့်သာ ရှိနေသေး၏။ မောက်လိစီးမှာ စွဲမက်စရာ ကိုယ်ခန္ဓာအချိုးအစားကျနပြီး ခါး တစ်ရစ်များက မြင်ရသူကို ငေးမောသွားလောက်ပေ၏။ မျက်နှာမှာ ချောမောသလို ကိုယ်လုံးကိုယ်ပေါက်မှာလည်း ဖွံ့ထွားပြေပြစ်လှပေ၏။

သူမ၏ရုပ်ကြီးဖိုင်ယ် အသွယ်သွယ်မှာ မြင်ရသူကို အံ့သြ ရှူမှိုက်လောက်၏။ မောက်လိစီးနှင့် သူဌေးကြီး အိန်တိတ်လျှောင်းတို့ အိမ်ထောင်ပြုခဲ့ကြသည်မှာ သုံးနှစ်ကျော်ပြီး ဖြစ်သော်လည်း မောက်လိစီးမှာ အလှမပျက်သည့်အပြင် ပိုမိုလှပ ကာ သားသမီးလည်းမရခဲ့ပေ။

ယခင်အိမ်ထောင်နှင့်လည်း သူဌေးကြီးမှာ သားသမီးမထွန်းကားခဲ့ပေ။ မောက်လိစီးမှာ ဟော့လူမျိုးစုဖြစ်ပြီး ဟော့ခေါင်းဆောင်ကြီး တစ်ယောက်၏ သမီးဖြစ်၏။

ဟော့ခေါင်းဆောင်ကြီးနှင့် သူဌေးကြီးမှာ ခင်မင်ရင်းနှီးသူများဖြစ်ကြရာ သူဌေးကြီးဇနီး ဆုံးပါးသွားသောအခါ ထိုဟော့ခေါင်းဆောင်၏ သမီးနှင့် သူဌေးကြီးတို့ လက်ထပ်လိုက်ကြခြင်းပင်ဖြစ်၏။

လုပ်ငန်းအထွေထွေ တာဝန်ခံကြီး တုဟုန်ကျင်မှာ အသက်လေးဆယ်ခန့်သာ ရှိနေသေး၏။ တုဟုန်ကျင်မှာ သူဌေးကြီး





လူယုံတော် အတိုင်ပင်ခံကြီးလည်း ဖြစ်ပေ၏။ တုဟုန်ကျင်မှာ သူဌေးကြီးထံတွင် အမှုထမ်းခဲ့သည်မှာ ဆယ်နှစ်နီးပါးမျှ ရှိသွားပြီဖြစ်၏။ နာမည်ပျက်လုံးဝမရှိသူလည်း ဖြစ်ပေ၏။ သူဌေးကြီး၏ ယုံကြည်စိတ်ချရဆုံးသောသူလည်း ဖြစ်ပေ၏။ တုဟုန်ကျင်က အိမ်ထောင်မရှိချေ။

သူဌေးကြီးက သူ့ကို အိမ်ထောင်ပြုရန် တိုက်တွန်းပြောကြားတိုင်း သူက အမြဲငြင်းဆန်ခဲ့၏။

တုဟုန်ကျင်က သူဌေးကြီး၏ စံအိမ်မှာပင် နေထိုင်သူဖြစ်၏။ သူဌေးကတော်က မောက်လိစီးက သူ့ထက် ငယ်ရွယ်သော်လည်း သူက တရိုတသေ ဆက်ဆံပြောဆိုလေ့ရှိ၏။

ဤသုံးယောက်သာလျှင် အဓိက တာဝန်ရှိသူများ ဖြစ်နေကြ၏။ လျှို့ဝှက်ချက် ပေါက်ကြားမှုကြောင့် ရတနာများ ဆုံးရှုံးခဲ့ရမှုမှာ သိုင်းသမားလေးယောက်ပါ ချေမှုန်း [illegible] ခဲ့ရ၏။ ထို့အတွက် သူဌေးကြီးက သိုင်းသမားတစ်ယောက်စီ၏ မိသားစုများကို လျော်ကြေးငွေများ အမြောက်အမြား ပေးခဲ့ပြီးဖြစ်သည်။

သူဌေးကြီး အိန်တိတ်လျှောင်းမှာ စိတ်ကောင်း နှလုံးကောင်း ရှိသူတစ်ယောက်ဖြစ်ပြီး သူတစ်ပါးကို ကူညီတတ်သူဖြစ်၏။ သူ့ထံသို့ အကူအညီ သွားတောင်းသူမှန်သမျှ အနည်းနှင့်အများဆိုသလို ကူညီထောက်ပံ့ပေးတတ်၏။

သူဌေးကြီးကို မြို့သူမြို့သားများက ရိုသေလေးစား ခင်မင်ကြ၏။ မရှိဆင်းရဲသားများကို ကူညီထောက်ပံ့ပေးရုံမက မြို့အတွက် သာရေးနာရေးတွင် ငွေကို ရက်ရောစွာ အလှူငွေ

ထည့်ဝင်တက်၏။ သူဌေးကြီး အိန်တိတ်လျှောင်းမှာ လူချစ်လူခင် ပေါများ၏။

ဝမ်ဝေယန်သည် စန်းစီးမြို့သို့ ရောက်ရှိလာခဲ့၏။ သူ၏ ကြုံးချမ်းအာမခံ ဘယ်ယူပို့ဆောင်ရေး ဌာနပိုင်ရှင် သူဌေးကြီး အိန်တိတ်လျှောင်း နေထိုင်ရာ မိုးမခစံအိမ်ကြီးသို့ သွားရောက်ကာ သူဌေးကြီးနှင့် တွေ့ဆုံလိုက်သည်။

သူဌေးကြီး အိန်တိတ်လျှောင်း၏ မိုးမခစံအိမ်မှာ စန်းစီးမြို့၏ အရှေ့ဘက်အခြမ်းတွင် တည်ရှိရာ ကြီးမားသော ခြံဝင်းကြီး အတွင်း ခမ်းနားစွာ တည်ရှိနေ၏။

ခြံဝင်းကြီးမှာ မြင့်မားသော အုတ်တံတိုင်းကြီးနှင့် အခိုင်အမာ ကာရံထား၏။ ခြံဝင်းတံခါးဝတွင် သူဌေးကြီး၏ အစောင့်များက စောင့်ကြပ်နေကြ၏။

ဝမ်ဝေယန်က အကျိုးအကြောင်း ပြောလိုက်လျှင် ချက်ချင်းပင် အစောင့်များက ဝမ်ဝေယန်ကို သူဌေးကြီး အိန်တိတ်လျှောင်းထံ ခေါ်ဆောင်သွားကြ၏။

သူဌေးကြီး အိန်တိတ်လျှောင်းမှာ အသက်ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း အသားအရေ နုပျိုဆဲရှိနေသည်ကို တွေ့လိုက်ရ၏။

ဝမ်ဝေယန်က လူဆိုးထိန်း ဌာနမှူး ဘန်းလုလုံ ရေးပေးလိုက်သော စာကို သူဌေးကြီး အိန်တိတ်လျှောင်းအား ပေးအပ်လိုက်၏။

အိန်တိတ်လျှောင်းက စာကို ဖတ်ကြည့်လိုက်ပြီး ဝမ်းသာအားရဖြင့်....





'အို ဆရာလေးက နေပြည်တော်က လာတဲ့ လူဆိုးထိန်း အရာရှိကလေးကိုး၊ ထိုင်ပါ ခင်ဗျာ ထိုင်ပါ'

သူဌေးကြီးက ဝမ်ဝေယန်အား ချက်ချင်းပင် နေရာထိုင်ခင်းများ ပေးလိုက်၏။ ဝမ်ဝေယန်က...

'အမှုက ဘယ်လိုဖြစ်တာပါလဲ သူဌေးကြီး'

'ပြောပါ့မယ် ဆရာလေး၊ ခဏလေး နားလိုက်ပါဦး၊ ဆရာလေးကို ဧည့်ဝတ်ပြုပါရစေ'

ထို့နောက် သူဌေးကြီးက ဝမ်ဝေယန်ကို အရက်နှင့် စားစရာများ တည်ခင်းကာ ဧည့်ဝတ်ပြုလိုက်၏။ ယင်းအချိန်မှာပင် သူဌေးကတော် မောက်လိစီးပါ ရောက်ရှိလာ၏။

မောက်လိစီးသည် အပြာနုရောင် ပိုးသားဝတ်စုံရှည်ကိုဝတ်ဆင်ထားပြီး ရွှေရောင်ခါးစည်းကြိုးကို ခါးတွင် ပတ်ထားကာ ခေါင်းမှ ပျော့ပျောင်းနက်မှောင်သော ဆံပင်များကို ရွှေရောင် ဖဲကြိုးဖြင့် စုစည်းချည်နှောင်ထား၏။

သူမ၏ မျက်တောင်များမှာ ကော့ညွတ်နေကာ မျက်လုံးကလေးအစုံမှာ ရှန်းထက်တောက်ပလျက်ရှိ၏။ မိန်းမချောကလေး တစ်ယောက်ပင်ဖြစ်၏။ သူမ၏ ကိုယ်မှ မွှေးကြိုင်သော ရနံ့များက အခန်းတစ်ခန်းလုံးကို ဖုံးလွှမ်းနေသယောင် ထင်မှတ်ရသည်။

သူဌေးကြီး အိန်တိတ်လျှောင်းက ဝမ်ဝေယန်ကို သူ၏ ဇနီး မောက်လိစီးနှင့် မိတ်ဆက်ပေးလိုက်၏။

'ဝမ်ဝေယန်၊ သူကတော့ ကျုပ်ဇနီး မောက်လိစီးပါပဲ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျား၊ ကျွန်တော်က မှူခင်းနှိမ်နင်းရေး အဖွဲ့ဝင် ဝမ်ဝေယန်ပါ'

မောက်လီစီးက မျက်တောင်ကလေးများ ပုတ်ခတ်လိုက်ရင်း—

'အို ကျွန်မက နေပြည်တော်ကလာတဲ့ လူဆိုးထိန်းဆိုတာ တော်တော် အသက်ကြီးပြီ အောက်မေ့နေတာ၊ အခုတော့ ခပ်ငယ်ငယ်ပဲ ရှိပါသေးလား'

'ဟုတ်ကဲ့ ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်က အသက်အငယ်ဆုံးပါပဲ'

ထိုသို့ ပြောနေစဉ်မှာပင် ညှော်ခန်းထဲသို့ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်ဝင်လာ၏။ ထိုသူမှာ အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး အသက်လေးဆယ်ဝန်းကျင်ခန့်ရှိ၏။

ထိုသူမှာ ကြုံးချမ်းအာမခံပစ္စည်း သယ်ယူပို့ဆောင်ရေး ဌာန အကြီးအကဲ တုဟွန်ကျင်ပင်ဖြစ်၏။ တုဟုန်ကျင်နှင့်လည်း ဝမ်ဝေယန်ကို သူဌေးကြီးက မိတ်ဆက်ပေးလိုက်၏။

တုဟုန်ကျင်က စကားပြောရာတွင် မပွင့်တပွင့်နှင့်ဖြစ်ရာ လျှို့ဝှက်သူတစ်ယောက်ဖြစ်ကြောင်း ဝမ်ဝေယန်က ရိပ်စားမိလိုက်၏။ သူဌေးကြီးက ဝမ်ဝေယန်ကို စံအိမ်ကြီး၏အဆောင်တစ်ခုမှာပင် သီးသန့်နေထိုင်ရန် ပြောကြားလိုက်၏။

ထို့နောက် သူဌေးကြီး အိန်တိတ်လျှောင်းက ဝမ်ဝေယန်အား အဖြစ်အပျက်များကို ပြောပြလိုက်၏။





'လဆန်း ဆယ့်သုံးရက်နေ့ကပါပဲ၊ မနက်မိုးမလင်းခင်မှာပဲ ပစ္စည်းတင်ထားတဲ့မြင်းရထားကို စခန်းကနေထွက်ခွာခိုင်းလိုက်ပါတယ်၊ အစောင့် သိုင်းသမား လေးယောက်က စောင့်ကြပ်လိုက်ပါသွားကြပါတယ်၊ စက်ဝိုင်းတောင်ကြား ရောက်တော့ ခေါင်းပြူနှစ်ယောက်ကတိုက်ခိုက်ပြီး ရတနာတွေကိုလုယူသွားကြတာပါပဲ'

'အလျှင်တုန်းက ဒီလိုဖြစ်ဖူးသလား'

'အလျှင်တုန်းက ဒီလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး၊ အခုတစ်ကြိမ်မှပဲ ကြီးကြီးကျယ်ကျယ် ဖြစ်ရတာပါ၊ ရတနာတွေက သေတ္တာနဲ့တစ်လုံးပါသွားတယ်'

'ခေါင်းပြူနှစ်ယောက်က ယောကျ်ား တစ်ယောက်နဲ့ မိန်းမ တစ်ယောက်လို့ သိရတယ်'

'ဟုတ်ပါတယ်၊ ယောကျ်ား တစ်ယောက်နဲ့ မိန်းမ တစ်ယောက်ပါ၊ သူတို့က မျက်နှာဖုံးတွေစွပ်ထားတယ်လို့သိရပါတယ်'

'လွတ်လာတာ ဘယ်သူရှိသလဲ'

'မြင်းရထားမောင်းသမား ဘိန်လျှန် လွတ်မြောက်လာပါတယ်၊ အသက်ရှင်တာဆိုလို့ သူတစ်ယောက်တည်းပဲရှိတယ်'

'သူ့ကိုခေါ်ပေးပါလား'

မကြာမီ မြင်းရထားမောင်းသမားဘိန်လျှန်ဆိုသူ ရောက်ရှိလာ၏။

ဘိန်လျှန်မှာ အသက်လေးဆယ်ခန့်ရှိပြီဖြစ်ပြီး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး တူသမျှပ်နှင့်ဖြစ်၏။ မလေးယောင်းကောင်း ဂင်တို့ တို ဖြစ်၏။

သူဌေး ကြီးက ဘိန်လျှန်အား....

'ကိုင်း ဘိန်လျှန်၊ ဟောဒီက လူသိုးထိန်းကြီး ဝမ်ဝေယန်ကို စာ ဝိုင်းတောင်ကြားမှာ ဖြစ်ပျက်ခဲ့တာတွေကို အသေးစိပ် ပြောပြလိုက်ပါ'

ဘိန်လျှန်က ဝမ်ဝေယန်ကို....

'ဟုတ်ကဲ့၊ ကျွန်တော်တို့မြင်းရထား စက်ဗိုင်းတောင်ကြား ရောက်တာနဲ့ ရှေ့ဆုံးက ကျွန်လုံ ကျွန်ဟိုက်တို့က ခါးပိုက်တွေ ထိမှန်ပြီး မြင်းတွေပေါ်ကနေ လွင့်စဉ် ကျသွားကြပါတယ်၊ ကျွန်နှစ်ယောက်ဖြစ်တဲ့ မြောင်ဘွန်ရှန်း၊ မြောင်ကျိုက် တို့က ရှေ့ကို မြင်းတွေနဲ့တက်သွားတာနဲ့ ခါးပြနှစ်ယောက်နဲ့ပက်ပင်း တိုးတော့တာပါပဲ၊ ခါးပြနှစ်ယောက်စလုံး ဝတ်စုံနက်မျက်နှာ ဖုံးစွပ်တွေ ဖြစ်ကြပါတယ်၊ တစ်ယောက်ကယောကျ်ား၊ တစ် ယောက်က မိန်းမပါ၊ သူတို့နှစ်ယောက်ရဲ့ ခါးချက်တွေက ကြောက်ခမန်းလိလိပါပဲ၊ တိုက်ပွဲ ဖြစ်ပွားပြီး မကြာခင်မှာပဲ မြောင်ဘွန်ရှန်းနဲ့ မြောင်ကျိုက်တို့ဟာ ခါးပြ နှစ်ယောက်ရဲ့ လက်ချက်နဲ့ ကျဆုံးသွားရပါတယ်၊ ကျွန်တော်ကတော့ သူတို့ ကျသွားတာနဲ့ ကိုယ်ရောင်ဖျောက်ပြီး ခြေကုန် သုတ်လာခဲ့လို့ အသက်မသေဘဲ ချမ်းသာခဲ့တာပါပဲ'

ဝမ်ဝေယန်က တစ်ချက်စဉ်းစားလိုက်ပြီး....





'ခါးပြတွေရဲ့ အသက်အရွယ်က ဘယ်လောက် ခန့်မှန်း သလဲ'

'အသက်တော့ သိပ်ကြီးဦးမယ်မထင်ဘူး၊ အများဆုံး သုံး ဆယ်ကျော်ကျော်လောက်ပဲ ရှိမယ်'

'သူတို့ကို အလျင်ကမြင်ဖူးသလား'

ဘိန်လျှန်က ခေါင်းခါယမ်းလိုက်ရ ာ....

'ဒီခါးပြတွေကို အလျင်ကမမြင်ဖူးပါဘူး၊ ဒီတစ်ခါပဲ မြင် ဖူးပါသေးတယ်'

'ခါးပြစုံတွဲက သိုင်းပညာ တော်တော် တတ်မြောက်ပုံရ တယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ကြုံချမ်းအာမခံဌာနက မြင်း ရထားနဲ့ အတူလိုက်ပါလာတဲ့ အစောင့် သိုင်းသမား လေး ယောက်ရဲ့သိုင်းပညာတွေကလဲ အဆင့်မနိမ့်လှပါဘူး၊ ဒါတောင် ခါးပြနှစ်ယောက်က သူတို့ကို အလွယ်တကူတိုက်ခိုက်အနိုင်ယူ သွားပါတယ်'

'ဒီလောက်သိရရင် ကျေနပ်ပါပြီ၊ ကိုင်း ခင်ဗျားသွားနိုင် ပါပြီ'

မြင်းရထားမောင်းသမား ဘိန်လျှန်ထွက်ခွာသွားလျှင် ဝမ် ဝေယန်က သူဌေးကြီးအား....

'သူဌေးကြီး၊ ဘိန်လျှန် ဒီမှာအလုပ်ဝင်တာ ဘယ်လောက် ကြာပြီလဲ'

'သူ့အလုပ်ဝင်တာ သိပ်မကြာသေးပါဘူး၊ အများဆုံး နှစ်နှစ် သုံးနှစ်လောက်ပဲ ရှိပါသေးတယ်၊ သူဟာ ရိုးသားပြီး ကြိုးစားတဲ့လူတစ်ယောက်လို့ ထင်ပါတယ်'

ထို့နောက် ဝမ်ဝေယန်က ကြိုးချုပ်အာမခံပို့ဆောင်ရေး ဌာနမှ အမှုထမ်းများကို တစ်ယောက်စီ ခေါ်ယူ မေးမြန်းကာ အကဲခတ်ကြည့်လိုက်၏။

အားလုံးမှာ ဘိန်းလျှံ့ဖြေကြားသကဲ့သို့ပင် ဖြေကြားသွားကြ၏။

နောက်တစ်နှန်နက်စောစောမှာပင် ဝမ်ဝေယန်သည် အမှုဖြစ်ပွားခဲ့သော စက်ဝိုင်း တောင်ကြားသို့ တစ်ယောက်တည်း ထွက်လာခဲ့လေ၏။

● ● ●

နေပူရှိန်က ပြင်းထန်လွန်းလှ၏။

အပူရှိန်ကြောင့် မြေပြင်ထက်တွင် တံလှပ်ခိုး တံလှပ်ငွေ့များက ရေပြင်နှင့် ယိုးမှားလောက်အောင် အလျှံငြီးငြီး ဖြစ်ပေါ်လျက် ရှိနေ၏။

ကျောက်တုံးကျောက်ခဲများ ပေါများသော လမ်းထက်တွင် မြင်းတစ်ကောင်က အပြင်းနှင်လျက် ရှိနေ၏။ မြင်းထက်မှ လူရွယ်မှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ကျောထက်တွင် ဓားတစ်လက်ကို ပိုးလွယ်ထားကာ နီညိုရောင် မွန်ဂိုမြင်းကြီးကို ကျွမ်းကျင်စွာ စီးနင်းလျက် ရှိနေ၏။

မြင်းစီးသမား လူရွယ်သည်ကား ဝမ်ဝေယန်ပင် ဖြစ်ပေ၏၊ ဝမ်ဝေယန်က ကြိုးချုပ်အာမခံဌာနမှ မြင်းရထား ဓားပြတိုက်





ခံရသော စက်ဝိုင်းတောင်ကြားသို့ လာရောက်ကာ ကြည့်ရှု စစ်ဆေးခြင်းပင် ဖြစ်၏။

အချိန်မှာ နေမွန်းတည့်အချိန်ဖြစ်၍ အပူရှိန်က အမြင့်မားဆုံးလည်း ဖြစ်ပေါ်နေ၏။

စက်ဝိုင်းတောင်ကြားဟု ခေါ်တွင်ရခြင်းမှာ တောင်များသည် စက်ဝိုင်းသဏ္ဌာန်ဝိုင်းပတ်ကာ ဖြစ်ပေါ်လျက် ရှိနေခြင်းကြောင့်ပင်ဖြစ်၏။

စက်ဝိုင်းတောင်ကြားကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ တောင်ကြားလမ်းအတွင်း မြင်းရထားနှစ်စီး ပြိုင်မောင်းရလောက်အောင်ကျယ်ဝန်းကြောင်း တွေ့လိုက်ရ၏။

ဝမ်ဝေယန်က မြင်းပေါ်မှဆင်းကာ တောင်ကြားအတွင်း လျှောက်ကြည့်လိုက်၏၊ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့မြင်ရပေ။

သူက သူဌေးကြီးထံမှ မေးမြန်းကာ ဆွဲယူလာသည့် မြေပုံကို ကြည့်လိုက်ရာ တောင်ကြား၏ မြောက်ဖက်စူးစူးတွင် ရွာပျက်ကြီးတစ်ခု ဖော်ပြထားသည်ကို တွေ့မြင်လိုက်ရ၏။

စက်ဝိုင်း တောင်ကြား၏ အနောက်ဖက်တွင် စနီးစီးမြို့ တည်ရှိနေကာ အရှေ့ဖက်တွင် ထိုင်ဖန်မြို့ တည်ရှိနေ၏။တောင်ဖက်စူးစူးတွင် မြို့ဟောင်းကြီးတစ်ခု ရှိနေကြောင်း မြေပုံက ဖော်ပြထား၏။

ဝမ်ဝေယန်က မြင်းပေါ်သို့ လွှားတက်ကာ စက်ဝိုင်းတောင်ကြား၏ မြောက်ဖက်စူးစူးရှိ ရွာပျက်ကြီးဆီသို့ ထွက်ခွာလာခဲ့၏။

ရွာပျက်ကြီးသို့ ရောက်သောအခါ မွန်းလွဲ နှစ်နာရီကျော် ခန့် ရှိနေလေ၏။ ဖုန်းဆိုးများ၊ ချုံနွယ်များကြားတွင် အိမ်ပျက် အိမ်အိုများကို တွေ့မြင်နေရ၏။

ရွာကို ရွာသားများက စွန့်ခွာသွားကြဟန် တူပေ၏။ ဝမ်ဝေယန်က မြင်းကို ရွာထဲသို့ စီးနင်းဝင်ရောက်လာခဲ့၏။ ရွာသားများက အချို့ အိမ်များကို ဖျက်ယူသွားကြကာ အချို့ကမူ အိမ်များကို သည်အတိုင်း ထားပစ်ခဲ့ကြ၏။

ရွာလယ်တွင် ရေတွင်းပျက်ကြီး တစ်ခုက ရှိနေ၏။ ဝမ်ဝေယန်က မြင်းပေါ်မှ ဆင်းကာ ရေတွင်းပျက်ကြီးကို အသေအချာ ကြည့်ရှုလိုက်၏။

ရေတွင်းကြီးမှာ မှောင်မည်းလျက် ရှိ၏။ ဝမ်ဝေယန်က အိတ်ထဲမှ ငွေတုံးအလေး တစ်တုံးကို ထုတ်ယူကာ ရေတွင်း အတွင်းသို့ ပစ်ချကြည့်လိုက်၏။

'ဝုန်း'

'ချလွင် ချလွင် ချလွင်'

အောက်တွင် ရေသံမကြားရဘဲ ကျောက်တုံးကျောက်ခဲ များ အသံသာ ကြားလိုက်ရ၏။ အောက်တွင် ရေ လုံးဝ မရှိကြောင်း ဝမ်ဝေယန်အ သတိထားမိလိုက်၏။ ငွေတုံး ကျသွားသော အသံကို ခန့်မှန်းရခြင်းအားဖြင့် ရေတွင်း အတော် နက်သည်မှာ ထင်ရှားလှပေ၏။

သူအ ရွာပျက်ကြီးအတွင်း၌ လှည့်ပတ်ကြည့်ရှုရာ ထူးခြားချက် တစ်စုံတစ်ရာ မတွေ့ရှိရပေ။ ထို့ကြောင့် သူက မြင်းပေါ်သို့ လွှားတက်ကာ စန်းစီးမြို့သို့ ပြန်လာခဲ့လေ၏။





မိုးမခစံအိမ်ကြီးသို့ သူ ပြန်ရောက်လာသောအခါ မိုးချုပ်ကာစ အချိန်ပင် ဖြစ်၏။ ကောင်းကင်ပြင် တစ်ခုလုံး ပုစွန်ဆီရောင်များ၊ မရမ်းရောင်များနှင့် ရောယှက်လျက် နေန၏။

ဝမ်ဝေယန် ပြန်လာသည်ကို တွေ့မြင်လိုက်ရလျှင် သူဌေး အိန္ဒိတ်တော်လျှောင်းက....

'ဆရာလေး စက်ပိုင်းတောင်ကြားကို ရောက်ခဲ့ပြီးပြီလား၊ ဘာထူးခြားချက်တွေများ တွေ့ခဲ့ရပါသလဲ'

ဝမ်ဝေယန်က....

'ဘာထူးခြားချက်မှတော့ မတွေ့ရသေးပါဘူး၊တောင်ကြား ရဲ့ မြောက်ဖက်က ရွာပျက်ကြီးဆီကိုလဲ ရောက်ခဲ့ပါတယ်'

သူဌေးကြီးမှာ တအံ့တဩဖြစ်သွားရကာ....

'ရွာပျက်တောင် ရောက်ခဲ့တယ် ဟုတ်လား၊ ဆရာလေးက မြန်သားပဲ၊ ရွာပျက်မှာ ဘာတွေ့ခဲ့ရသေးလဲ'

'ရွာပျက်မှာတော့ ဘာမှ ထူးထူးခြားခြားမတွေ့ခဲ့ရပါဘူး၊ ရွာလယ်မှာ ရေတွင်းပျက်ကြီးတစ်ခုပဲ တွေ့ရတယ်၊ ကျွန်တော် မနက်ကျရင် မြို့ဟောင်းဖက် သွားကြည့်ဦးမယ်'

ထိုနောက် ဝမ်ဝေယန်က ရေချိုး အဝတ်အစားလဲအော စားသောက်ခန်းသို့ ထွက်ခွာလာခဲ့၏။

စားသောက်ခန်းထဲတွင် အိမ်ဖော်မလေး ဝေ့ရီက ရှိနေသည်။ ဝေ့ရီက ဝမ်ဝေယန်အတွက် ညစာကို ပြင်ဆင်ပေးလိုက်၏။ ဝမ်ဝေယန်က....

'ဝေ့ရီ မင်းဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ'

'ကျွန်မ ဒီမှာ ငါးနှစ်ကျော်ပါပြီ၊ ဘာဖြစ်လို့လဲ'

'ဒါဆို သူဌေးကြီးရဲ့အလျှင်ဇနီးကို မင်း မြင်ဖူးလိုက်မှာပေါ့'

'ဟုတ်ကဲ့၊ သူဌေးကတော်ကြီး မဆုံးခင် မြင်ဖူးလိုက်ပါတယ်'

'သူဌေးကတော်ကြီးက အသက်ဘယ်လောက်မှာ ဆုံးသွားတာလဲ၊ ဘာရောဂါနဲ့လဲ'

ဝေရီက တစ်ချက်စဉ်းစားလိုက်ပြီး....

'သူဌေးကတော်ကြီးက အသက်လေးဆယ်လောက် ရှိမယ်ထင်တယ်၊ ဆုံးသွားတာက မြုံးစားကြီးပဲ၊ ဘာရောဂါမှန်းမသိရဘူး'

ဝမ်ဝေယန်က ဝေရီကို စူးစိုက်ကြည့်လိုက်ပြီး....

'သူဌေးကတော်ကြီးနဲ့ သူဌေးကြီးတို့ ဓာတ်ပုံကဆဖြစ်တာ မြင်ဖူးသလား'

'မမြင်ဖူးပါဘူး'

ဝမ်ဝေယန်က ဝေရီအား ငွေတုံးကလေးငါးတုံး ပေးလိုက်ပြီး....

'ဝေရီ မင်း ငါ့ကို မှန်မှန်ပြောရင် ဒီထက် ဆယ်ဆ ငါ ထပ်ပေးဦးမယ်'

ဝေရီက ငွေတုံးကလေးများကိုအင်္ကျီအတွင်းအိတ် အတွင်းသို့ လျင်မြန်စွာ ထည့်လိုက်ပြီး....

'ဆရာလေးက ဘာသိချင်လို့လဲ'





'အခု သူဌေးကတော် မောက်စီးမှာ သူဌေးကြီး အပြင် ဘယ်သူနဲ့ အဆက်အသွယ်ရှိနေသလဲ၊ ဥပမာ ကြုံးချမ်းအာမခံ အကြီးအကဲ တုဟုန်ကျင်လို လူမျိုးပေါ့'

ဝေရီမှာ မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားရကာ....

'အို....ဒါ ဒါကတော့...'

ဝမ်ဝေယန်က ငွေတုံးကလေးဆယ်တုံးကို ထပ်မံထုတ်ပေးလိုက်ပြီး...

'မင်း ဘာမှကြောက်မနေပါနဲ့ ရဲရဲသာ ပြောစမ်းပါ၊ ငါ တစ်ယောက်လုံး ရှိပါတယ်'

ဝေရီက စဉ်းစားချိန်ဆနေစဉ်မှာပင် အပြင်ဘက်မှစကားပြောသံများ ကြားလိုက်ရပြီး သူဌေးကတော် မောက်လီစီးနှင့် အမျိုးသမီးတစ်ယောက် ဝင်ရောက်လာကြ၏။

မောက်လီစီးမှာ ထုံးစံအတိုင်း အစွမ်းကုန် ပြင်ဆင်ထားကာ တစ်ကိုယ်လုံး မွှေးကြိုင်လျက်ရှိနေ၏။ သူမက ပန်းရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ ဖွံ့ထွားသော ကိုယ်လုံးအလှက ပေါ်လွင်လျက်ရှိနေ၏။

မောက်လီစီးက ဝမ်ဝေယန်အား နှုတ်ဆက်လိုက်ပြီး ... ဝေရီအား....

'ဝေရီ ဆရာလေးကို လိုလေသေးမရှိအောင် ပြုစုပေးပါ'

'ကောင်းပါပြီ သခင်မ'

ဝေ့ရီက မောက်လ ိစီးကို အရှိအသေပြုကာ ပြောကြား လိုက်၏။ မောက်လ ိစီးက သူနှင့်ပါလာသော အမျိုးသမီးနှင့် ဝမ်ဝေယန်ကို မိတ်ဆက်ပေးလိုက်၏။

ထိုအမျိုးသမီးမှာ စန်းစီးမြို့မှ နာမည်ကျော် ကဗျာသညီ မေရွက်ဟွာဆိုသူပင်ဖြစ်၏။ မေရွက်ဟွာမှာ ကချေသည်ပီပီ ပြင်ဆင်ထားကာ တစ်ကိုယ်လုံး မွှေးကြိုင်လျက်ရှိနေ၏။

မေရွက်ဟွာက ချောမောလှပသော အမျိုးသမီး တစ်ယောက်ဖြစ်သော်လည်း မောက်လ ိစီး၏အလှကို မမီပေ။

မောက်လ ိစီးနှင့်မေရွက်ဟွာတို့က အပြင်သို့ပြန်ထွက်သွား ကြသည်။ မောက်လ ိစီးထွက်ခွာသွားလျှင် ဝေ့ရီက ဝမ်ဝေ ယန်အား လေသံတိုးတိုးဖြင့်....

'ကျွန်မ ဒီနေရာမှာ မပြောရဲဘူး၊ ညကျရင် စံအိမ်နောက် ဘက်က ကျွန်မအဆောင်ကို လာခဲ့ပါ၊ ကျွန်မ စောင့်နေမယ်'

'ကောင်းပြီ'

ထို့နောက် ဝမ်ဝေယန်က စားသောက်ပြီးနောက် အပြင် သို့ ထွက်လာခဲ့၏။ ဧည့်ခန်းဆောင်ထဲတွင် အာမခံဌာန တာဝန် ခံကြီး တုဟုန်ကျင်ကို တွေ့လိုက်ရ၏။

တုဟုန်ကျင်က ဝမ်ဝေယန်ကို တွေ့မြင်လိုက်ရလျှင်....

'ဆရာလေး ကျွန်တော်တို့ဆီမှာ နေထိုင်စားသောက်ရတာ အဆင်ပြေရဲ့လား'

ဝမ်ဝေယန်က....

'အဆင်ပြေပါတယ်၊ ဘာမှလိုလေသေး မရှိပါဘူး၊ ဒါနဲ့ တာဝန်ခံကြီးကို တစ်ခုမေးချင်တယ်'





'ဘာများလဲ၊ မေးနိုင်ပါတယ်'

ဝမ်ဝေယန်က တုဟုန်ကျင်ကို တစ်ချက် အကဲခတ်လိုက် ပြီး....

'တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားဟာ ဓားပညာကို တတ်ကျွမ်းထားပါသလား'

တုဟုန်ကျင်က ပခုံးတွန့်လိုက်ကာ....

'ကျုပ်က သိုင်းပညာကို လုံးဝ ဝါသနာမပါပါဘူး၊ ဓား ပညာဆိုတာတော့ ဝေလာဝေးပဲ၊ ဓားလဲ ကိုင်ဆောင်လေ့ မရှိပါဘူး၊ သိုင်းလောကသားလဲ မဟုတ်ပါဘူး'

ဝမ်ဝေယန်က သူ၏နဂါးပျံဓားကို ရှေ့သို့ညွှန်ပြလိုက် ကာ....

'ကျွန်တော့်ဓားက နာမည်ကျော် နဂါးပျံဓားပါ၊ ခင်ဗျားကိုင်ကြည့်ပါလား'

တုဟုန်ကျင်က ခေါင်းခါယမ်းကာပြလိုက်ပြီး....

'ကျုပ်က ဓားဆိုရင် အရမ်းကြောက်တာဗျ၊ မကိုင်ပါရ စေနဲ့'

ဝမ်ဝေယန်က နဂါးပျံဓားကို ပြန်ရုတ်လိုက်ပြီး....

'ခင်ဗျားက ကြုံးချွမ်းအာမခံပို့ဆောင်ရေးဌာနမှာ ဘယ်လို တာဝန်မျိုး ယူထားပါသလဲ'

'ကျုပ်က အထွေထွေတာဝန်ယူထားရတာပါ၊ အုပ်ချုပ် ရေးပိုင်းပါပဲ၊ တိုက်ခိုက်ရေးနဲ့ မဆိုင်ပါဘူး'

ထို့နောက် တုဟုန်ကျင်က စံအိမ်အပြင်ဘက်သို့ ထွက်ခွာ သွား၏။

ဝမ်ဝေယန်က သူ့အတွက် ပြင်ဆင်ထားသော အခန်းသို့ ထွက်ခွာလာခဲ့၏။ အိပ်ရာထက်တွင် လဲလျောင်းကာ သဲလွန်စ ကွင်းဆက်များကို ဆက်စပ်စဉ်းစားနေမိ၏။

ယနေ့ည ဝေ့ငို့ထံမှ ရရှိသည့်သတင်းများသည် သူ့အတွက် အဖိုးမဖြတ်နိုင်သော သတင်းများပင် ဖြစ်ရပေလိမ့်မည်။ ညသန်းခေါင်ယံအချိန်ရောက်သည်နှင့် ဝမ်ဝေယန်က စံအိမ်၏နောက်ဘက်သို့ တိတ်တဆိတ် ထွက်ခွာလာခဲ့၏။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ ဝေ့ရီ၏အခန်းမှာ မှောင်မည်းတိတ်ဆိတ်လျက်ရှိ၏။

ဝမ်ဝေယန်က တံခါးကိုကပ်ပြီး နားထောင်ကြည့်လိုက်ရာ အတွင်းတွင် မည်သည့်အသံမှ မကြားရပေ။ ဝေ့ရီက အိပ်ပျော်နေပြီလား မသိပေ။

သူက တံခါးကို အသာအယာ တွန်းလိုက်ရာ တံခါးက အလွယ်တကူပင် ပွင့်သွားရ၏။ သူက အတွင်းသို့ ညကြည့်မျက်လုံးအားနှင့်ကြည့်လိုက်ရာ ခုတင်ထက်တွင် ဝေ့ရီကိုမတွေ့ရပေ။

အခန်းထဲတွင် ဝေ့ရီက ပျောက်ဆုံးလျက်ရှိနေ၏။ သူက အပြင်သို့ ပြန်ထွက်ပြီး ပတ်ဝန်းကျင်တွင် ရှာဖွေကြည့်ရာ ဝေ့ရီကို လုံးဝမတွေ့ရပေ။

ရန်သူက သူ့ထက်ပင် ခြေလှမ်းသွက်နေ၏။ ဝေ့ရီကို ဖမ်းဆီးခေါ်ဆောင်သွားပြီမှာ ထင်ရှားပေတော့၏။ ချက်ချင်းပင် ဝမ်ဝေယန်က စံအိမ်တာဝန်ခံကြီး တုဟုန်ကျင်နေသည့် အဆောင်ဘက်ကို ထွက်ခွာလာခဲ့၏။





တုဟုန်ကျင်၏အဆောင်မှာ မှောင်မည်းတိတ်ဆိတ်လျက် ရှိနေ၏။ အတွင်းတွင် တုဟုန်ကျင်ကို မတွေ့ရပေ။ သူထင်ထားသည့်အတိုင်း ဖြစ်နေလေပြီ။

ဝမ်ဝေယန်က ချက်ချင်းပင် မြင်းဇောင်းထဲမှ မြင်းကို ထုတ်ယူကာ စက်ဝိုင်းတောင်ကြားသို့ တစ်ဟုန်ထိုးစိုင်းနှင်လာခဲ့၏။ သူက ဝေ့ရီ၏အသက်ကို အချိန်မီကယ်တင်ရမည် ဖြစ်ပေသည်။

လရောင် မှုန်မွှားမွှားအောက်တွင် မွန်ဂိုမြင်းကြီးက ခွာသံတခြောင်းခြောင်း လည်ဆံမွှေး တဖွားဖွားနှင့် အပြင်းနှင်လျက်ရှိနေ၏။

တိတ်ဆိတ်သောညဉ့်ယံကို မြင်းခွာသံက ဖြိုခွင်းလျက်ရှိနေ၏။ ဝမ်ဝေယန်က မြင်းကို အပြင်းနှင်နေမိ၏။ မြင်းကလည်း လေးညို့မှ ပစ်လွှတ်လိုက်သော မြားတံအလား လေကိုခွင်းကာ အပြင်းနှင်းနေ၏။

စက်ဝိုင်းတောင်ကြားသို့အရောက် မြောက်ဘက်ရွာပျက်ကြီးသို့ ဆက်ကာ နှင်လာခဲ့၏။ ရွာပျက်ကြီးဘက်မှ ချောက်ချားစရာကောင်းသော ခွေးအူသံများကို ကြားလိုက်ရ၏။

ရွာပျက်ကြီးမရောက်မီမှာပင် မြင်းကိုတစ်နေရာတွင် ထားရစ်ခဲ့ပြီး ကိုယ်ဖော့ပညာဖြင့် ရွာပျက်ဆီသို့ ပြေးလွှားလာခဲ့၏။

အံ့ဩစရာကောင်းလောက်အောင် ရွာပျက်ကြီးမှာ မီးရောင်များ ထိန်လင်းတောက်ပလျက်ရှိနေ၏။ ဝမ်ဝေယန်မှာ တအံ့

တသြဖြစ်သွားရကာ ကျောက်ဆောင်ကြီးများ အကွယ်မှ ချောင်းကြည့်လိုက်၏။

ရွာပျက်ကြီးမှာ အထူးစည်ကားလျက်ရှိနေ၏။ အိမ်ပျက်ကြီးများတွင် ကြီးမားသော မီးလုံးကြီးများ ချိတ်ဆွဲထားကြ၏။

ရွာထဲတွင် နေရာအနှံ့ မီးပုံးကြီးများ ချိတ်ဆွဲထားကာ သွားလာနေသူများနှင့် ရှုပ်ထွေးလျက်ရှိနေ၏။ တစ်ရွာလုံး ပွဲတော်ကြီး ကျင်းပနေသည့်အလား တွေ့မြင်နေရ၏။

သွားလာနေသူများ အားလုံး မျက်နှာဖုံးများစွပ်ထားကြ၏။ မျက်နှာဖုံးစွပ်များမှာ ကြောက်စရာကောင်းသော သရဲတစ္ဆေရုပ် မျက်နှာဖုံးစွပ်များ ဖြစ်ကြ၏။

ရွာထဲတွင် စားသောက်ဖွယ်ရာများပင် တည်ခင်းရောင်းချနေကြ၏။ ရယ်မောသံများ၊ ပျော်ရွှင်စွာကခုန်သံများနှင့် ဆူညံလျက်ရှိနေ၏။

ဝမ်ဝေယန်မှာ သရဲတိုင်းပြည်သို့ ရောက်နေသူတစ်ယောက်အလား ခံစားမိလိုက်ရ၏။ မကြာမီ ထိုလူစုလူဝေးကြီးသည် တစ်နေရာသို့ ဦးတည်သွားနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုသူများ ဦးတည်သွားနေသောနေရာမှာ ရွာလယ်ရှိ ရေတွင်းပျက်ကြီးဆီသို့ပင်ဖြစ်၏။

ဝမ်ဝေယန်က ချက်ချင်းပင် အင်္ကျီအတွင်းအိတ်ထဲမှ ရုပ်ဖျက်ဆေးကို ထုတ်လိုက်ပြီး မျက်နှာကို သုတ်လိမ်းကာ အရုပ်ဆိုးအောင် ရုပ်ဖျက်ပစ်လိုက်၏။





တစ်ခဏချင်းမှာပင် ဝမ်ဝေယန်၏ မျက်နှာမှာကြောက်စရာကောင်းသော မျက်နှာဖုံးစွပ်ထားသည်ဟု ထင်မှတ်ရအောင် ပြောင်းလဲသွား၏။

သူက မှောင်ရိပ်ထဲမှထွက်ကာ လူအုပ်နောက်ဘက်မှ မယောင်မလည်ဖြင့် လိုက်ပါသွား၏။ သူ့ကို မည်သူကမှ အရေးမစိုက်သဖြင့် တော်ပေသေး၏။

သူကလည်း ဟန်မပျက်ပင် အရက်မူးနေဟန် ဒယိုင်းဒယိုင်ဖြင့် ရောနှောလိုက်သွား၏။ မကြာမီ သွားနေသောသူများသည် ရေတွင်းပျက်ကြီးနှင့် ကိုက်ငါးဆယ်အကွာသို့ ရောက်လျှင် ရပ်တန့်လိုက်ကြ၏။

မကြာမီ ရေတွင်းပျက်ကြီးအတွင်းမှ မီးရောင်များထိုးထွက်လာပြီး မီးခိုးလုံးကြီးများက အထက်သို့ ဝုန်းခနဲ ထိုးတက်သွားကြ၏။

'ဟေး ဟေး ဟေး'

'ဟေး ဟေး ဟေး'

လူအုပ်ကြီးက အားပါးတရ အော်ဟစ်လိုက်ကြ၏။ မီးခိုးလုံးကြီးနှင့်အတူ လူရိပ်သဏ္ဌာန်များက ရေတွင်းပျက်ကြီးအပေါ်သို့ တက်ရောက်လာကြ၏။

စုစုပေါင်း ရှစ်ယောက်တိတိဖြစ်၏။ ရှစ်ယောက်အနက် ခုနစ်ယောက်က အဖြူရောင်ဝတ်စုံရှည်ကြီးများ ဝတ်ဆင်ထားကြပြီး ဖြူဖွေးသောအရိုးခေါင်း မျက်နှာဖုံးများ စွပ်ထားကြ၏။

ကျန်တစ်ယောက်ကမူ ဝေ့ရီ၊ ဝေ့ရီမှာ အဝတ်အစားများ ဖရိုဖရဲနေဖြစ် မျက်နှာမှာ အလွန်ကြောက်ရွံ့ထိတ်လန့်ဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

သူမကို အရိုးခေါင်းစွပ် မျက်ဖုံးစွပ်နှစ်ယောက်က တစ်ဘက်တစ်ချက်မှ တွဲထားကြ၏၊ ထိုသူနှစ်ယောက်ကသာ တွဲမထားပါက ဝေ့ရီမှာ မြေပေါ်သို့ ထိုးလဲကျသွားနိုင်ပေတော့၏။

ဝေ့ရီမှာ အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်သဖြင့် အသားအလုံးများပင် တဆတ်ဆတ်တုန်ရင်လျက် ရှိနေပေ၏၊ ရှေ့ဆုံးမှ အဖြူရောင်စတက်စုံနှင့် အရိုးခေါင်းစွပ် မျက်နှာဖုံးနှင့် ပုဂ္ဂိုလ်က လက်တစ်ဘက် မြှောက်ပြလိုက်ရာ စောင့်ဆိုင်းနေနေသော လူအုပ်ကြီးမှာ မီးကို ရေနှင့် ဖျန်းလိုက်သည့်အလား ငြိမ်ကျသွားရ၏။

ဝမ်ဝေယန်က လူအုပ်နှင့် ရောနှောကာ အခြေအနေကို စောင့်ကြည့်နေမိ၏။

သူက အခြေအနေကိုကြည့်ပြီး တရားခံကို ဖော်ထုတ်ကာ ဝေ့ရီကို ကယ်တင်ရမည်ဖြစ်၏။ ယင်းအချိန်မှာပင် အရိုးခေါင်းစွပ်ထားသူက စူးရှကျယ်လောင်သော လေသံဖြင့်....

'ဝိညာဉ်ဖြူ ကျေးရွာသူကျေးရွာသားအပေါင်းတို့ ဒီကနေ့ဟာ ဝိညာဉ်ဖြူရွာကြီးအတွက် အလွန်ထူးခြားတဲ့ နေ့ပဲဖြစ်တယ်၊ ဘာကြောင့်လဲ ဆိုရင် ဟောဒီသစ္စာဖောက်မကို သုတ်သင်ရှင်းလင်းပစ်ပြီး ရွာသူရွာသားများကို ရတနာမိုး ရွာချပေးမှာ ဖြစ်လို့ပဲ'





'ဟေး ဟေး ဟေး'

လူအများက အော်ဟစ်လိုက်ကြ၏။ အရိုးခေါင်းစွပ်က လက်ကို မြှောက်ပြလိုက်ရာ လူအုပ်ကြီး အသံတိတ်သွားရပြန်၏။ အရိုးခေါင်းစွပ်က....

'ပထမဆုံး ဒီသစ္စာဖောက်မကို မသတ်ခင်မှာ ရတနာမိုး ရွာချပေးမှာဖြစ်တယ်၊ ကိုင်း ရတနာမိုး ရွာချပေးဖို့ အချက်ပေးလိုက်ပါ'

အရိုးခေါင်းစွပ်၏ စကားဆုံးသည်နှင့် ရေတွင်းပျက်ကြီး အတွင်းမှ မီးရောင်များ ထပ်မံပေါ်ထွက်လာကာ တီးမှုတ်သံများ ထွက်ပေါ်လာ၏။

တီးမှုတ်သံများနှင့်အတူ ရေတွင်းပျက်မှ လူတစ်စု ထွက်ပေါ်လာကြပြန်၏။ ထိုလူစုထဲမှ အချို့သည် တူရိယာများကို တီးမှုတ်လာကြပြီး လူသန်ကြီးလေးယောက်က ဝေါယာဉ်တစ်ခုကို ထမ်းလာကြ၏။

ဝေါယာဉ်ထက်တွင် ကြီးမားသော သေတ္တာကြီးတစ်လုံး ပါရှိလာ၏။

ထိုသေတ္တာကြီးသည်ကား ရတနာသေတ္တာကြီးတစ်လုံးဖြစ်ကာ ကြုံးချွမ်းအာမခံပို့ဆောင်ရေး ဌာနမှ လုယူသွားခဲ့သော ရတနာသေတ္တာကြီးပင် ဖြစ်ပေတော့၏။

သေတ္တာကြီးထက်တွင် ကြုံးချွမ်းဟူသော စာလုံးများ ရေးထိုးထားသည့်အပြင် ကြက်လျှာစွန်သဏ္ဌာန် အလှံတံဆိပ်ပါ ရေးထိုးထားခြင်းကြောင့်ပင်ဖြစ်၏။

သို့ဆိုလျှင် ရွှေ့သုံးမှု အရှိုးခေါင်းစွပ်ထားသူသည် မည်သူ ဖြစ်နိုင်ပါသနည်း။

ဝမ်ဝေယန်က တွေးနေမိစဉ်မှာပင် ထိုအရိုးခေါင်းစွပ်ထား သူက ဝေါယာဉ်ထက်သို့ တက်လိုက်၏။

ပြီးနောက် သေတ္တာကြီးကို ဖွင့်လိုက်၏။ အတွင်းမှ ရတနာ များကို လက်ဖြင့် ဆုပ်ယူလိုက်ကာ....

'ကိုင်း ရတနာမိုး၊ ရွှေမိုး၊ ငွေမိုးတွေ ကြဲချတော့မယ်၊ အားလုံး ပျော်ရွှင်စွာ ကောက်ယူကြပါ'

ထိုသူက ,စကားဆုံးသည်နှင့် လက်တစ်ဖက် မြှောက်ကာ အချက်ပေးလိုက်၏။ တီးမှုတ်သူများက တီးမှုတ် ကခုန်သူများ ကခုန်၊ လူသန်ကြီးများက ခဝ့ါယာဉ်ကို လူအုပ်ကြီးဆီသို့ ထမ်း သွားကြ၏။

အရိုးခေါင်းစွပ်ကာ ဝေါယာဉ်ထက်တွင် မတ်တတ်ရပ်ရင်း တဟားဟား ရယ်မောလိုက်ကာ လိုက်ပါသွား၏။

ကျန်အရိုးခေါင်းစွပ် ခုနစ်ယောက်က ဝေ့ရီကို ဆွဲခေါ် ကာ ဝေါယာဉ်နောက်မှ ကိုယ်များကို ယိမ်းထိုးရင်း လိုက် ပါလာကြ၏။

'ကိုင်း ယူကြဟေ့....ယူကြ ယူကြ'

ဝေါယာဉ်မှ အရိုးခေါင်းစွပ်က တဟားဟား ရယ်မော ပြောကြရင်း လက်ထဲမှ ဆုပ်ကိုင်ထားသော ရတနာများကို လူအုပ်ကြားသို့ ပစ်ပေးလိုက်၏၊





လူအုပ်ကြီးမှာ မိုးရွာချသလို ဖြန့်ကြဲကျရောက်လာသည့် ရတနာများကို တွေ့လိုက်ရသောအခါ ရှုတ်ရှက်ခတ်သွား ကြရသည်။

ရတနာများကို ဝိုင်းကောက်၊ ဝိုင်းလုကာ ရှုပ်ထွေးသွားရ ၏၊ ဝေါယာဉ်ထက်မှ အရိုးခေါင်းစွပ်က ထိုမြင်ကွင်းကို သဘောကျစွာကြည့်ရင်း သေတ္တာကြီးအတွင်းမှ ရတနာများကို ထပ်မံဆုပ်ယူကာ ပစ်ချပေးလိုက်ပြန်၏။

လူအုပ်ကြီးမှာ ကောက်ကောင်းတုန်းပင်ဖြစ်၏။

'ဟား ဟား ဟား....ကောက်ကြ၊ ကောက်ထားကြ၊ ယူကြဟေ့ ယူကြဟေ့'

ဝေါယာဉ်ထက်မှ အရိုးခေါင်းမျက်နှာဖုံးစွပ်က ရတနာ များကို အဆုပ်လိုက် အဆုပ်လိုက် ကြဲချရင်း အော်ဟစ်ပြော လျက် ရှိနေ၏။

သရဲတစ္ဆေ မျက်နှာဖုံးစွပ်များမှာ ရတနာများကို ဝိုင်းယူ ကြရင်း ပျော်ရွှင်စွာ အော်ဟစ် ကခုန်လျက်ရှိနေကြ၏။ ဝမ်ဝေ ယန်မှာလည်း အရိုးခေါင်းစွပ်များ ရိပ်မိသွားမည်စိုးကာ လူ အုပ်နှင့် ရောနှောကာ ရတနာများကို ကောက်ယူဟန်ဆောင် နေလိုက်ရ၏၊

သူက ဝေ့ရီနှင့် အရိုးခေါင်းစွပ်များ၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ ဝေ့ရီကိုသာ အရိုးခေါင်း စွပ်များက တစ်စုံတစ်ရာ ပြုမူမည်ဆိုပါက သူက ချက်ချင်းပင် ဝင်ရောက် ကယ်တင်မည် ဖြစ်ပေ၏။

'အား'

ရှိတ်တရက် သရဲမျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်သည် ရတနာများကို လောဘအကြီး ဆုပ်ကိုင်ထားရင်းမှ အသံနက်ကြီးဖြင့် အော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားရလေသည်။

'ဟား ဟား ဟား'

ထိုမြင်ကွင်းကိုကြည့်ကာ ဝေါယာဉ်ထက်မှအရိုးခေါင်းစွပ် ပုဂ္ဂိုလ်က တဟားဟား အော်ဟစ်ရယ်မောလိုက်၏။

'အား အီး'

'အိုး အမယ်လေး'

တစ်ချိန်တည်းမှာပင် ရတနာများကိုရလိုဇောဖြင့် လိုက်လံကောက်ယူနေကြသူများမှာ ရတနာများကိုဆုပ်ကိုင်ရင်း တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးနေကြရ၏။

'ဟား ဟား ဟား ယူကြလေ ယူကြလေ၊ ဘာငိုင်နေကြတာလဲ၊ ယူကြပါတော့လား၊ ကောက်ကြပါတော့လား'

ဝေါယာဉ်ထက်မှအရိုးခေါင်းစွပ်က လဲကျသေဆုံးနေကြသည်များကို မြိန်ရေယှက်ရေနှင့်ကြည့်ရင်း တဟားဟားရယ်မော ပြောကြားလိုက်၏။

ထို့ပြင် အရိုးခေါင်းစွပ်က ဝေါယာဉ်ထက်တွင်ရပ်ရင်း တီးမှုတ်နေသံများနှင့် ဆိုင်းချက်ညီညီ အရူး တစ်ယောက်အလား ကခုန်လျက်ရှိနေ၏။

ရတနာများရရှိထားသည့်မျက်နှာဖုံးစွပ်များ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးနေသည်များကိုကြည့်ကာ ထို





အရိုးခေါင်းစွပ်က ဝမ်းသာ ပျော်ရွှင်စွာဖြင့် ရယ်မောကခုန်နေခြင်းပင် ဖြစ်၏။

တီးသံမှုတ်သံများက ပိုမိုကျယ်လောင်လာ၏။ ထိုနည်းတူစွာ သရဲတစ္ဆေ မျက်နှာဖုံးစွပ်များမှာ အော်ဟစ်ရင်း တစ်ယောက်ပြီး တစ်ယောက် လဲကျကာ အသက် ဆုံးရှုံးလျက်ရှိနေကြရလေတော့၏။

ဝမ်ဝေယန်က မြေပေါ်မှာ ကျနေသည့် ရတနာများကို ကြည့်လိုက်ရာ ရတနာများတွင်အဆိပ်များသုတ်လိမ်းထားသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအဆိပ်များမှာ အလွန်ပြင်းထန်သောအဆိပ်များဖြစ်ပြီး လူ၏ အသားအရေနှင့် ထိလိုက်မိသည်နှင့် လောင်ကျွမ်းကာ အသားထဲသို့ဖောက်ဝင်ပြီး ချက်ချင်း အဆိပ်ပြန့်ကာ လဲကျသေဆုံးရမည်မှာ ဧကန်မလွဲပင်ဖြစ်ပေတော့၏။

ထို့ကြောင့်လည်း ရတနာများကို ရလိုဇောဖြင့် ကောက်ယူပြီး အဆိပ်မိကာ လဲကျသေဆုံးနေကြသူများမှာ တစ်ကိုယ်လုံး ပြာနှမ်းလာကာ မျက်စိ၊ နှာခေါင်း၊ နားရွက်၊ ပါးစပ်ပေါက် စသည်တို့မှ မည်းနက်သောသွေးများ ယိုစီးထွက်ကာ မချိမဆန့် အသက် ပျောက်ကုန်ကြရခြင်းပင် ဖြစ်ပေတော့လေသည်။

ထိုအဖြစ်အပျက်နှင့် ယုတ်မာပက်စက်သော အကြံအစည်ကို တွေ့မြင်ရိပ်စားမိလိုက်လျှင် ဝမ်ဝေယန်မှာ ဝေါယာဉ်ထက်မှာ ဝမ်းသာအားရ ကခုန်နေသည့် အရိုးခေါင်းမျက်နှာဖုံးစွပ် ပုဂ္ဂိုလ်ကို အတော်အလေး ဒေါသထွက်သွားရ၏။

ထိုသူသည် လူစိတ်ကင်းမဲ့ကာ တစ်ကိုယ်ကောင်း ဆန်ပြီး သူ၏ရှုံးသွပ်နေသောပျော်ရွှင်မှုအတွက် လူအများ၏အသက်သို့ လှည့်ဖျားကာ ခြေယူနေခြင်းပင်ဖြစ်၏။

ဆင်းရဲနွမ်းပါးသူများကို ရတနာများနှင့် မက်လုံးပေးပြီး ထုတ်ဖြတ်ကာ သူ၏ပျော်ရွှင်မှုကို ဖန်တီးနေခြင်းပင် ဖြစ်လေသည်။

မကြာမီ အေတ္တာကြီးတစ်လုံးနှင့် အပြည့် ရတနာများ ကုန်စင်သွားပြီဖြစ်သလို သရဲတစ္ဆေ မျက်နှာဖုံးစွပ် လူအုပ်ကြီး မှာလည်း မြေပေါ်တွင် ကိုးရိုးကားရားလဲကျ အသက်ပျောက် လျက် ရှိနေကြရလေတော့၏။

ဝမ်ဝေယန်က လဲကျနေသူများနှင့် ရောနှောကာ မြေပေါ်တွင် လှဲချကာ သေချင်ဟန်ဆောင်နေလိုက်၏။

ဝေါယာဥ်ထက်မှပုဂ္ဂိုလ်ထမှ မြေပေါ်မှာ လဲကျ အသက် ပျောက်နေသူများလို ကြည့်ကာ သဘောကျစွာဖြင့် တဟား ဟား ရယ်မောရင်း ကခုန်လျက်ရှိနေ၏။

ဝေါယာဥ်နောက်မှ အရိုးခေါင်းစွပ်ခုနစ်ယောက်ကလည်း ဝေါ ရိုက်ချုပ်ကိုင်ထားရင်းက ကိုယ်များကို ဆိုင်းချက် ညီညီ ယိမ်းထိုးကာ အခုန်လိုက်ပါသွားကြ၏။

မကြာမီ ဝေါယာဥ်ထက်မှ အရိုးခေါင်းစွပ် ပုဂ္ဂိုလ်က လက်တစ်ဖက်ကို ဝှေ့ယမ်း ပြလိုက်ရာ တီးမှုတ်နေသူများက တီးမှုတ်ခြင်းကို ရပ်တန့်လိုက်ကြ၏။

လေအေးများက စိမ့်ခနဲတိုက်ခတ်သွားကာ ဝန်းကျင်တစ်ခု လုံးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက်သွား၏။





သေချင်ဟန် ဆောင်နေသော ဝမ်ဝေယန်ပင် အေးစိမ့် သော လေ၏ အထိအတွေ့ကြောင့် ကြက်သီး ဖြန်းခနဲ ထသွား ရ၏။

သူက မှောက်လျက်လဲကျနေသည့်အနေအထားမှ မျက်လုံး ကို မေးစင်းရင်း ဝေါယာဥ်ထက်မှမျက်နှာဖုံးစွပ်ပုဂ္ဂိုလ်၏ လှုပ် ရှားမှုကို မျက်ခြည်မပြတ်ကြည့်နေမိ၏။

'ဟား ဟား ဟား'

ဝေါယာဥ်ထက်မှ ပုဂ္ဂိုလ်က လဲကျ အသက်ပျောက်နေသူ များကို ကြည့်ကာ သဘောကျသွားဟန်ဖြင့် တဟားဟားရယ် မောလိုက်၏။

ထိုသူရယ်မောလိုက်သံမှာ ကြားရသူအဖို့ ချောက်ချားစရာ ကောင်းလှပေ၏။

ဝေ ရိုနှမျှာမှာ တုန်လှုပ်ချောက်ချားလွန်းသဖြင့် မေ့မျော လုမတတ် ဖြစ်နေရလေပြီ။

ယင်းအချိန်မှာပင် ဝေါယာဥ်ထက်မှ ပုဂ္ဂိုလ်က ခြောက် ကပ်ကပ် အသံကြီးဖြင့်....

'ကိုင်း တမလွန်ကျမှ ရတနာတွေကို ဆက်ကောက်ကြဟေ့၊ ဆက်ကောက်ကြ၊ မင်းတို့ကို ငါက အေးချမ်းသွားအောင် ကူ ညီပြီးဆောင်ရွက် ပေးလိုက်တာပါ၊ အို လောဘသားကောင် အပေါင်းတို့၊ အခုတော့ မင်းတို့ အားလုံးဟာ လောဘရဲ့ နောက်ကို ကောက်ကောက် ပါအောင် လိုက်သွားကြရပြီ မဟုတ်လား၊ မင်းတို့နဲ့အတူ ရထားတဲ့ ရတနာတွေကို ယူသွား

ကြပါတော့၊ ငါ ပေးလိုက်ပါတယ်၊ အခုဆိုရင် မင်းတို့ဟာ ချမ်းသာသွားကြပါပြီ၊ ချမ်းသာသွားကြပါပြီ'

ထို့နောက် ထိုပုဂ္ဂိုလ်က မျက်နှာကို အထက်သို့ မော့ကာ လက်နှစ်ဖက်ကိုပါ အထက်သို့ ဆန့်တန်းမြှောက်ပြီး ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုနေ၏။

'ယား'

'ဟူး ဝှစ်'

ဝမ်ဝေယန်ဓာ ထိပ်တန်းကိုယ်ဖော့အား သုံးကာ ဝေါယာဉ် ထက်သို့ မြားတစ်စင်း ပစ်လိုက်သည့်အလား ထိုးတက်သွား၏၊ သူနှင့်အတူ ဓားရောင်ဓာ ဖွေးခနဲ ပါရှိထား၏။

ဝမ်ဝေယန်က ဘီးလူးခေါင်းဖြူတိ ဓားချက်ဖြင့် ဝေါ ယာဉ်ထက်မှ အရိုးခေါင်းစွပ်ပုဂ္ဂိုလ်ကို ခုတ်ပိုင်းချလိုက်ခြင်းပင် ဖြစ်၏။

သို့သော် ဝေါယာဉ်ထက်မှ အရိုးခေါင်းစွပ်ပုဂ္ဂိုလ်က သူ ထက် ပိုမို လျင်မြန်ပါးနပ်နေ၏။ ဝမ်ဝေယန် ထိုးဝင်လာသည် နှင့် ထိုသူက ဝေ့ရီကို ဆွဲယူကာ ဝေါယာဉ်ထက်မှ ခုန်ပျံထွက် သွား၏၊

'ရွမ်း'

'ဒုန်း'

ဝမ်ဝေယန်၏ ပြင်းထန်သော ဓားချက်ကြောင့် မိုးကြိုး ပစ်သလို မိုးချုန်းသလို အသံကြီး ဖြစ်ပေါ်သွားရကာ ဝေါ ယာဉ်မှာ နှစ်ခြမ်းကွဲပြတ်ထွက်သွားရ၏။ ဝေါယာဉ်ထမ်း သန်ကြီးလေးယောက်မှာ လွင့်စဉ်ထွက်သွားကြရ၏။





'ဝိုင်းထား၊ မလွှတ်စေနဲ့'

'ဝိုင်းထားကြ'

ချက်ချင်းပင် အရိုးခေါင်းစွပ် ခုနစ်ယောက်တို့က ဝမ်ဝေ ယန်ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံထားလိုက်ကြ၏။

ဝမ်ဝေယန်က ဝေါယာဉ်ထက်မှ ခုန်ပျံ ပျောက်ကွယ်သွား သည့် အရိုးခေါင်းစွပ်ပုဂ္ဂိုလ်ကို ရှာဖွေကြည့်လိုက်ရာ လရောင် အောက်တွင် အိမ်အိုကြီးတစ်လုံး၏ ခေါင်မိုးထက်တွင် မားမား ကြီး ရပ်နေသည်ကို တွေ့ရှိလိုက်ရ၏။

ထိုပုဂ္ဂိုလ်၏လက်ထဲတွင် ဝေ့ရီက ရောက်ရှိနေရလေပြီ၊

ထိုပုဂ္ဂိုလ်က ဝေ့ရီ၏လည်မျိုကို ဓားတစ်လက်နှင့် ထောက် ထားလျက် ရှိနေ၏။ ထိုပုဂ္ဂိုလ်ဓာ ဝမ်ဝေယန်ကို သရော်လှောင် ပြောင်သော လေသံဖြင့် တဟားဟား ရယ်မောလိုက်ပြီး....

'ဟိတ် လူဆိုးထိန်းစုတ် ဝမ်ဝေယန်၊ မင်း လိုက်လာမယ် ဆိုတာ ငါ ကြိုတင်သိနေလို့ အစောကြီးကတည်းက သတိ ထားနေခဲ့တာကွ၊ မင်းလက်ထဲက ဓားကို ချလိုက်စမ်း၊ မချရင် ဝေ့ရီကို သတ်ပစ်လိုက်မယ်'

အရိုးခေါင်းစွပ်က စကားဆုံးသည်နှင့် ဝေ့ရီကို ဓားဦးနှင့် ဆွလိုက်ရာ ဝေ့ရီမှာ ကျောအလေး ကော့တက်သွားရပြီး အား ခနဲ ညည်းသံကလေး တစ်ချက်က ထွက်ပေါ်လာရ၏၊

ဝမ်ဝေယန်ဓာ အံကြိတ်ကာ လက်ထဲမှ နဂါးပျံ ဓားကို မြေပေါ်သို့ ပစ်ချလိုက်၏။ သူက အရိုးခေါင်းစွပ်ကို မော့ကြည့် လိုက်ပြီး ခက်ထန်မာကျော လေသံဖြင့်—

'ခင်ဗျားဟာ တော်တော် ယုတ်မာပက်စက်ပါလား၊ ဘာဖြစ်လို့ လူတွေကို ရတနာတွေနဲ့ မြူဆွယ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ရတာလဲ၊ ခင်ဗျားဟာ လူမှ ဟုတ်ရဲ့လား၊ တိရစ္ဆာန် လောက်တောင် အသိဉာဏ် ရှိသေးရဲ့လား၊ ခဗျား ဘယ်သူလဲ၊ ခင်ဗျားမျက်နှာကို မပြရဲဘူးလား'

'ဟား ဟား ဟား'

အရိုးခေါင်းစွပ် ပုဂ္ဂိုလ်က စူးရှကျယ်လောင်သော လေသံဖြင့် တဟားဟား ရယ်မောလိုက်ပြီး....

'ဒါ ဘာထူးဆန်းသလဲကွ၊ လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းနေတဲ့ လူတွေ သေကြတာပဲ၊ ဘာထူးဆန်းသလဲ၊ ဒီလူတွေကို ကြည့်စမ်း၊ ရတနာတွေအတွက် လောဘဇောတက်ပြီး သေကြရတာပဲ၊ သေကြစမ်းပါစေ၊ ဘယ်လောက် ကြည့်ကောင်းသလဲ၊ ဟား ဟား ဟား'

'ခင်ဗျား ရူးနေပြီ၊ ခင်ဗျား ဘယ်သူလဲ'

'ငါ မရူးပါဘူး၊ မင်းသာ ရူးနေတာ ဝမ်ဝေယန်၊ ငါ ဘယ်သူလဲဆိုတာ မင်း မသိဘူးလား၊ မင်း မသိဘူးလားကွ'

'ခင်ဗျားဘယ်သူလဲဆိုတာ ပြောစမ်းပါဦး'

အရိုးခေါင်းစွပ် ပုဂ္ဂိုလ်က မျက်နှာပေါ်မှ အရိုးခေါင်းကို ချွတ်ပြလိုက်၏။ ထိုအခါ စံအိမ် အစေ့စေ့ တာဝန်ခံကြီး တုဟုန်ကျင်၏ မျက်နှာမှာ ထွက်ပေါ်လာရလေ၏။

ဝမ်ဝေယန်က ဟက်ခနဲ ရယ်မောလိုက်ပြီး ပြက်ရယ်ပြုသော လေသံဖြင့်....





'ဟင့် ခင်ဗျားဖြစ်မယ်ဆိုတာ ကျုပ်တအစောကြီးကတည်းက သိနေပြီးသားပဲ၊ ခင်ဗျားက ဒါ ဘာအရူးထတာလဲ၊ ဘာဖြစ်လို့ အပြစ်မဲ့တဲ့ ရွာသူရွာသားတွေကို ရက်ရက်စက်စက် လှည့်ဖျားပြီး သတ်ပစ်ရတာလဲ'

'ဒီလိုလုပ်တဲ့အတွက် ငါ ပျော်တယ်၊ ပထမ သူတို့ ပျော်ကြတယ်၊ နောက် ငါ့အလှည့်၊ သူတို့ကို သတ်လိုက်တယ်၊ အခု ငါ ပျော်ရတယ်၊ ကိုင်း ငါပြောတာ မရှင်းဘူးလား'

ဝမ်ဝေယန်က ခေါင်းခါယမ်းလိုက်ကာ....

'မဟုတ်သေးဘူးလေ၊ ခင်ဗျားက ပျော်ရွှင်မှုတစ်ခုတည်းအတွက် လူတွေအများကြီးကို သတ်ရတာပဲ၊ အမှန်က ခင်ဗျားတစ်ယောက်တည်း သေသင့်တာ၊ ခင်ဗျားမရှိရင်ကောင်းမယ်၊ ခင်ဗျားကို တရားဥပဒေအရ ဆောင်ရွက်ရလိမ့်မယ်၊ ဒီရတနာတွေဟာ ကြုံးချမ်းအာမခံဌာနက ခင်ဗျားလူတွေ လုယူသွားတဲ့ ရတနာတွေ မဟုတ်လား'

တုဟုန်ကျင်က...

'မှန်တာပေါ့ကွာ၊ ဒီရတနာတွေဟာ ကြုံးချမ်းအာမခံဌာနက ရတနာတွေပဲ၊ ဒီရတနာတွေရမှ ဓုလိုမျက်လှည့်ပွဲကြီး ဖြစ်လာရမယ် မဟုတ်လား၊ ခုဆိုရင် ဘယ်လောက် ပျော်စရာကောင်းလိုက်သလဲ၊ ရွှာပျက်ကြီးမှာ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ပျော်ပွဲကြီးဖြစ်နေရတာ၊ ရတနာတွေလိုချင်တဲ့ကောင်တွေလဲ သေကုန်ကြရပြီလေ'

'ခင်ဗျား ရူးနေပြီ၊ ခင်ဗျားကို လူ့ပြည်မှာထားလို့မဖြစ်တော့ဘူး'

'နောင်ဘဝကျမှပြောပေတော့ဝမ်ဝေယန်၊ ဒီဘဝမှာတော့ မင်းအတွက် မျှော်လင့်ချက် မရှိတော့ဘူး၊ ကိုင်း ဒီကောင့်ကို ရှင်းပစ်လိုက်ကြစမ်း'

တုဟုန်ကျင်က အမိန့်ပေးလိုက်သည်နှင့် အရိုးခေါင်းစွပ်ခုနစ်ယောက်က ဝမ်ဝေယန်အား ဓားများဖြင့် ဝိုင်းကာ ခုတ်ပိုင်းလိုက်ကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'အား အင့် အိုး'

ရုတ်တရက်ဝမ်ဝေယန်က အင်္ကျီလက်စတစ်ဖက်ကို ဝေ ယမ်းပစ်ပြီး အထက်သို့ လွှားတက်လိုက်ရာ အရိုးခေါင်းစွပ် ခုနစ်ယောက်မှာ အော်ဟစ်ကာ နောက်သို့ လွင့်စဉ်ထွက်သွား ကြရ၏။

အကြောင်းမှာ ဝမ်ဝေယန်က ရွှေသဲမှုန်လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်သောကြောင့်ပင် ဖြစ်၏။

ရွှေသဲမှုန်လက်နက်ပုန်းမှာ အလွန်ဆန်းပြားသော လက် နက်ပုန်းတစ်မျိုးဖြစ်ပြီး သဲမှုန်ပမာဏသေးငယ်ကာ ရှောင် တိမ်းရန် ခက်ခဲပြီး ထိမှန်ခံရလိုက်သည်နှင့် ဘုန်းခနဲ လဲ၍ အသက် ပျောက်သွားရမည်ဖြစ်ပေသည်။

ရွှေသဲမှုန်လက်နက်ဆန်းမှာ အလွန်ရက်စက် ပြင်းထန်လှ ကျသဖြင့် နဂါးပျံရသေ့ကြီးက ထိုလက်နက်ပုန်းကို အလွန် အရေးကြီးမှ ထုတ်သုံးရန် သတိပေးမှာကြားခဲ့၏။





ယခု ဝမ်ဝေယန်မှာ အကျဉ်းအကြပ်ကြားသို့ ရောက်ရှိ နေရသဖြင့် မလွှဲသာမရှောင်သာဘဲ ရွှေသဲမှုန်လက်နက်ပုန်းကို ထုတ်သုံးလိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

ရွှေသဲမှုန်လက်နက်ဆန်းမှာ အလွန်ရက်စက်ပြင်းထန်သဖြင့် သူကလည်း တော်ရုံတန်ရုံထုတ်မသုံးခဲ့ပေ၊ ယခု ပထမဆုံးအကြိမ် အဖြစ် အသုံးပြုလိုက်ရခြင်းပင် ဖြစ်၏၊

ယခု သူနှင့် ရင်ဆိုင်နေရသူများမှာ အလွန်ရက်စက်ကြမ်း ကြုတ်သော သူများဖြစ်ကြပြီး လူမဆန်သည့်သူများ ဖြစ်သဖြင့် လူ့လောကမှ ဖယ်ရှားရန် ရွှေသဲမှုန် လက်နက်ဆန်းကို ထုတ် သုံးလိုက်ရခြင်းပင် ဖြစ်ပေတော့၏။

'ဟင်'

အိမ်အိုကြီး ခေါင်မိုးထက်မှ ရပ်ကြည့်နေသော ဒုစရိုက် ကောင်ကြီး တုဟုန်ကျင်သည် သူ့လူများ ဝမ်ဝေယန်ပစ်လွှတ် လိုက်သော ရွှေသဲမှုန်လက်နက်ဆန်း လက်ချက်ကြောင့် အတုန်း အရုန်း ကျဆုံးကုန်ကြသည်ကို မြင်လိုက်ရသောအခါ အလွန် ပင် တုန်လှုပ်ချောက်ချားသွားရလေတော့၏။

တစ်ချိန်တည်းမှာပင် တုဟုန်ကျင် ချုပ်ကိုင်ထားသော ဝေ့ရီ ကာ တုဟုန်ကျင် ငေးငိုင်သွားခိုက် အတင်းရုန်းထွက်ကာ အောက်သို့ ခုန်ချလိုက်လေ၏။

ဝမ်ဝေယန်က အပေါ်မှ ထိုးဆင်းကျလာသည့် ဝေ့ရီကို ဆီးပမ်းထားလိုက်ရ၏။

'ယား'

'ချမ်း'

တုဟုန်ကျင်က အောက်သို့ စိုက်ဆင်းကျလာပြီး ဝေ ရီကို ဓားဖြင့် ခုတ်ချလိုက်ရာ ဝမ်ဝေယန်က ဝေ ရီကို တန်းထုတ်ပစ်လိုက်ပြီး တုဟုန်ကျင်၏ ဓားချက်ကို သူ၏ နဂါးပျံဓားဖြင့် ခတ်ထုတ်ပစ်လိုက်ရ၏။

ဝမ်ဝေယန်က ရွှေသံမှုန် လက်နက်ဆန်း ပစ်လွှတ်လိုက်ပြီးသည်နှင့် ဖစာဖစာက သူလွှတ်ချလိုက်သော သူ၏ နဂါးပျံဓားကို ပြန်လည် ကောက်ယူထားလိုက်ပြီးလေပြီ။

ဝေ ရီမှာ ပွတ်ကာသီကာကလေး လွတ်မြောက်သွားရကာ မြေပေါ်တွင် ပက်လက်ကလေး လန်ကျသွားရ၏။

တုဟုန်ကျင်က လွှားခနဲ ခုန်ပျံဝင်ရောက် လာပြန်ကာ အပေါ်မှ မိုး၍ ဓားဖြင့် ပိုင်းချလိုက်ပြန်၏။ ဝမ်ဝေယန်က ပျံလွှားအသိုက်ဆင်း ဓားချက်ဖြင့် တစ်တုန်ထိုး ခုန်ပျံဝင်လာပြီး တုဟုန်ကျင်၏ ဓားကို ကြားမှ ဖြတ်ကာ ခတ်ထုတ်လိုက်ရပြန်၏၊

'ထန်း'

ဓားနှစ်လက်မှာ ပြင်းထန်စွာ ထိခတ်ကာ မီးများပွင့်ထွက်သွားရ၏။ ဝေ ရီမှာ ထုတ်လန့်လွန်းသဖြင့် မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားရကာ မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားရ၏။

ဝမ်ဝေယန်၏ ပြင်းထန်သော ဓားချက်ကြောင့် တုဟုန်ကျင်မှာ နောက်သို့ ယိမ်းယိုင်ထွက်သွားရ၏။ ဝမ်ဝေယန်က—





'ဘယ့်နှယ်လဲ တာဝန်ခံကြီး ခင်ဗျားက ဓားကိုကိုင်ရမှာ သိပ်ကြောက်ကယ်ဆို၊ ခုတော့ ဓားကို မလွှတ်တမ်းကိုင်နေပါလား၊ ဓားကို မကြောက်တော့ဘူးကား'

'ဟိတ်ကောင် လူဆိုးထိန်းစုတ်၊ ငါက ကြောင်လက်သည်းဝှက် ဓားသမားကွ၊ မင်းတတ်ထားတဲ့ ဓားပညာထက် ငါ့ဓားပညာက ပိုအဆင့်မြင့်တယ်၊ မပိုင်ရင် ဘယ်တော့မှမလုပ်ဘူး၊ မင်းဓားပညာကို အစွမ်းရှိသလောက် ထုတ်လိုက်စမ်း၊ မင်းတို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်'

ဝမ်ဝေယန်က နဂါးပျံဓားကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်ရင်း....

'တုဟုန်ကျင် အပြောသိပ်မကြီးနဲ့လေ၊ ခင်ဗျားက ဘယ်လိုဓားကွက်မျိုးတွေများ တပ်ထားလို့ ဒီလောက်တောင် အပြောကြီးနေရတာလဲ'

ဝမ်ဝေယန်က တုဟုန်ကျင်၏စိတ်ကို ဆွကာ တုဟုန်ကျင်၏ ဓားပညာကို သိသဖြင့် မေးမြန်းလိုက်ခြင်းပင်ဖြစ်၏။ တုဟုန်ကျင်က နှာခေါင်းရှုံ့ကာ ပြက်ရယ်ပြုသောအလေသံဖြင့်....

'ဝမ်ဝေယန် လူဆိုးထိန်းစုတ်၊ မင်း ရေလှိုင်းခွဲဓားဆိုတာ ကြားဖူးရဲ့လား'

ရေလှိုင်းခွဲဓားဟူသော စကားကြောင့် ဝမ်ဝေယန်မှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရ၏။ ဆရာသခင် နဂါးပျံရသေ့

ကြီးက ရေလှိုင်းခွဲဓားနှင့်ပတ်သက်၍ မဟုသုတ်အဖြစ် သူ့ကို ပြောပြခဲ့ဖူးခြင်းကြောင့်ပင် ဖြစ်၏။

'ဝမ်ဝေယန် ရေလှိုင်းခွဲဓားနှင့်တွေ့ရင် အထူးသတိထား ပါ၊ ရေလှိုင်းခွဲဓားဆိုတာ သိုင်းလောကမှာ တိမ်မြုပ်ပျောက် ကွယ်နေတဲ့ ဓားကွက်ပဲ၊ ဒီဓားကွက်ကို ရှုးသွပ်နေတဲ့ဓားသ မားကြီး တစ်ယောက်က တီထွင်ထားခဲ့တာပဲ၊ ဒီဓားကွက်မျိုးနဲ့ ရင်ဆိုင်ရပြီဆိုရင် စိတ်ကို တည်ငြိမ်အောင်ထားပါ၊ ကြောက် လန့်မှုမဖြစ်စေနဲ့၊ သူ့ရဲ့ဓားကွက်က အဖိုဓာတ်ဖြစ်တဲ့ ဆီးခုံမှာရှိ တယ်၊ ဒီအဖိုဓာတ်နေရာကို ဟာကွက်အတိုင်း ဓားချက်တစ် ချက်တည်း တိုက်ခိုက်ပါ၊ အသက်စွန့်တိုက်ခိုက်ရမယ့် ဟာ ကွက်ပဲ၊

ဆရာသခင် နဂါးပျံရသေ့ကြီး မိန့်မှာကြားထားခဲ့သည့် အတိုင်း ဝမ်ဝေယန်အား စိတ်ကိုပထမဆုံးတည်ငြိမ်အောင် ပြုမူ လိုက်၏။

နဂါးပျံဓားဆီသို့ အတွင်းအား ပို့လွှတ်လိုက်၏။ ဓားမှာ ဖြူဖွေးသောအခိုးအငွေ့များက ထောင်းခနဲ ထွက်ပေါ်လာရ သည်။

တုဟုန်ကျင်က ဓားကိုအထက်သို့မြှောက်လိုက်ကာအားစက် ခက်ထန်သော လေသံဖြင့်....





'ဝမ်ဝေယန် ဘယ့်နှယ်လဲ၊ ရေလှိုင်းခွဲဓား ဆိုတာနဲ့ သိပ် ကြောက်သွားပြီလား၊ ကြောက်မနေပါနဲ့လေ၊ မင်းကို ဝါက ဓားချက်တစ်ချက်တည်းနဲ့ အသက်ပျောက်အောင် ကူညီပေး လိုက်ပါ့မယ်၊ ကိုင်း....'

'ယား'

စကားဆုံးသည်နှင့်တုဟုန်ကျင်က ဓားကိုအသက်သို့မြှောက် ထားရာမှ အောက်သို့စိုက်ချလိုက်၏။

ပြီးနောက် ဘယ်ညာနှစ်ချက် ဝှေ့ယမ်းလိုက်ရာ ရှေ့သို့ လူရောဓားပါ လွှားဝင်လာ၏။

'ဗွိုး'

ကြောက်ခမန်းလိလိဓားချက်ပင် ဖြစ်၏။ ရေလှိုင်းလုံးကြီး များ ဖြစ်ပေါ်လာသကဲ့သို့ ဓားလှိုင်းကြီးများက အလိပ်လိုက် ဖြစ်ပေါ်လာရ၏။

ဝမ်ဝေယန်က နဂါးပျံရသေ့ကြီး မှာကြားလိုက်သည့် အတိုင်း စိတ်ကို တည်တည်ငြိမ်ငြိမ်ထားကာ ကြောက်စရာ ကောင်းလှသည့် ဓားချက်ကိုရင်ဆိုင်လိုက်၏။

ဤအချိန်မှာ ကြောက်လန့်ပြီး ရှောင်တိမ်းနေ၍လည်း မရ ပါပေ။

ရှောင်တိမ်းလိုက်လျှင် ဓားချက်တစ်ချက်သည်ဖြင့် အသက်ပျောက်သွားရမည်ဖြစ်ပေ၏။ ဝမ်ဝေယန်က နဂါးပျံဓားကို အောက်သို့နှိမ့်ထားလိုက်၏။

'ယား'

ဝမ်ဝေယန်က မာန်သွင်းလိုက်၏။ ယင်းအချိန်မှာပင် တုဟုန်ကျင်၏ ရေလှိုင်းခွဲဓားက သူ့ကိုယ်ပေါ်သို့ ဖြတ်ကာ ကျရောက်လာပြီ ဖြစ်၏။

အလွန်မြန်ဆန်ကာ တိကျသည့်ဓားချက်ပင်ဖြစ်၏။ တုဟုန်ကျင်၏ ရေလှိုင်းခွဲ ဓားချက်မှာ အံ့ဩ ချီးကျူးလောက်စရာ ကောင်းလှပေ၏။

ဝမ်ဝေယန်က လှုပ်ရှားခြင်းပင် တစ်ဘပ်သည်း ဖြစ်မအောင် ပြုမူလိုက်၏။ ထိုသို့ ပြုလုပ်ရန်မှာ ထိပ်တန်း ဓားသမားတိုင်း မစွမ်းဆောင်နိုင်ကြပါချေ။

ဓားပညာကို ဆယ်နှစ်၊ ဆယ့်ငါးနှစ်နီးပါး လေ့ကျင့်သူမှသာလျှင် ပြုမူနိုင်မည်ဖြစ်၏။

စိတ်တန်ခိုးနှင့်ပေါင်းစပ်ပြီး တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်၏။ ထိုသို့ပြုမူရာတွင် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိရမည်ဖြစ်ပေသည်။





ဝမ်ဝေယန်၏ တုဟုန်ကျင်၏ ဓားချက်ကို ရှောင်တိမ်းမနေတော့ဘဲ ရှေ့သို့ ခြေတစ်လှမ်းတိုးကာ မြန်ဆန်သော ဓားချက်ဖြင့် တုဟုန်ကျင်၏ အဖိုခံတိ ချက်အောက်ပိုင်းကို နဂါးပျံဓားဖြင့် ထိုးသွင်းပစ်လိုက်၏။

တုဟုန်ကျင်ကလည်း သူ၏ အစွမ်း အထက်မြက်ဆုံးနှင့် အပြင်းထန်ဆုံးသော ရေလှိုင်းခွဲဓားကို ယုံကြည်စိတ်ချစွာ သုံးလိုက်ခြင်းပင် ဖြစ်၏။ သို့သော် ဟာကွက်ရှိနေ၏။ ထိုဟာကွက်ကို သိသူ အလွန်နည်းပါးလှကာ ဝမ်ဝေယန် မသိနိုင်ဟု ယူဆပြီး တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်၏။

ဝမ်ဝေယန်က သိထားသော်လည်း အရဲစွန့် တိုက်ခိုက်လိုက်ရခြင်းပင် ဖြစ်၏။ ဝမ်ဝေယန်၏ ဓားချက်ကို မြင်လိုက်ရသည်နှင့် တုဟုန်ကျင်က သူ့ဟာကွက် ပေါက်ထွက်သွားပြီကို ချက်ချင်း ရိပ်စားမိလိုက်၏။

ထိုသို့ ရိပ်စားမိလိုက်သည်နှင့်အမျှ အတွင်းအားနှင့် ထိန်းချုပ်ထားသော ရေလှိုင်းခွဲဓားမှာ နှစ်စက္ကန့်မျှ နောက်ကျသွားရလေတော့၏။

နှစ်စက္ကန့်မျှ နောက်ကျသွားသည်နှင့် ဝမ်ဝေယန်၏ ဟာကွက်ရှာ ဓားချက်က တုဟုန်ကျင်၏ ချက်အောက်ပိုင်းကို ထိုးဖောက် ဝင်ရောက်သွားလေတော့၏။

စိတ်တန်ခိုးချင်း ယှဉ်ပြိုင် တိုက်ခိုက်သည့် တိုက်ပွဲ၌ စိတ်တန်ခိုး ပျက်ပြားသွားသည့်ဖက်မှ အရှုံးနှင့် ရင်ဆိုင် လိုက်ရလေပြီ။

'အား'

တုဟုန်ကျင်ထံမှ အသံနက်ကြီးနှင့် စူးစူးဝါးဝါးအော်ဟစ်သံကြီးက ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏၊ တုဟုန်ကျင်၏ ကိုယ်လုံးကြီးမှာ ဆတ်ခနဲ တုန်ခါသွားရ၏၊ နှစ်စက္ကန့်မျှ နောက်ကျမိလိုက်သည့်အတွက် အသက်ပါ ပါသွားရလေပြီ။

တုဟုန်ကျင်၏ဓားက ဝမ်ဝေယန်၏ ဦးခေါင်းပေါ်သို့ ကျရောက်တော့မည့် တစ်လက်မခန့် အလိုလောက်မှာပင် တန့်ခနဲ ဖြစ်ကာ အပေါ်သို့ ပြန်လှည့် မြောက်တက်သွားရ၏။ တုဟုန်ကျင်က နောက်သို့ ပက်လက်လန် ကျသွားခြင်းကြောင့်ပင် ဖြစ်၏။

တုဟုန်ကျင်သည် မြေပေါ်သို့ ဝုန်းခနဲ ပက်လက်လန် လဲကျသွားပြီးနောက် ချက်ချင်း မသေသေးဘဲ မျက်လုံးကြီးများက မှိတ်လိုက်ဖွင့်လိုက် လုပ်နေသေး၏၊ အတန်ကြာတော့မှ....

'ဟား ဟား ဟား'

ချိုသမျှ နောက်ဆုံးအားကို ဖျစ်ညှစ်ကာ ကျယ်လောင်စူးရှ ခြောက်ကပ် အက်ကွဲသံကြီးနှင့် ရယ်မောလိုက်ပြီး ပါးစပ်ရော နှာခေါင်းမှ သွေးများ ပွက်ခနဲ ပန်းထွက်လာကာ အသက်ပျောက်သွားရတော့၏။

ထူးဆန်းစွာ ပျော်ရွှင်ခြင်းဖြင့် လူ့အသက်ပေါင်း မြောက်မြားစွာကို ရက်စက်စွာ သတ်ဖြတ်ချင်သည့် အရူးကြီး တုဟုန်ကျင်သည်အား သူ့စေတနာ သူ့အကျိုး ပေးသွားပြီဖြစ်၏။

သူနှင့်တကွ သူ့အပေါင်းအပါများ အားလုံးမှာလည်း အမိုက်ဇာတ်သိမ်းသွားရလေပြီ၊ ဝေ့ရီက ပြေးလာကာ ဝမ်ဝေယန်၏ ရင်ခွင်ထဲတွင် တရှုံ့ရှုံ့ ငိုကြွေးလိုက်၏။





သူမသည် ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် အသားကလေးများပင် တဆတ်ဆတ် တုန်ယင်လျက် ရှိနေ၏။ ဝမ်ဝေယန်က ဝေ့ရီကို နှစ်သိမ့်ရင်း....

'ငိုမနေပါနဲ့တော့ ဝေ့ရီ၊ မင်းကို ဒုက္ခပေးတဲ့ အမိုက်ကောင်တွေအားလုံး ငရဲပြည်ကို ရောက်ကုန်ကြရပါပြီ၊ ဘာမှ ကြောက်စရာ မရှိတော့ပါဘူး'

ဝေ့ရီက ရေတွင်းပျက်ကြီးဆီသို့ ညွှန်ပြရင်း....

'အစ်ကို ဒီရေတွင်းပျက်ကြီးရဲ့အောက်မှာ ဥမင်လိုဏ်ခေါင်းကြီး ရှိတယ်၊ ညီမဖေဖေကို အဲဒီအထဲမှာ ဖမ်းထားတယ်၊ ဖေဖေ့ကို ဆင်းပြီး ခေါ်ပေးပါဦး'

'ဒါဆိုရင် ညီမ ဒီမှာ နေရစ်ခဲ့၊ အစ်ကိုဆင်းပြီး သွားခေါ်လိုက်မယ်'

ဝမ်ဝေယန်တ ပြောကာ ရေတွင်းကြီး အတွင်းသို့ လက်ဝါးမှ လေအားဖြင့် တစ်ချက် ရိုက်ပစ်လိုက်၏။

'ဝုန်း'

လက်ဝါးမှ လေအားက လေလုံးကြီးအဖြစ် ရေတွင်းအောက်ခြေသို့ ထိုးဆင်းရိုက်ခတ်အာ လေလုံးက အထက်သို့ ပြန်တက်လာ၏။ အောက်မှ ပြန်တက်လာသော လေအားအရှိန်ကို ယူ၍ ဝမ်ဝေယန်က ရေတွင်းကြီး အတွင်းသို့ ကိုယ်ဖော့အား သုံးကာ လွှားဆင်းလိုက်၏။

ရေတွင်းအောက်ခြေတွင် ကျောက်လိုဏ်ခေါင်းကြီး တစ်ခု က ရှိနေကာ နံရံတစ်လျှောက် မီးတုတ်များ ထွန်းညှိ ထား

၏။ မီးညွန့်မီးတောက်များက တဖျပ်ဖျပ် လှုပ်ရှား ရိုက်ခတ်လျက် ရှိနေ၏။

ဝမ်ဝေယန်က ကျောက်လိုဏ်ခေါင်းကြီးအတွင်း ဝင်ရောက်လာခဲ့၏။ ကျောက်လိုဏ်ခေါင်းကြီးမှာ ပကတိ တိတ်ဆိတ်လျက်ရှိနေ၏။ လိုဏ်ခေါင်းအဆုံးတွင် သံပြားတံခါးကြီးတစ်ချပ်ကို တွေ့မြင်လိုက်ရ၏။

သံပြားတံခါးချပ်ကြီးကို ဝမ်ဝေယန်က အတွင်းအားနှင့် ဆွဲဖွင့်လိုက်၏။ တံခါးကြီး ပွင့်သွားသည်နှင့် အတွင်းတွင် မေ့မျောလဲကျနေသည့် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။ ဝမ်ဝေယန်က ချက်ချင်းပင် အဘိုးအိုကို ပွေ့ယူကာ အပြင်သို့ အမြန်ဆုံးပြန်ထွက်လာခဲ့၏။

ရေတွင်းပျက်ကြီးအပေါ် ရောက်သည်နှင့် ဝေ့ရှီက သူမ၏ ဖခင်ကို စိုးရိမ်တကြီး ခေါ်လိုက်၏။

'ဖေဖေ ဖေဖေ'

ဝမ်ဝေယန်ကပြုစုပေးလိုက်ရာ မကြာမီ အဘိုးအိုမှာ ပြန်လည် သတိရလာ၏။

'ဖောင် သမီး သမီးကလေး'

'ဖေဖေ အို ဖေဖေရယ်'

ဖေရီတို့ သားအဖ နှစ်ယောက်မှာ သေကံမရောက် သက်မပျောက်ဘဲ သားအဖနှစ်ယောက် ပြန်လည် ဆုံတွေ့ကြရသည့်အတွက် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်မဆည်နိုင်အောင် ဖြစ်သွားကြရ၏။





ဝမ်ဝေယန်ပင် သူတို့ သားအဖနှစ်ယောက်ကို ကြည့်ကာ ဝမ်းသာပီတိ ဖြစ်သွားပါရ၏။

'ကိုင်း ဒီနေရာက အန္တရာယ်များတဲ့နေရာဖြစ်တယ်၊ ကျွန်တော်တို့ အမြန်ဆုံးသွားကြစို့၊ အချိန်ကမရှိတော့ဘူး'

ဝမ်ဝေယန်က အဘိုးအိုနှင့်ဝေ့ရှီကို သတိပေး ပြောကြားလိုက်၏။

အရှေ့ဖက်မှ ရောင်နီများပင် ပျို့အန်စ ပြုနေပြီ ဖြစ်သည်။

ဝေ့ရှီ၏ဖခင်မှာ ဝေ့ဘုန်းစွန်းဖြစ်၏။ ဝေ့ဘုန်းစွန်း၊ ဝေ့ရှီနှင့် ဝမ်ဝေယန်တို့သည် ရွာပျက်ကြီးမှ အမြန်ဆုံး ထွက်ခွာလာခဲ့ကြလေတော့၏။

အချိန်မှာ မိုးလင်းကာနီးဖြစ်နေလေ၏။

• • •

စန်းစီးမြို့ ကြုံးချမ်းအာမခံဌာန ရတနာများ လုယက်ခံရမှုကြီးမှာ တရားခံများ ထွက်ပေါ်လာခဲ့ရလေပြီ။

ခေါင်းဆောင်ဖြစ်သူမှာတုဟုန်ကျင်ဖြစ်ပြီး သူနှင့်ပူးပေါင်းပါဝင်ခဲ့ကြသူများမှာ စန်းစီးမြို့မှ နာမည်ကြီး အခြေသည်အမျိုးသမီး မေရွှက်ဟွာပင်ဖြစ်၏။

မေရွှက်ဟွာနှင့်အပေါင်းပါများမှာ တရားဥပဒေလက်တွင်း ဆက်ဆင်းကျရောက်သွားကြရလေတော့၏။

သူဌေးကြီးအိန်တိတ်ချောင်းမှာ ဝမ်ဝေယန်ကို အထူးပင် ကျေးဇူးတင်နေမိ၏။

ဝမ်ဝေယန်၏ စွန့်စားဆောင်ရွက်မှုကြောင့် သူ့အပေါ် သစ္စာဖောက်ခဲ့သည့် ကုဟုန်ကျင်ကို ဖော်ထုတ် သုတ်သင်နိုင်ခဲ့သည် မဟုတ်ပါလား။

မောက်လိစီးမှာမူ သူမ၏ အိပ်ရာထက်မှာပင် ထူးဆန်းစွာ သေဆုံးနေသည်ကို တွေ့လိုက်ကြရ၏။

သူမ၏ကိုယ်ပေါ်တွင် မည်သည့် ဒဏ်ရာဒဏ်ချက်မျှ ရှာဖွေမတွေ့ရှိရပါချေ။

သူဌေးကြီး အိန်တိတ်ကျောင်းက မောက်လိစီး၏အလောင်းကို ခမ်းနားစွာ ပြင်ဆင်ကာ ဈာပနအခမ်းအနား ပြုလုပ်ခဲ့၏။

ဝမ်ဝေယန်မှာ မောက်လိစီး၏အလောင်း မြေကျပြီးမှ စန်းစီးမြို့မှ ထွက်ခွာလာခဲ့၏။

စက်ဝိုင်းတောင်ကြားသို့အရောက် ရှာပျက်ကြီးဖက်သို့လှမ်းကြည့်လိုက်ရာ အနက်ရောင်မြင်းရထားတစ်စီး ရှာပျက်ကြီးဖက်သို့ အပြင်းနှင်သွားသည်ကို တွေ့မြင်လိုက်ရ၏။

မြင်းရထားထက်တွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် လိုက်ပါသွားသည်ကို တွေ့မြင်လိုက်ရသည်။

အမျိုးသားမှာ တုဟုန်ကျင်၏ပုံသဏ္ဍာန်မျိုးဖြစ်ပြီး အမျိုးသမီးမှာ မောက်လိစီးနှင့် အတော်တူနေ၏။





ဝမ်ဝေယန်အငေးကြည့်နေစဉ်မှာပင် မြင်းရထားသည် ရှာပျက်ကြီးဖက်သို့ ထရွေ့ရွေ့ ပြေးနှင် ပျောက်ကွယ်သွားလေသည်။

ဝမ်ဝေယန်မှာလည်း မြင်းကို လမ်းဆုံဖက်သို့ဦးတည်ပေးကာ ရှာပျက်ကြီးကို ကျောခိုင်း ထွက်ခွာ လာခဲ့လေတော့သည်။

6900
14
96600
42000
54600

## (၄၉)

ဝမ်ဝေယန်က သူ၏ အဖြစ်အပျက်များကို သူ အလွန်ချစ်သည့် ဇနီးချောစလေးဖေးလှမ်အား ပြန်လည် ပြောပြလိုက်သည်။

ဖေးလှမ်က တအံ့တသြ နားထောင်နေခဲ့ပြီးနောက် မျက်စောင်းကလေး ထိုးလိုက်ကာ....

'ဝေ့ရီကဘယ်ရောက်သွားသလဲ ပြော၊ ဝေ့ရီရဲ့ အိပ်ခန်းထဲတောင် ရောက်ခဲ့တယ်ဆိုတော့ ဝေ့ရီနဲ့ အစ်ကို ဘာတွေဖြစ်ခဲ့သလဲ မသိဘူး'

ဝမ်ဝေယန်က ရယ်မောလိုက်ကာ ဖေးလှမ်၏လက်ဖဝါးနုနုကလေးကို အသာအယာဆုပ်ကိုင်လိုက်ပြီး....





'ဝေ့ရီနဲ့အစ်ကို ဇာတိလမ်းရှပ်ခဲ့ရင် ဝေ့ရီရဲ့ နာမည်ကို အစ်ကိုကထည့်ပြောပါ့မလား၊ အခုဟာက အမှုကိစ္စထဲမှာ ဝေ့ရီက အစိတ်အပိုင်းလို့ ထည့်ပြောရတာပေါ့'

'မယုံပါဘူး သွား'

'ဟောဗျာ ဘယ်သွားရမှာလဲ'

'ဝေ့ရီဆီကိုပေါ့'

'ညီမကလဲကွာ၊ အလကားနေရင်း စိတ်ကောက်နေပြန်ပါပြီ၊ ကြယ်နီ ဂိုဏ်းချုပ်ကြီးနေရာ ဆက်ခံမယ့်သူက ဒီလိုပဲ ကလေးလို နွဲ့ဆိုး ဆိုးနေတော့မှာလား'

ဖေးလှမ်မှာ မိခင်ဖြစ်သူ ကြယ်နီဂိုဏ်းချုပ်သခင်မကြီး ဖေးဖုန်နှင့် အစ်ကိုဖြစ်သူ ဖေးလုံတို့ မရှိတော့ပြီဖြစ်ရာ သူမက ကြယ်နီဂိုဏ်းတွင် ဂိုဏ်းချုပ်နေရာဆက်ခံရမည် ဖြစ်ပေ၏။ ဖေးလှမ်က ဝမ်ဝေယန်၏ရင်ဘတ်ကို လက်သီးဆုပ်ကလေးများဖြင့် ထုရင်း....

'ဒါပဲနော် အစ်ကို၊ ရှုပ်ရှုပ်ရှက်ရှက်တော့ လုပ်မယ်မကြံနဲ့၊ အသက်ပျောက်သွားမယ်၊ ညီမအကြောင်း သိတယ်မဟုတ်လား'

'သိပါတယ်ဗျာ၊ သိပါတယ်၊ အမိက တယ်လဲ သဝန်ကြောင်တာကိုး'

'သဝန်ကြောင်တာ မဟုတ်ဘူးရှင့်၊ ချစ်တာချစ်တာ၊ သိရဲ့လား'

ဖေးလှမ်က ပြောရင်း ဝမ်ဝေယန်၏ လက်မောင်းကို ဆိတ်ဆွဲရန် ဟန်ပြင်လိုက်စဉ်မှာပင် အပြင်ဘက်မှ သိုင်းသမားများ

ဝင်ရောက်လာသဖြင့် ဟန်မပျက် ဣန္ဒြေမဆည်လိုက်ကြ၏။ ဝင်ရောက်လာကြသူများမှာ ကြယ်နီဂိုဏ်းမှ သိုင်းသမားများပင် ဖြစ်ကြသည်။

သိုင်းသမားတစ်ယောက်က ဖေးလွှမ်ကို အရိုအသေပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ အပြင်ဘက်မှာ မြောက်ပိုင်းကြားဆုလျှုပေ့နဲ့ သူ့သား ဆုဟုံပေ့တို့ ရောက်နေကြပါတယ်၊ သူတို့နဲ့အတူ မြောက်ပိုင်းကျားသိုင်းသမားများ အချို့လဲ လိုက်ပါလာကြပါတယ်'

ဖေးလွှမ်က....

'မြောက်ပိုင်းကျား ဆုလျှုပေ့က မေဓမ့မိတ်ဆွေကြီးပဲ၊ သူတို့ကို ခေါ်လာခဲ့ပါ'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

မကြာမီ ညှိခန်းဆောင်ကြီးအတွင်းသို့ အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားတာ ဥပဓိရုပ်ကောင်းပြီး အရပ်ထောင်ထောင် မောင်းမောင်း သိုင်းသမားကြီးခေါင်းဆောင်သော မြောက်ပိုင်းကျား သိုင်းသမားများ ဝင်ရောက်လာကြသည်။

ထိုအဝါရောင်ဝတ်စုံနှင့် သိုင်းသမားကြီးမှာ မြောက်ပိုင်းသိုင်းလောက၏ အရှင်သခင် မြောက်ပိုင်းကျားဟု ကျော်ကြားနေသော ဆုလျှုပေ့ပင် ဖြစ်ပေတော့၏။

ဆုလျှုပေ့နှင့်အတူ သူ၏သား ဆုဟုံပေ့လည်း ပါရှိလာ၏။ ဆုလျှုပေ့မှာ အသက်ငါးဆယ်ကျော်ပြီဖြစ်ပြီး ဆုဟုံပေ့မှာ အသက်နှစ်ဆယ်ခန့်သာ ရှိနေသေး၏။





ဆုဟုံပေ့ကား မီးခိုးရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး မီးခိုးရောင်ဖိနပ်ကို စီးနင်းထား၏။ ဓားတစ်လက်ကို ကျောဘက်တွင် ပိုးလွယ်ထား၏။

ဆုလျှုပေ့၊ ဆုဟုံပေ့တို့နှင့်အတူ မြောက်ပိုင်းကျားဂိုဏ်းသားအချို့လည်း ပါရှိလာကြ၏။ ဖေးလွှမ်က ဆုလျှုပေ့ကို တွေ့လျှင် အရိုအသေပြုလိုက်ပြီး နေရာထိုင်ခင်းများ ပေးလိုက်သည်။

ချက်ချင်းပင် အရက်နှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်စေလိုက်ကာ ဧည့်သည်များကို ကျွေးမွေးပြုစုလိုက်၏။

'မှလာစဖူး အလာထူးတာ ဘာဘက ဘယ်လိုကိစ္စကြောင့် ရောက်လာရတာပါလဲ'

ဖေးလွှမ်က မြောက်ပိုင်းကျား ဆုလျှုပေ့အား မေးမြန်းလိုက်၏။

မြောက်ပိုင်းကျား ဆုလျှုပေ့က အရက်တစ်ခွက်ကို မော့သောက်ကာ တဟားဟား ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား... ငါတူမဆီကို ဘာဘ ကိစ္စရှိမှ လာရမယ်တဲ့လား၊ ငါ့တူမနဲ့ မဂ်လာသတင်းကို ကြားလို့ ဘာဘတို့ လာခဲ့တာပေါ့ကွယ်'

မြောက်ပိုင်းကျား ဆုလျှုပေ့စကားကြောင့် ဖေးလွှမ်မှာ မျက်နှာကလေး ရှက်သွေးလွှမ်းကာ နီမြန်းသွားရ၏။

ထို့နောက် ဖေးလွှမ်က ဝမ်ဝေယန်ကို မြောက်ပိုင်းကျား ဆုလျှုပေ့နှင့် မိတ်ဆက်ပေးလိုက်၏။ ဆုလျှုပေ့က ဝမ်ဝေယန်ကို စူးစိုက်ကြည့်ကာ....

'ဒီ လက်စသတ်တော့ မောင်ရင်က ရွှေပြုံမော်း ဝမ်စီမင်နဲ့ ကြိုးကြာမယ် လျှန်းလျှန်းတို့ရဲ့ သားကိုး၊ မောင်ရင့်မိဘတွေက ကျုပ်နဲ့ အင်မတန်မှ ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေဟောင်းကြီးတွေပဲ၊ မောင်ရင့်ဖေဖေ ဝမ်စီမင်ရဲ့ ကျေးဇူးတွေက ကျုပ်အပေါ်မှာတောင် ရှိနေသေးတယ်ကွယ့်'

ထို့နောက် မြောက်ပိုင်းကျား ဆုလျှူပေ့က ဝမ်ဝေယန်အား သူ၏ အားဖြစ်သူ ဆုဟုံပေ့နှင့် မိတ်ဆက်ပေးလိုက်၏။ ဆုဟုံပေ့မှာ နှုတ်ချိုသော်လည်း အတွင်းစိတ်သဘောထား ကောက်ကျစ်မည်ဖြစ်ကြောင်း ဝမ်ဝေယန်က ရိပ်စားမိလိုက်သည်။

ဆုဟုံပေ့က ဝမ်ဝေယန်အား....

'မိတ်ဆွေရဲ့ ဆရာသခင်က ဘယ်သူများပါလဲ'

ဝမ်ဝေယန်က...

'ကျွန်တော် ဆရာသခင်က နှစ်ယောက်ရှိပါတယ်၊ ဝတ်ရုံနီဘိုးဘိုးနဲ့ နဂါးပျံ ရသေ့ကြီးတို့ပါပဲ'

ဆုဟုံပေ့မှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရတော့....

'ဝတ်ရုံနီဘိုးဘိုးနဲ့ နဂါးပျံရသေ့ကြီးဆိုရင် မိတ်ဆွေရဲ့ သိုင်းပညာဟာ ထိပ်တန်းအဆင့်ကို ကျော်လွန်နေမှာ သေချာတယ်၊ အင်း ကျုပ်ဆရာကတော့'

ဆုဟုံပေ့က စကားတစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားရ၏။ ဝမ်ဝေယန်က....

'ခင်ဗျားရဲ့ ဆရာသခင်က ဘယ်သူလဲ'





'ကျွန်တော် ဆရာသခင်က သူ့နာမည်ကို ပြောမသွားခဲ့ပါဘူး'

ဆုဟုံပေ့၏ ထိုကားကြောင့် ဝမ်ဝေယန်နှင့်ဖေးလွမ်တို့မှာ တအံ့တဩ ဖြစ်သွားကြ၏၊ ဝမ်ဝေယန်က မျက်ခုံးနှစ်ဘက် မြှင့်လိုက်ကာ...

'ခင်ဗျားရဲ့ဆရာက သူ့နာမည်ကိုတောင် ပြောမသွားခဲ့ဘူးလား'

ဆုဟုံပေ့က ခေါင်းခါယမ်းလိုက်ကာ....

'ပြောမသွားခဲ့ပါဘူး၊ ကျွန်တော့် ဆရာသခင်က အင်မတန်မှ လျှို့ဝှက်တယ်၊ သိုင်းပညာကိုတော့ သင်ကြားပေးသွားတယ်၊ နောက် သူက ကျွန်တော့်ကို နှုတ်ဆက်ပြီး သိုင်းလောကထဲကနေ ထွက်ခွာသွားတယ်၊ သူဘယ်ရောက်နေတယ်ဆိုတာ စုံစမ်းလို့မရဘူး'

မြောက်ပိုင်းကျား ဆုလျှူပေ့က အရက် တစ်ခွက်ကို သောက်လိုက်ရင်း....

'ကိုင်း ဘာဘာတို့ အခုရောက်လာတာ စနီးရင်ကျောင်းတော်က မယ်တော်ကြီးဖေးကင်းဆီ သွားကြမလို့ပဲ၊ မင်းတို့လိုက်ကြမလားဆိုပြီး ဝင်ခေါ်တာ'

ဖေးလွမ်က....

'မယ်တော်ကြီး ဖေးကင်းဆီ ဟုတ်လား၊ သာကိစ္စများရှိနေလို့လဲ၊ သမီးတို့ပါ လိုက်ချင်တာပေါ့ ဘာဘာ'

မြောက်ပိုင်းကျား ဆုလျှူပေ့က....

'စန်းရင်ကျောင်းတော်မှာ မယ်တော်ကြီးဖေးကင်း ကန်တော့ခံရှိတယ်၊ အဲဒီကိုသွား ကြမလို့၊ သိုင်းလောကက နာမည်ကြီး သိုင်းသမားတွေ အစုံအလင် ရောက်လာကြမယ်ထင်တယ်'

ဖေးလွမ်၏ မျက်နှာကလေးမှာ ဝင်းလက်သွားကာ ဝမ်ဝေယန်ကို....

'အစ်ကို ဘာဘာတို့သွားမယ်ဆိုရင် အတော်ပဲ၊ ညီမတို့လဲ ကြုံတုန်းကြုံခိုက် လိုက်သွားကြရအောင်၊ မယ်တော်ကြီး ဖေးဆင်းက သူ့ရဲ့ စန်းရင်ကျောင်းတော်ကို တံခါးပိတ်ထားခဲ့တာ ဆယ်နှစ်ကျော်သွားပြီ၊ အခုမှ ပြန်ဖွင့်လို့ သူ့ကိုကန်တော့ဖို့ သွားကြမှာ'

ဝမ်ဝေယန်က....

'ညီမသွားချင်ရင် သွားပါ၊ အစ်ကို လိုက်ခဲ့မယ်'

ဖေးလွမ်မှာ အလွန်ဝမ်းသာအားရ ဖြစ်သွားရ၏။ စန်းရင်သီလရှင်ကျောင်းတော်ဂိုဏ်းချုပ် မယ်တော်ကြီး ဖေးဆင်းမှာ သိုင်းလောက၏ အဓိပတိမယ်တော် တစ်ယောက်ဖြစ်သော သိုင်းလောကတွင် ဝါစဉ်အကြီးဆုံး အဘွားအို တစ်ယောက်လည်း ဖြစ်ပေ၏။

တစ်ချိန်က မယ်တော်ဖေးကင်းသည် ကြင်းဆုတောင်တန်များတဝိုက်တွင် လှည့်လည် ကျက်စားနေခဲ့ပြီးနောက် သိုင်းလောကအတွင်း ဝင်ရောက်ခဲ့၏။ သိုင်းလောကမှ ဒုစရိုက်သ





မားများကို ချေမှုန်းခဲ့ကြ၏။ နှစ်အတန်ကြာပြီးနောက် ဖေးဆင်းသည် စန်းရင်ကျောင်းတော်ကြီးကို တည်ထောင်ကာ သိုင်းလောကသားကို စွန့်ခွာနေခဲ့၏။

မယ်တော်ကြီး ဖေးကင်းမှာ အဖြူရောင်သစ္စာဘက်တော်သားသိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်ကာ သစ္စာသမာဓိသတ္တိနှင့် ပြည့်စုံသူဖြစ်ခြင်းကြောင့် သိုင်းလောကတွင် လေးစားချစ်ခင်သူ များပြားလှပေ၏။

ဖေးလွမ်မှာ ငယ်စဉ်က တစ်ခေါက် ရောက်ခဲ့ဖူးပြီးနောက်ပိုင်းတွင် စန်းရင်ကျောင်းတော်သို့ တစ်ခါမှ မရောက်ခဲ့ပေ။

စန်းရင်ကျောင်းတော်ကြီးမှာ အလွန် ကြီးကျယ်ခမ်းနားကာ အာထိုင်စန်တောင်ထိပ်တွင် တည်ရှိလျက်ရှိနေပေ၏။

နောက်တစ်နေ့နံနက်မှာပင် သူတို့သည် စန်းရင်ကျောင်းတော်ကြီးတည်ရှိရာ အာထိုင်တောင်ထိပ်သို့ မြင်းများဖြင့်ထွက်ခွာလာခဲ့ကြလေ၏။

• • •

စန်းရင်ကျောင်းတော်....

အာထိုင်စန်တောင်ထိပ်မှ ကြီးမားဘင့်တယ်လှသော သိုင်းကျောင်းတော်ကြီးပင် ဖြစ်ပေတော့၏။ ဂိုဏ်းချုပ်ကြီးမှာ မယ်

တော်ကြီးဖေးကင်းဖြစ်ကာ သိုင်းလောက၏ ပြိုင်ဘက်ကင်း အဓိပတိကြီးလည်း ဖြစ်ပေတော့၏။

မယ်တော်ကြီးဖေးကင်းမှာ ယခုအခါ အသက်ရှစ်ဆယ် ကျော်ပြီဖြစ်သော်လည်း သန်မာဖျတ်လတ်ဆဲပင် ရှိနေ၏။ သိုင်းပညာအတွင်းအားဖြင့် အရွယ်ကို ထိန်းထားနိုင်ခြင်းကြောင့်ပင် ဖြစ်၏။

မယ်တော်ကြီးဖေးကင်း၏ ပူဇော်ကန်တော့ပွဲသို့ သိုင်းလောကမှ နာမည်ကြီး သိုင်းပညာရှင်ကြီးများ၊ သိုင်းဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းခွဲမှူးများ စုံလင်စွာ ရောက်ရှိနေကြလေပြီ....။

ဝမ်ဝေယန်၊ ဖေးလွှမ်၊ မြောက်ပိုင်းကျား ဆုလျှုပေ့နှင့် သားဖြစ်သူ ဆုဟုံပေ့၊ ကြယ်နီဂိုဏ်းသားများ၊ မြောက်ပိုင်းကျားဂိုဏ်းသားများ အာထိုင်စန်တောင်သို့ ရောက်ရှိလာခဲ့ကြ၏။

သူတို့အား ရောက်ရောက်ချင်းပင် စန်းရင်ကျောင်းတော်ကြီးအတွင်း ဝင်ရောက်ကာ မယ်တော်ကြီး ဖေးကင်းကို ဂါရဝပြု ဆိုကြ၏။

မယ်တော်ကြီးဖေးကင်းမှာ မြောက်ပိုင်းကျား ဆုလျှုပေ့၊ ကြယ်နီဂိုဏ်းချုပ်ကြီး ဖေးဖုန်၏သမီး ဖေးလွှမ်၊ ရွှေဖြူဓား ဝမ်စီမင်၏သား ဝမ်ဝေယန်တို့ကို တွေ့မြင်လိုက်ရလျှင် အလွန်ဝမ်းမြောက်ရွှင်လန်းကာ ရှေးဟောင်းနောက်ဖြစ်များကို ပြန်ပြောင်းပြောလိုက်မိ၏။





မယ်တော်ကြီး ဖေးကင်းက ဝမ်ဝေယန်တို့ လူစုကို စားသောက်ဖွယ်ရာများ၊ အရက်များဖြင့် တည်ခင်း ကျွေးမွေးလိုက်ပြီး....

'ဝမ်ဝေယန်ရဲ့ဖခင် ရွှေဖြူဓား ဝမ်စီမင်ဟာ တကယ့်ကို စိတ်ကောင်း နှလုံးကောင်းနဲ့ ပြည့်စုံပြီး သစ္စာသမာဓိသတ္တိနဲ့ ပြည့်စုံတဲ့ သိုင်းသမားကောင်းကြီး တစ်ယောက်ပါပဲ၊ သူ ကျဆုံးသွားတာကို ကြားသိရတဲ့ အချိန်မှာ ဘွားဘွားက သိုင်းလောကကို စွန့်ခွာသွားတဲ့ အချိန်ဖြစ်နေတယ်၊ ဒါကြောင့် ဘွားဘွားဟာ သိုင်းလောကက အရေးအခင်းတွေထဲဝင်မပါဘဲ အေးအေးဆေးဆေး နေခဲ့တယ်'

တို့နောက် မယ်တော်ကြီး ဖေးကင်းက ဆက်လက် ပြောလိုက်ပြန်၏။

'အခုနှစ် စန်းရင် ကျောင်းတော်ကြီးရဲ့ သမာဓိတံခါးကြီးဖွင့်ပွဲနဲ့လဲ တိုက်ဆိုင်နေတယ်၊ သမာဓိတံခါးကြီးရှေ့မှာ သမာဓိ သိုင်းပြိုင်ပွဲကြီး တစ်ရပ်ကို ကျင်းပဖို့ စီစဉ်ထားတယ်၊ အဲဒီမှာ ဝင်ရောက် ယှဉ်ပြိုင်လိုလျှင်လဲ ယှဉ်ပြိုင်နိုင်တယ်၊ မယှဉ်ပြိုင်ချင်ရင်လဲ ပွဲကြည့်ပရိသတ်အဖြစ် အားပေးနိုင်ပါတယ်'

မြောက်ပိုင်းကျား ဆုလျှုပေ့က မယ်တော်ကြီး ဖေးကင်းအား....

'မယ်တော်ကြီးရဲ့ သိုင်းသမားတွေကော ဝင်ရောက်မယှဉ်ပြိုင်ဘူးလား'

မယ်တော်ကြီး ဖေးကင်းက ပြုံးလိုက်ကာ....

'သူတို့က အဓိကထား ယှဉ်ပြိုင်ကြမှာပါ၊ ဒါပေမယ့် အခု ရောက်လာတဲ့ သိုင်းလောကက ပုဂ္ဂိုလ်ကြီးများကိုလဲ ဦးစားပေး ယှဉ်ပြိုင်ခွင့် ပြုမှာပါ၊ ပြိုင်ပွဲအစီအစဉ်တွေက စနစ်တကျ စီစဉ်ထားပါတယ်၊ ပြိုင်ပွဲမှာ ယှဉ်ပွဲမှာ ယှဉ်ပြိုင်သူတိုင်း ဆုချီးမြှင့်ဖို့ သတ်မှတ်ထားပါတယ်၊ ပြိုင်ပွဲမှာ ထိခိုက်ဒဏ်ရာ ရနိုင်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ရက်ရက်စက်စက်ထိုးခုတ် သတ်ဖြတ်မှုမျိုးတွေ ခွင့်မပြုဘူး၊ ပြိုင်ပွဲဝင်မယ့် လူတွေဟာ ကြိုတင် စာရင်းပေးသွင်းထားရပြီး သူတို့ထဲက ရွေးချယ်ပြီးမှ တစ်တွဲစီ စင်ပေါ် တင်ပေးမှာပါ၊ အင်အားမျှတမယ့် သူတွေကို တိုက်ခိုက်စေပြီး အင်အားမညီမျှတဲ့ လူတွေကို တွဲမပေးပါဘူး'

မယ်တော်ကြီး ဖေးကင်းက စန်းရင်ကျောင်းတော် သမာဓိ တံခါး သိုင်းပြိုင်ပွဲကြီးနှင့် ပတ်သက်၍ ဝမ်ဝေယန်နှင့် ဆုလျူပေ့တို့အား ရှင်းလင်း ပြောပြလိုက်၏။

ထို့နောက် သူတို့သည် မယ်တော်ကြီး ဖေးကင်းနှင့်အတူ သမာဓိတံခါးကြီးဆီသို့ ထွက်ခွာလာခဲ့ကြလေ၏။

သမာဓိ တံခါးကြီးမှာ အလွန် ကြီးကျယ်ခမ်းနားသော တံခါးကြီးဖြစ်ပြီး တံခါးကြီးရှေ့တွင် သိုင်းပြိုင်ပွဲစင်မြင့်ကြီးကို ခမ်းနားစွာ တည်ဆောက်ထား၏။

မယ်တော်ကြီးဖေးကင်းက သူတို့လူစုကို စန်းရင် ကျောင်းတော်ကြီးအတွင်း လိုက်လံပြသပေးလိုက်၏။တရားဆောင်ကြီး





အတွင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ လွန်စွာမှ သပ္ပာယ် ကြည်ညိုစရာ ကောင်းလှပေတော့၏။

ဝမ်ဝေယန်၊ ဖေးလွမ်၊ ဆုလျူပေ နှင့် ဆုဖုံပေ့တို့က တရားဆောင်ကြီးအတွင်း ဘုရားဝတ်ပြုလိုက်ကြ၏။ ထို့နောက် မယ်တော်ကြီး ဖေးကင်းနှင့်အတူ ညစာ အတူစားသောက်ရန် စားသောက်ခန်းမကြီးဆီသို့ ထွက်ခွာလာခဲ့ကြ၏။

စားသောက်ခန်းမကြီးအတွင်း သိုင်းလောကသားများ စုံလင်စွာ ရောက်ရှိနေကြလေပြီ။

မယ်တော်ကြီး ဖေးကင်း ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလျှင် အားလုံးက မတ်တတ်ရပ်ကာ အရိုအသေ ပြုလိုက်ကြ၏။

စားပွဲရှည်ကြီးများထက်တွင် အရက်နှင့် စားသောက်ဖွယ်ရာများက အလျှံပယ် ခင်းကျင်း ပြင်ဆင်ထား၏။ မယ်တော်ကြီးဖေးကင်းက သိုင်းလောကသားများအား သိုင်းပြိုင်ပွဲအဖွင့် အမှာစကား ပြောကြားလိုက်၏၊

'စန်းရင် သိုင်းကျောင်းတော်ကို ခုလို သိုင်းလောကသားတွေ တစ်စုတစ်ဝေး ရောက်လာတာကို တွေ့ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ပါတယ်၊ စန်းရင်ကျောင်းတော်ကြီးရဲ့ သမာဓိ တံခါးကြီး ပိတ်ထားခဲ့တာ ဆယ်နှစ်ကျော် ရှိသွားပါပြီ၊ အခု ပြန်ဖွင့်တဲ့ အထိမ်းအမှတ်အဖြစ် သမာဓိ သိုင်းပြိုင်ပွဲကြီးကို

ကျင်းပရခြင်းပဲဖြစ်ပါတယ်၊ သိုင်းလောကရဲ့ နောင်ရေးအတွက် သိုင်းသမားကောင်းတွေ ပေါ်ထွန်းလာအောင် ရည်ရွယ်ခြင်းပဲ ဖြစ်ပါတယ်၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေး အတွက် သိုင်းသမားကောင်းတွေ ပေါ်ထွန်းလာဖို့ အလွန် အရေးကြီးနေပါတယ်၊ ဒီသိုင်းပြိုင်ပွဲကြီးမှာ အလားအလာ ရှိတဲ့ လူငယ်လူရွယ်တွေရဲ့ သိုင်းပညာအစွမ်းတွေကို တွေ့မြင်ကြ ရမှာ ဖြစ်ပါတယ်'

မယ်တော်ကြီး ဖေးကင်း၏ စကားအဆုံးတွင် သိုင်းလော ကသားများက တစ်ခဲနက် အားပေး သြဘာပေးလိုက်ကြ၏၊ ထို့နောက် မယ်တော်ကြီး ဖေးကင်းနှင့်အတူ သိုင်းလောက သားများအား တပျော်တပါး စုပေါင်းစားသောက်လိုက်ကြလေ တော့၏။

• • •

နံနက်ခင်းနေခြည်နုနုက အာဇထိုင်စန် တောင်ထိပ်ပေါ်သို့ ဖြာစင်ကျရောက်လာခဲ့လေပြီ။ သမ္မာဓိတ ခါး သိုင်းပြိုင်ပွဲကြီး မှာ စတင် ကျင်းပတော့မည် ဖြစ်၏။





ဤသိုင်းပြိုင်ပွဲကြီး၏ထူးခြားချက်မှာ ဤနေရာသို့ အနက် ရောင် သိုင်းလောကသားများ တစ်ယောက်မှ ရောက်မလာ ခြင်းပင် ဖြစ်၏။

အနက်ရောင်သိုင်းလောကသားများ ဤနေရာသို့ ရောက် လာပါကလည်း ဒုစရိုက်မှုကို ရွံမုန်းသည့် အဖြူရောင် သိုင်း လောကသားများ၏ လက်ချက်ကြောင့် အရိုး တခြား အသားတခြား ဖြစ်သွားကြရပေလိမ့်မည်။

ထို့ကြောင့်လည်း သိုင်းလောကမှ အနက်ရောင် ဒုစရိုက် သမားများ ဤသမ္မာဓိတခါး သိုင်းပြိုင်ပွဲကြီးသို့ တစ်ယောက်မှ မလာဝံ့ကြခြင်းပင် ဖြစ်ပေတော့၏။

ထို့ပြင် သိုင်းပြိုင်ပွဲကျင်းပသည့် နေရာမှာလည်း အဖြူ ရောင် သိုင်းလောကနယ်မြေအတွင်းဖြစ်နေ၏။

မယ်တော်ကြီး ဖေးကင်း ကိုယ်တိုင်ကပင် ဒုစရိုက်မှုကို ရွံ မုန်းသော အဖြူရောင် သိုင်းဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်နေ သည် မဟုတ်ပါလား။

ထို့ကြောင့် အနက်ရောင်ဒုစရိုက်သမားများသည် အာထိုင် စန်တောင်ထိပ်သို့ ရောက်အောင်မဆိုထားနှင့် တောင်ခြေသို့ပင် မကပ်ဝံ့ကြပါချေ။

ယခု ဤနေရာသို့ရောက်နေကြသူ အားလုံးလိုလိုပင် သိုင်း လောကမှ ကျော်ကြား အစွမ်းထက်မြက်သော သိုင်းပညာရှင်

ကြီးများဖြစ်ကြပြီး လူစွမ်းကောင်းဓားသမားများပင် ဖြစ်ကြပေ၏။

သိုင်းပြိုင်ပွဲစင်မြင့်ကြီးထက်တွင် အလံများကိုတလူလူလွှင့်ထူထား၏။

ပွဲနွှေးတောက်ပသောနေရောင်ခြည်သည် ပြိုင်ပွဲစင်မြင့်ကြီးထက်သို့ ကျရောက်လျက်ရှိနေပေ၏။

သမာဓိသိုင်းပြိုင်ပွဲကြီးစတင်ကျင်းပရန် မင်္ဂလာအချိန်တော်ကျရောက်သည်နှင့် မယ်တော်ကြီးဖေးကောင်းက ပြိုင်ပွဲအစီအစဉ်ကို ကြေညာပေးလိုက်၏။

'ပထမဆုံးယှဉ်ပြိုင်မယ့်ပုဂ္ဂိုလ်နှစ်ယောက်ကတော့ မြောက်ပိုင်းကျား ဆုလျှုပေ့နဲ့ တောင်ပိုင်းနဂါး ဝူထိုက်ကွမ်တို့ပဲ ဖြစ်ကြပါတယ်၊ မြောက်ပိုင်းကျားနဲ့ တောင်ပိုင်းနဂါး စင်မြင့်ပေါ်သို့ ကြွပါ'

'ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

မယ်တော်ကြီးဖေးကောင်း၏အစီအစဉ်ကို ကြားလိုက်ရသည်နှင့် သိုင်းလောကသားများက တစ်ခဲနက်အောင်ဟစ်အားပေးဂုဏ်ပြုလိုက်ကြ၏။

တောင်ပိုင်းနဂါးနှင့် မြောက်ပိုင်းကျားတို့မှာ ဆုံခဲ့လှသော ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်ရတော့မည်ဖြစ်၍ အားလုံးက





တစ်ခဲနက် အောင်ဟစ် အားပေးလိုက်ကြခြင်းပင် ဖြစ်ပေတော့သည်။

မြောက်ပိုင်းကျား ဆုလျှုပေ့နှင့် တောင်ပိုင်းနဂါးဝူထိုက်ကွမ်တို့က ပြိုင်ပွဲစင်မြင့်သို့သွားတက်လာကြကာ စန်းရင် ဂိုဏ်းချုပ်ကြီး ဖေးကောင်းအား အရိုအသေပြုလိုက်ကြ၏။

မြောက်ပိုင်းကျားဆုလျှုပေ့က အဝါရောင် ဝတ်ရုံလွာကြီးကို ဝတ်ဆင်ထားကာ တောင်ပိုင်းနဂါးဝူထိုက်ကွမ်ကအနီရောင် ဝတ်ရုံလွာကြီးကို ဝတ်ဆင်ထား၏။

'မြောက်ပိုင်းကျားကွ မြောက်ပိုင်းကျား'

'တောင်ပိုင်းနဂါးကွ တောင်ပိုင်းနဂါး'

သိုင်းလောကသားများက အောင်ဟစ်အားပေးလိုက်ကြ၏။ မြောက်ပိုင်းကျားဆုလျှုပေ့၏လက်နက်မှာ ကျားလက်သည်းသဏ္ဌာန် ချွန်ထက်သော သံချိတ်ကြီး နှစ်ချောင်းပင် ဖြစ်ပေသည်။

ထိုလက်နက်နှင့်သာ တိုက်ခိုက်ခံလိုက်ရပါက မရှုမလှသေပွဲဝင်ရမည်မှာ သေချာလှပေတော့၏။

တောင်ပိုင်းနဂါးဝူထိုက်ကွမ်ကမူ ဆန်းပြားသော လှံဓားလက်နက်ဆန်းကို ကိုင်ဆောင်ထား၏။

လက်နက်၏ထိပ်တစ်ဖက်တွင် ချွန်ထက်သောလှံချွန်ရှည်ကရှိနေသလို လက်ကိုင်းအရိုး၏တစ်ဖက်တွင် ပါးလွှာ ထက်မြက်သော ဓားတစ်လက်က တပ်ဆင်ထား၏။

ကြည့်ကောင်းမည့် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်ကြောင်းကို အားလုံးက ရိပ်စားမိလိုက်ကာ မအော်ဟစ် အားပေးမိလိုက်ကြပြန်၏။

တောင်ပိုင်းနဂါး၏ တပည့်များက တောင်ပိုင်းနဂါးကို အော်ဟစ်အားပေးလိုက်ကြသလို မြောက်ပိုင်းကျား၏ တပည့်များက မြောက်ပိုင်းကျားကို အော်ဟစ်အားပေးလိုက်ကြလေသည်။

'ဒူ'

မယ်တော်ကြီးဖေးကာင်းက ပြိုင်ပွဲကို စတင်ရန် ငွေမောင်းကြီးကို တီးခတ်ပြီးအချက်ပေးလိုက်၏။

မြောက်ပိုင်းကျား ဆုလျှုပေ့နှင့် တောင်ပိုင်းနဂါးဝူထိုက်ကွမ်တို့က တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြ၏။

နှစ်ယောက်စလုံးမှာ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူများပင် ဖြစ်ကြပေ၏။

'ယား'

'ဟိုင်း'

စလျှင်စချင်းပင် မြောက်ပိုင်းကျား ဆုလျှုပေ့က ကျားလက်သည်း လက်နက်ဆန်းကို ဝှေ့ယမ်းကာ တောင်းနဂါးဝူထိုက်ကွမ်ကို ပြင်းထန်စွာ တိုက်ခိုက်ပစ်လိုက်၏။

တောင်ပိုင်းနဂါး ဝူထိုက်ကွမ်ကလည်း ဆန်းပြားသော လှံခေါး လက်နက်ဖြင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်၏။





လက်နက်နှစ်ခုမှာ ပြင်းထန်စွာ ထိခတ်ကာ တချောင်းချောင်း မြည်ဟည်းသွားရ၏။ မြောက်ပိုင်းကျား ဆုလျှုပေ့က သံချိတ်နှစ်ချောင်းကို တဝှီးဝှီး ဝေ့ယမ်းကာ ဝဲယာခွဲ၍ တိုက်ခိုက်လိုက်ပြန်၏။

တောင်ပိုင်းနဂါး ဝူထိုက်ကွမ်က လှံခေါးလက်နက်ဆန်းကို စကြာသဏ္ဍာန် ဝေ့ယမ်းကာ တိုက်ခိုက်ပစ်လိုက်၏။ လှံခေါး လက်နက်ဆန်းမှာ လေထဲတွင် လည်ပတ်ကာ အစက်အပြောက်များသဖွယ် ဖြစ်ပေါ်လျက် ရှိနေ၏။

မြောက်ပိုင်းကျား ဆုလျှုပေ့က ကျားလက်သည်းသံချိတ်တစ်စုံဖြင့် တောင်ပိုင်းနဂါး ဝူထိုက်ကွမ်၏ ပခုံးနှစ်ဖက်ကို ဟူးခနဲ ချိတ်ဆွဲပစ်လိုက်သည်။

တောင်ပိုင်းနဂါး ဝူထိုက်ကွမ်က တစ်ဖက်သို့ လွှားတက်ကာ ရှောင်တိမ်းပေးလိုက်ပြီး လှံခေါးလက်နက်ဖြင့် မြောက်ပိုင်းကျား ဆုလျှုပေ့၏ ဝမ်းဗိုက်ဆီသို့ ဖြတ်ဆွဲပစ်လိုက်၏။

မြောက်ပိုင်းကျား ဆုလျှုပေ့က ဝှီးခနဲ ဖြတ်ဝင်လာသည့် လှံခေါးကို တွေ့မြင်လိုက်ရလျှင် သံချိတ်နှစ်ချောင်းဖြင့် ညှပ်ဆွဲကာ ကာကွယ်ပေးလိုက်၏။

ထို့ပြင် ဆုလျှုပေ့က ဝူထိုက်ကွမ်၏ လှံခေါးကို သူ၏ သံချိတ်နှစ်ချောင်းဖြင့် ညှပ်ဆွဲထားလိုက်၏။ သံချိတ်များတွင် သံချိတ်အသေးကလေးများ ပါရှိကာ ထိုသံချိတ်အသေးကလေး

များက ကဏန်းလက်မများသဖွယ် ညှပ်ယူဖမ်းဆွဲထားနိုင်ပေ
သည်။

'ဂျောင်း ဂျောင်း ဂျောင်း'

မျက်စိသစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဝူထိုက်ကွမ်၏ လှံဓားလက်နက်ဆန်းမှာ ဆုလျှုပေ့၏ သံချိတ်နှစ်ချောင်းကြားတွင် ဂဟေဆော်ထားသည့်အလား ချိတ်ဆက်နေမိရလေတော့၏။

နှစ်ယောက်သား သူနိုင်ကိုယ်နိုင် အားပြိုင်ဆွဲနေမိကြ၏။ လက်နက်များမှာ ပွတ်တိုက်ကာ မီးပွင့်မီးပွားများက တဖြန်းဖြန်းပွင့်ထွက်လျက်ရှိနေသည်။

မြောက်ပိုင်းကျား ဆုလျှုပေ့က သူ၏ သံချိတ်နှစ်ချောင်းကြားတွင် တောင်ပိုင်းနဂါး ဝူထိုက်ကွမ်၏ လှံဓားလက်နက်ဆန်း ညှပ်မိနေပြီဖြစ်ရာ အားတက်ပြီး တအားဆွဲယူလျက် ရှိနေသည်။

တောင်ပိုင်းနဂါး ဝူထိုက်ကွမ်ကလည်း ရှိသမျှအတွင်းအားစုစည်းကာ သူ၏ လှံဓားလက်နက်ဆန်းကို ကျားလက်သည်း သံချိတ်နှစ်ချောင်းကြားမှ ပြန်လည်ဆွဲနှုတ်ယူရန် ကြိုးစားလျက် ရှိနေပေ၏။

အတန်ကြာလျှင် နှစ်ယောက်စလုံး ချွေးများရွဲနစ်လာကာ ငယ်ထိပ်များဆီမှ အဖြူရောင်အခိုးအငွေ့များပင် တထောင်း





ထောင်း ထွက်လာကြရ၏။ လက်နက်များမှာ အလယ်ခေါင်တွင် တန့်နေကာ အားပြိုင်လျက် ရှိနေကြရ၏။

'ဂျောင်း'

မကြာမီ ကျယ်လောင်သော အသံကြီးတစ်သံ ထွက်ပေါ်လာပြီး နှစ်ယောက်စလုံး နောက်သို့ ယိမ်းယိုင်ထွက်သွားကြရ၏။ အကြောင်းမှာ တောင်ပိုင်းနဂါး ဝူထိုက်ကွမ်၏ လှံဓားလက်နက်ဆန်းက မြောက်ပိုင်းကျား ဆုလျှုပေ့၏ ကျားလက်သည်း သံချိတ်နှစ်ချောင်းကြားမှ ကျွတ်ထွက်သွားသောကြောင့်ပင် ဖြစ်၏။

လက်နက်များ ပြန်ကွာသွားသော အချိန်မှာ အလွန်ပင် ပြင်းထန်ပေရာ နှစ်ယောက်စလုံး နောက်သို့ ငက်လက်လန် လဲကျလုမတတ် ဖြစ်သွားကြရ၏။

လှံဓားလက်နက်ဆန်းရော ကျားလက်သည်း သံချိတ်နှစ်ချောင်းပါ နီရဲကာ အပူငွေ့များ ထွက်ပေါ်လျက် ရှိနေကြသည်။

ဝူထိုက်ကွမ်နှင့် ဆုလျှုပေ့တို့က မိမိတို့၏ လက်နက်များကို စစ်ဆေးကြည့်လိုက်ကြရာ မည်သို့မျှ ပွန်းပဲ့သွားခြင်း အလျဉ်းမရှိကြောင်း တွေ့လိုက်ရတော့မှ စိတ်အေးသွားမိကြရလေသည်။

'ယား'

ချက်ချင်းပင် နှစ်ယောက်စလုံးက ရှေ့သို့ ခုန်ဝင်အော ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြန်၏။ လက်နက်ချင်း ပူးဆာပ်မိလိုက်သည်နှင့် နှစ်ယောက်စလုံး အထက်သို့ ထိုးတက်သွားကြသည်။ လူရိပ်နှစ်ရိပ်မှာ လေထဲတွင် စက်ဝိုင်းသဏ္ဌာန် လည်ပတ်သွားကြသည်။

'ထန်း ထန်း ထန်း'
'ချွမ်း ချွမ်း ချွမ်း'

လေထဲတွင် လည်ပတ်နေသော လူရိပ်နှစ်ရိပ်ဆီမှ လက်နက်ချင်း ထိခတ်သံများက နားပွင့်လုမတတ် အဆက်မပြတ် ကြားနေကြရသည်။

ကြည့်နေကြသော သူများမှာ အပူလှိုင်းကြီးများ ရိုက်ခတ်မှုကြောင့် အပူဒဏ်ခံလိုက်ကြရ၊ အအေးလှိုင်းကြီးများ ရိုက်ခတ်မှုကြောင့် အအေးဒဏ် ခံစားကြရနှင့် ရှိနေကြရလေတော့သည်။

မကြာမီ အထက်တွင် နဂါးကြီးနှစ်ကောင်သဖွယ် တဝှစ်ဝှစ်တဟူးဟူး လည်ပတ်ကာ တိုက်ခိုက်နေခဲ့ကြသည့် ဆုလျှပေ နှင့် ငူထိုက်ကွမ်တို့သလို လည်ပတ်တိုက်ခိုက်ရင်း အောက်သို့ ပြန်ကျလာကြ၏။

သူတို့နှစ်ယောက်သည် သိုင်းကွက်နှစ်ရာကျော်သည်အထိ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသော်လည်း မည်သူ့မည်သူကိုမျှ အနိုင်





မရသဖြင့် သူတို့နှစ်ယောက်၏ ပွဲမှာ သရေပွဲ ဖြစ်သွားရတော့သည်။

'မြောက်ဖိုင်းကျားကွ'
'တောင်ပိုင်း နဂါးကွ'

နှစ်ဖက်ဂိုဏ်းသားများက အော်ဟစ် အားပေးလိုက်ကြ၏။ မြောက်ပိုင်းကျား ဆုလျှပေနှင့် တောင်ပိုင်းနဂါး ငူထိုက်ကွမ်တို့က စန်းရင်သိုင်းကျောင်းတော်ဂိုဏ်းချုပ် မယ်တော်ကြီး ဖေးကင်းကို အရိုအသေပြုအော ပြိုင်ပွဲစင်မြင့်ထက်မှ လှားဆင်းသွားကြလေတော့၏။

ပထမပွဲစဉ် ပြီးဆုံးသွားလျှင် မယ်တော်ကြီး ဖေးကင်းက ဒုတိယပွဲစဉ်တွင် ယှဉ်ပြိုင်မည့်သူနှစ်ယောက်ကို ကြေငြာပေးရန် မတ်တပ်ရပ်လိုက်၏။ အားလုံးက စိတ်ဝင်စားစွာ နားစွင့်လျက် ရှိနေကြ၏။ မယ်တော်ကြီးဖေးကင်းက ထူးထူးခြားခြား စီစဉ်ပေးတတ်သည် မဟုတ်ပါလား။

မယ်တော်ကြီးဖေးကင်းက အစီအစဉ်စာလိပ်ကြီးကို ဖတ်ရှုကြည့်လိုက်ပြီ—

'ဒုတိယပွဲစဉ်မှာ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ့် သိုင်းသမားနှစ်ယောက်ကတော့ တိဗက်ပြည်ပိုလာတာ ကျောင်းတော်မှ လက်ရွေးစင်ဓားသမား တုကျိုလိန်နဲ့ ဘစ်လ ခတ္တိတောင် ဘစ်ကျုံ ကျောင်းတော်မှ လက်ရွေးစင်ဓားသမား မော်ဖိုင်စန်းတို့ ဖြစ်ကြပါတယ်'

'ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

မယ်တော်ကြီး ဖေးကင်း၏ အစီအစဉ်ကို ကြားလိုက်ရသော အခါ သိုင်းလောကသားများမှာ အထူးပင်ကျေနပ်သွားရကာ အောင်ဟစ်အားပေး၊ လက်ခုပ်များ တီးလိုက်မိကြ၏။

တိဗက်ပြည်ပိုသာတာကျောင်းတော်မှ ဓားသမားနှင့် ဘစ်လာတီတောင် ဘစ်ကျုံကျောင်းတော်မှ ဓားသမားတို့၏ ဓားပညာများကို မြင်ရခဲ့လှသည် မဟုတ်ပါလား။

တိဗက်ပြည်ပိုသာတာ ကျောင်းတော်မှ ဓားပညာသည် အလွန်ထူးခြားဆန်းကြယ်လှသလို ဘစ်လာတီတောင်ထိပ်ရှိ ဘစ်ကျုံကျောင်းတော်မှဓားပညာများကလည်း သိုင်းလောကတွင် ပြိုင်ဘက်ကင်း ဓားပညာများအဖြစ် အားလုံးက အသိအမှတ် ပြုထားကြရပေ၏။

ထို့ကြောင့်ပင် ယခုကဲ့သို့ ပိုသာတာကျောင်းတော်မှ လက်ရွေးစင်ဓားသမား တုကျိလိန်နှင့် ဘစ်ကျုံကျောင်းတော်မှ လက်ရွေးစင်ဓားသမား မော်ပိုင်စန်းတို့ ယှဉ်ပြိုင်ကြမည်ဟု ကြားလိုက်ရသည်နှင့် အားလုံးမှာ ကျေနပ်ဝမ်းမြောက်သွားမိကြရခြင်းပင် ဖြစ်ပေတော့၏။

ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည်နှင့် ပြိုင်ပွဲစင်မြင့်ထက်သို့ လူရိပ်နှစ်ရိပ်က ပျံလွှားငှက်အလား ထိုးဆင်းကျရောက်လာခဲ့ကြကာ ပရိသတ်ကို ဂါရဝပြုလိုက်ကြ၏။

နှစ်ယောက်စလုံးမှာ အသက်ဆယ့်ရှစ်နှစ်အရွယ်များဖြစ်ကြပြီး ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းသူများလည်း ဖြစ်ကြ၏။





သံမဏိကို ပုံသွန်းလောင်းထားသည့်အလား နှစ်ယောက်လုံး၏ ခန္ဓာကိုယ်များမှာ အချိုးစားကျနကာ ကျစ်လျစ်မာကျောလျက် ရှိနေကြ၏။

ပိုသာတာကျောင်းတော်မှ လက်ရွေးစင်ဓားသမား တုကျိလိန်က အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဘစ်ကျုံကျောင်းတော်မှ လက်ရွေးစင်ဓားသမား မော်ပိုင်စန်းက ကြက်သွေးရောင် သိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထား၏။

တုကျိလိန်၏ဓားမှာ နှစ်ဖက်သွားဓားဖြစ်ကာ ဖြူဝင်းသော ဓားအလင်းတန်းကြီးများက ထွက်ပေါ်လျက်ရှိနေ၏။ မော်ပိုင်စန်းဓားမှာလည်း နှစ်ဖက်သွားဓားဖြစ်ကာ ခရမ်းရောင် ဓားအလင်းတန်းများက ယှက်ဖြာဖြစ်ပေါ်လျက် ရှိနေပေ၏။

ဓားရိပ်ဓားငွေ့များက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလျက် ရှိနေ၏။ ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည်နှင့် နှစ်ယောက်စလုံးက သွက်လက်မြန်ဆန်သော ဓားချက်များဖြင့် တင်လှုပ်ရှားလိုက်ကြ၏။

ပိုသာတာကျောင်းတော်မှ တုကျိလိန်က ဟင်္သာတောင်ပံခတ် ဓားချက်နှင့် စတင်တိုက်ခိုက်လာသလို ဘစ်ကျုံကျောင်းတော်မှ မော်ပိုင်စန်းက ဝိညာဉ်မြေလျှိုဓားချက်ဖြင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားနှင်လက်မှာ ပြင်းထန်စွာခုတ်ပိုင်းမိတော့ မီးခတ်ဘက်မီး လျှံများပင် ထွက်ပေါ်သွားရ၏။ ကြည့်နေသောသူများပင် ဟာခနဲ ဟယ်ခနဲ ဖြစ်သွားကြရ၏။

'ယား'

ဘစ်ကျုံကျောင်းတော်မှ ပိုင်စန်းက မာန်သွင်းသံပြုကာ ဓားကို ဝေ့ယမ်းလိုက်လျှင် ခရမ်းရောင်ဓားအလင်းတန်းကြီး များက သက်တန့်တစ်ခုအလား ဖြစ်ပေါ်လာရ၏။ မော်ပိုင် စန်းက သက်တန့်ခုနစ်သွယ် ဓားကွက်ကို ဖော်ထုတ် တိုက်ခိုက် လိုက်ခြင်းပင် ဖြစ်ပေ၏။

ခရမ်းရောင်ဓားရိပ်ကြီး ခုနစ်ရိပ်က သက်တန့်ကြီးခုနစ်ခု သဖွယ် တုကျိလိန်၏ ကိုယ်ပေါ်သို့ အုပ်မိုးကျလာ၏။

ဤသည်ကို တွေ့မြင်လိုက်ရသည်နှင့် တုကျိလိန်က သူ၏ ဓားကို ပင့်မြှောက်ကာ သံကွန်ချာ ခုနစ်ထပ်ဓားချက်ဖြင့် ပြန် လည် ချေဖျက်ပစ်လိုက်၏။

'ထန်း ထွန်း ထန်း'

သက်တန့် ခုနစ်သွယ် ဓားချက်နှင့် သံကွန်ချာ ခုနစ်ထပ် ဓားချက်မှာ ပြင်းထန်စွာ ဆုံတွေ့မိလိုက်ကြ၏။ နှစ်ယောက် စလုံး နောက်သို့ ယိမ်းယိုင် ထွက်သွားကြရ၏။ အားရှိန်မှာ ပြင်းထန်လွန်းလှရာ နှစ်ယောက်စလုံး လွင့်စဉ်လဲကျလုမတတ် ဖြစ်သွားကြရ၏။

ပိုလာတာကျောင်းတော်မှ တုကျိလိန်က ဖြူဝင်းတောက်ပ နေသော ရတနာဓားကို ကန့်လန့်ဖြတ် ကိုင်လိုက်သလို ဘစ်ကျုံ





ကျောင်းတော်မှ မော်ပိုင်းစန်းက ခရမ်းရောင်ဓားကို အောက် သို့ နှိမ့်ကာ ခပ်စွေစွေ ကိုင်ထားလိုက်၏။

'ယား'

ရှတ်ဘရက် ပိုလာတာကျောင်းတော်မှ တုကျိလိန်က မာန် သွင်းသံ ပြုလိုက်ကာ ရှေ့သို့ လူရောဓားပါ လွှားဝင်ပြီး တိုက် ခိုက်ပစ်လိုက်၏။

သူ အသုံးပြုသော ဓားကွက်မှာ ဘုန်းတော်ကြီးတံနိုးပြိုင် ဓားချက်ပင် ဖြစ်၏။ သူ၏ ဖြူဝင်းတောက်ပနေသော ဓားမှ ဖြူဝင်းသော ဓားအလင်းတန်းကြီးများ ထွက်ပေါ်လာရကာ မော်ပိုင်စန်း၏ ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များ အလား ထပ္ပဲဖွဲ့ ကျရောက်သွားကြ၏။

ဤသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဘစ်ကျုံကျောင်းတော် မှ ဓားသမား မော်ပိုင်စန်းက သူ၏ဓားကို ဟူးခနဲ ဝှေ့ယမ်း ကာ ဘစ်လုံတီတောင်ကြီး ရွှေ့ပြောင်းဓားချက်ဖြင့် တန်ပြန် တိုက်ခိုက်ပစ်လိုက်၏။

မော်ပိုင်စန်း၏ ခရမ်းရောင် ဓားရိပ်ဓားငွေ့များတစည်း တုကျိလိန်ကိုယ်ပေါ်သို့ ကြယ်များ ကြွေကျသည်အလား ကျ ရောက်သွားကြ၏။ နှစ်ယောက်စလုံး အထက်သို့ ထိုးတက်ကာ တိုက်ခိုက်လိုက်ကြ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

'ဝှီ ဝှီ ဝှီ'

'ဝှစ် ဝှစ် ဝှစ်'

နှစ်ယောက်သား အော်ဟစ် တိုက်ခိုက်သံများနှင့် အတူ ဓားလေတိုးသံများကလည်း ကြောက်ခမန်းလိလိ ထွက်ပေါ် လာရ၏။

ဓားစက်ဝိုင်းကြီးနှစ်ခုအကြားတွင် လူရိပ်နှစ်ရိပ်က တစ်ဟုန်ထိုး ပြေးလွှားတိုက်ခိုက်လျက် ရှိနေကြ၏။ ဓားကွက် တစ်ရာ ကျော်လာသည့်တိုင် တစ်ယောက်ကိုတစ်ယောက်အနိုင်ရအောင် တိုက်ခိုက်နိုင်စွမ်း မရှိသေးပါချေ။

တစ်ယောက်ကိုတစ်ယောက် ထိခိုက်အောင် တိုက်ခိုက်ရန် မဆိုထားနှင့်။ အင်္ကျီစကလေးကိုပင် ထိအောင် တိုက်ခိုက်နိုင်စွမ်း မရှိကြသေးချေ။ နှစ်ယောက်စလုံးက အစွမ်းကုန် ကြိုးစားကာ တိုက်ခိုက်လျက် ရှိနေကြပေ၏။

ရုတ်တရက် မော်ပိုင်စန်းက နဂါးမြေလူး ဓားချက်ဖြင့် တုကျိလိန်၏ကိုယ်အောက်ပိုင်းကို ခုတ်ပစ်လိုက်ရာ တုကျိလိန်က အထက်သို့ လွှားတက်ရင်း နတ်သမီးပန်းကြဲ ဓားချက်ဖြင့် တုံ့ပြန် တိုက်ခိုက်ပစ်လိုက်၏။

နတ်သမီးပန်းကြဲ ဓားချက်ကို မော်ပိုင်စန်းက နောက်သို့ ခြေတစ်လှမ်း အသာ ဆုတ်ပေးလိုက်ရင်း နဂါးငါးကော် သိုင်းကျောင်းဆောင်ဓားချက်ဖြင့် ချေဖျက်ပစ်လိုက်၏။

'ချွမ်း'

မကြာမီ ဓားနှစ်လက်မှာ ဂယောဆော်သည့်အလား ပူးကပ် သွားမိကြရ၏။ နှစ်ယောက်စလုံးက ဓားသွားတစ်လျှောက် အတွင်းအားထည့်ကာ ဆိုင်တွန်းထားလိုက်ကြ၏။





ပုံသဏ္ဌာန်အားဖြင့် လိပ်ပြာနှစ်ကောင် တူပြိုင်ဓားကွက်ကို ပြိုင်တူ သုံးလိုက်သဖြင့် ယခုလို ဓားနှစ်လက်မှာ တစ်ပြားတည်း ထင်မှတ်ရအောင် ပူးကပ်သွားမိကြရခြင်းပင် ဖြစ်ပေတော့၏။

ဓားနှစ်လက်မှာ ဖြူဖွေးသော အခိုးအငွေ့များ ထွက်ပေါ် နေသကဲ့သို့ မော်ပိုင်စန်းနှင့် တုကျိလိန်တို့မှာလည်း ချွေးသီး ချွေးပေါက်ကြီးများ ကျဆင်း နေကြရလေတော့၏။

နှစ်ယောက်စလုံးက ဓားများကို အားနှင့် တွန်းထားမိကြ၏။ သို့သော် ဓားနှစ်လက်က ပူးယှက်နေသည့် အနေအထားမှ မရွေ့လျားဘဲ ရှိနေကြရ၏။

သူတို့သည် လက်ဝါးနှစ်ဖက်ဖြင့် ကျောက်တောင်ကြီး တစ်တောင်ကို ရွေ့လျားသွားအောင် တွန်းနေကြသကဲ့သို့ ဖြစ်နေကြရ၏။ ထို့ကြောင့် မည်သို့မျှမတတ်နိုင်သည့်အဆုံး ဓားများကို ပြန်ရုပ်ကာ နောက်သို့ ခုန်ဆုတ်လိုက်ကြရလေတော့၏။

ချက်ချင်းပင် နှစ်ယောက်စလုံးက ရှေ့သို့ ပြန်တက်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြ၏။

တုကျိလိန်၏ ဖြူဝင်းသော ဓားချက်က လျှပ်ပြက်သလို ဖြစ်ပေါ်လာကာ မော်ပိုင်စန်း၏ ရင်ဝဆီသို့ ဟူးခနဲ ကျဆင်း သွား၏။

မော်ပိုင်စန်းက သူ၏ ခရမ်းရောင်ဓားကို ရင်ရှေ့တွင် ကန့်လန့်ဖြတ် ကာလိုက်ရုံမျှဖြင့် တုကျိလိန်၏ ဖြူဝင်း တောက်ပနေသော ဓားမှာ တစ်ဖက်သို့ လွဲချော်ထွက်သွားရ၏။

မောင်ပိုင်စန်းက အခွင့်အရေးကို လက်လွှတ်မခံဘဲ ဟာကွက် ဖြစ်ပေါ်သွားသော တုကျုံလိန်၏ဘယ်ဘက်နံကြားသို့ခြေဦးကို ထိုးသွင်းပစ်လိုက်၏။

ရှေ့သို့လောကြီးကာ တိုက်ခိုက်မိလိုက်သည့် တုကျုံလိန်က သူ၏အမှားနှင့်ဟာကွက်ကိုချက်ချင်းသတိထားမိလိုက်ကာ သူ၏ဖြူဝင်းသောခြေကို ဘယ်ဘက်အောက်သို့ ဖြတ်ဆွဲပစ်လိုက်သည်။

'ထန်း'

ကံကောင်းထောက်မစွာဖြင့် သူ့ခြေက နံကြားသို့ထိုးသွင်းလာသည့် မောင်ပိုင်စန်း၏ခြေကို ခတ်ထုတ်မိလိုက်လေတော့သည်။

သို့မဟုတ်ပါက သူ၏ဘယ်ဘက်နံကြားတွင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်သွားရမည်မှာ သေချာ လှပေတော့သည်။

တုကျုံလိန်က ခြေ ခြေချင်း ကာပေးလိုက်သည့် အဖြစ်ကြီးကြာခြေကနီချက်နှင့်ပါ မောင်ပိုင်စန်းကို ပြင်းထန်စွာ ဆန့်ထုတ်ပစ်လိုက်၏။

မောင်ပိုင်စန်းက တုကျုံလိန်၏ ခြေကန်ချက်ကို ရှောင်တိမ်းပေးလိုက်ပြီး သူ၏လက်ဝါးကို ရှေ့သို့ ဆန့်ထုတ်ပစ်လိုက်လေသည်။

'ဝုန်း'





တုကျုံလိန်ကလည်း လက်ဝါးတစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ပစ်လိုက်ရာ လက်ဝါးချင်းဆုံတွေ့ကာ ဝုန်းခနဲမြည်ဟည်းသွားရ၏။

လက်ဝါးချင်း ကွာထွက်သွားသည်နှင့် ခြေချက်များကို အသုံးပြုလိုက်ပြန်၏။

မကြာမီ ခြေကွက်နှစ်ရာကျော်ကာ သူတို့နှစ်ယောက်၏ပြိုင်ပွဲကို မယ်တော်ကြီးပေးကင်းက အချက်ပေးပြီး ရပ်တန့်စေလိုက်၏။

သူတို့နှစ်ယောက်သည် ခြေကွက် နှစ်ရာကျော်သည် အထိ အကြိတ်အနယ်ယှဉ်ပြိုင်တိုက်ခိုက်ကြသော်လည်း အနိုင် အရှုံး အဖြေမပေါ်သဖြင့် သရေပွဲဖြစ်သွားကြရလေတော့၏။

ပရိသတ်များမှာ သူတို့နှစ်ယောက်၏ခြေကွက်ခြေချက်များကို ကြည့်ကာ အတော်ကလေး သဘောကျသွားကြရ၏။

မောင်ပိုင်စန်းနှင့် တုကျုံလိန်တို့စာ ပရိသတ်များကို ဂါရဝပြုကာ စင်ပေါ်မှ လှမ်းဆင်းသွားကြလေတော့၏။